Arakan post
ရခိုင်သတင်းစဉ်

Monthly Journal ဖေဖော်ဝါရီလ ၂၀၁၁ တပို့တွဲလ ၁၃၇၂ အတွဲ ၄ အမှတ် ၄

ကွန်မြူနစ်တရွေ့နှင့်ဖက်ဆစ်သရဲ



တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေးရရှိရန် အရေးကြီးကြောင်း ဒေါ်စုပြော

၁၂၊ ၀၂၊ ၁၁

မြန်မာနိုင်ငံတွင် တိုင်းရင်းသားများအားလုံး တန်းတူအခွင့်အရေး ရရှိဖို့နှင့် နိုင်ငံရေးတွင် တိုင်းရင်းသား အားလုံး ပါဝင်ခွင့်ရရှိရန် အရေးကြီးကြောင်း ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့တွင် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်သည်။

အဆိုပါ ပြောဆိုမှုကို ရန်ကုန်ပြို့ □ □ ရုံး ချုပ်တွင် ပြုလုပ်ခဲ့သော ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ပြောဆိုလိုက်ခြင်း ဖြစ်သည်။

အခမ်းအနားကို ဦးဝင်းတင်နှင့် ဗဟိုအလုပ်အမှုဆောင်များအပါအဝင် အမေရိကန်၊ ဩဘိနိစ်သော နိုင်ငံတကာသံတမန်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ □ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဝင်များနှင့် ပါရဂူနိုင်ငံရေးသမားကြီးများ တက်ရောက်ခဲ့ကြသည်ဟု သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုစိတ်ဓါတ်၊ ပင်လုံစိတ်ဓါတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားရင်ကြားစေ့ရေး အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံရေးအရ အဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေး အပြန်အလှန် ကျင်းပနိုင်ရေးနှင့် သံယောဇော်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကျောင်းသား ခေါင်းဆောင်များ အပါအဝင် နိုင်ငံရေး အကျဉ်းသား

စာမျက်နှာ ၂ ကော်လံ ၁

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဖက်ဒရယ် ကောင်စီဖွဲ့စည်းပြီ

ဖက်ဒရယ်ပြည်ထောင်စု ကောင်စီတွင်ပါဝင်သော □□□တပ်မတော်သားများ

၁၃၊ ၀၂၊ ၁၁

ပြည်တွင်း ပြည်ပမှ တိုင်းရင်းသား အဖွဲ့အစည်းများစုပေါင်းပြီး တိုင်းရင်းသားဖက်ဒရယ် ကောင်စီသစ်ကို လွတ်မြောက်နယ်မြေတနေရာတွင် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ထိုင်း-မြန်မာနယ်စပ် တစ်နေရာတွင် ဇေဖော်ဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သော တိုင်းရင်းသား ညီလာခံတွင် ''ညီ

စာမျက်နှာ ၂ ကော်လံ ၂

မျိုးချစ်ရဲဘော် ၃၄ ဦး လွတ်မြောက်ရေး အဖွဲ့အစည်း ၃၈ ဖွဲ့က တောင်းဆို

အင်္ဂလန်တွင် ဆန္ဒပြတောင်းဆိုနေစဉ်

မင်းဆက်နိုင်

၁၂၊ ၀၂၊ ၁၁

အခွင့်ယ နိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသော ရခိုင်-ကရင် တော်လှန်ရေးသမား ၃၄ ဦး လွတ်မြောက်ရေး အတွက် နိုင်ငံပေါင်း ၁၈နိုင်ငံတွင် ရှိသော အဖွဲ့အစည်း ၃၈ ဖွဲ့က ဇေဖော်ဝါရီလ ၁၁ ရက်နေ့က အိန္ဒိယ အစိုးရနှင့် ယူအန်ကို စာရေး တောင်းဆိုလိုက်ကြကြောင်း သိရသည်။

အဆိုပါ ၃၄ဦး လွတ်မြောက်ရေး အတွက် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ အဖွဲ့အစည်း ၃၈ဖွဲ့မှ ထုတ်ပြန် ကြေငြာချက် တစ်စောင် ထုတ်ပြန်ပြီး အိန္ဒိယအစိုးရနှင့် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (□) ထံသို့ တောင်းဆိုစာများကို ပေးပို့ခဲ့ကြကြောင်း ။။

စာမျက်နှာ ၂ ကော်လံ ၁

''ရှင်သန်နိုးထအာရဂ္ဂ'' နှင့် ''တွဲလက်ဂရုဏာ''ဖြေဖျော်ပွဲမှ ရရှိသောရံပုံငွေများကို ဂီရိဒုက္ခသည်များကို လူဒါန်းလိုက်ပြီ

စစ်တွေ ဆိပ်ကမ်းသစ်ကြောင့် သနိုင်းဝင် မင်းကြီးကျေးကျွက်တန်း ပျက်စီး ပျောက်ကွယ်သွားတော့မည်

ကျောက်တော်ပြို့ ဆိပ်ကမ်းတစ်လျှောက်ရှိ နှစ်ချို့ပင်များ ခုတ်ပစ်မည်ဆို၍ ပြို့လူထု ဝိုးရိမ်

Published by Narinjara News Group

Arakan Post
Monthly Journal
ရခိုင်သတင်းစဉ် □□□□□□□□ 201

တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေး ရရှိရန်မှ အဆက်

အားလုံး ခြွင်းချက်မရှိ အမြန်ဆုံး လွတ်ပေးရန် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ကြေငြာချက် ထုတ်ပြန် တောင်းဆိုခဲ့သည်။

အခမ်းအနားတွင် ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ ဝတ္ထုတိုများ ပြသထားသော နံရံကတ်ပိုစတာပြပွဲများအပြင် ကရင်ဒုံးယိမ်းအက၊ အိုးစည်အကများဖြင့် ဖြေဖျော်ခဲ့ကြသည်ဟု သိရသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ဖက်ဒရယ် ကောင်စီဖွဲ့

ညွှတ်သော တိုင်း ရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီသစ်''ကို ဖွဲ့စည်းလိုက် ခြင်း ဖြစ်သည်။

ကရင် မျိုးသားအစည်းအ ရုံး (□ ၊ ကချင် လွတ်မြောက် ရေးအဖွဲ့ (□ နှင့် ချင်း၊ ပ လောင်၊ ပအိုဝ်း၊ ကရင်နီ၊ မွန်၊ ရခိုင် စသော တိုင်းရင်းသား အဖွဲ့အစည်း ၁၅ ဖွဲ့မှ ကိုယ်စား လှယ် ငါးဆယ်ကျော် တက်ရောက် ခဲ့သည့် တိုင်းရင်းသား ညီလာ ခံတွင် တိုင်းရင်းသားများအရေးကို ဆောင်ရွက်ရန် ထိုသို့ ဖွဲ့စည်းရ ခြင်း ဖြစ်ကြောင်း တိုင်းရင်းသား ခေါင်းဆောင်များက ထုတ်ဖေါ်ပြော ဆိုသည်။

ညီညွတ်သော တိုင်းရင်း သားလူမျိုးများ ဖက်ဒရယ်ကောင်စီ တွဲဘက်အထွေထွေ အတွင်းရေးမှူး ဖိုလ်မှူးကြီး ခွန်ဥက္ကာက ''အခု အချိန်မှာ တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကို ဖွဲ့စည်းတာက ပုံစံအမျိုးမျိုးနဲ့ တည်ရှိလှုပ်ရှား နေကြတဲ့ တိုင်းရင်းသားအင်အားစု တွေအနေနဲ့ စစ်ရေးအရရော၊ နိုင်ငံ ရေးအရရော ညီညီညွတ်ညွတ် စု ပေါင်းပြီး လက်တွဲလုပ်ဆောင်နိုင် ဖို့နဲ့ တိုင်းရင်းသား လူမျိုးတွေ နေ ထိုင်နေကြတဲ့ နယ်မြေတွေအတွင်း က လူမျိုးအသီးသီးကို ခုခံ ကာ ကွယ်ဖို့ ရည်ရွယ်တာဖြစ်တယ်''ဟု သတင်းဌာနများသို့ ပြောသည်။

တိုင်းရင်းသား ဖက်ဒရယ် ကောင်စီကို တိုင်းရင်းသားတို့ ၏ တရားသော ခုခံတော်လှန်ရေးကို တရားဝင် အသိအမှတ်ပြုမှု ပိုမိုရရှိ စေရေးနှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနှင့် အဖြေရှာရေး စ သည့် အခြေခံမူဝါဒများနှင့် ဖွဲ့စည်း ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားများ ဖက်ဒ ရယ်ကောင်စီတွင် □ □ အဖွဲ့ စစ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မူဝူးစေး ဖောက ဥက္ကဋ္ဌ၊ □ အဖွဲ့မှ ဒု တိယဗိုလ်ချုပ်ကြီး ဂေါ်ရီဇော်ဆိုင်း နှင့် ကရင်နီ အမျိုးသားတိုးတက် ရေးပါတီမှ ဦးအေဘယ်တွစ်တို့က ဒုဥက္ကဋ္ဌများအဖြစ် တင်မြောက်ခဲ့ ကြသည်ဟု သိရသည်။

ရခိုင်ဘက်မှ ရခိုင်ပြည် အမျိုးသား ညီညွတ်ရေး ပါတီ (အန်ယူပီအေ)မှာ အဆိုပါ ဖက်ဒ ရယ်ကောင်စီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာကြောင်း သိရသည်။

ရခိုင်စာပေသင်ကြားခွင့်ရရေးလွှတ်တော်တွင် ရတပ တင်သွင်းမည်မှ အဆက်

ဖြို့နယ် အမှတ်(၂) ပြည် နယ်လွှတ်တော် အမတ်လည်းဖြစ် သော ဦးအောင်မြကျော်က သူတို့ပါတီမှ လွှတ်တော်တွင် ပထမဆုံး တင် သွင်းမည့် အစီအစဉ်ကို ယခုကဲ့သို့ ပြောသည်။

''ကျွန်တော်တို့ ဆုံးဖြတ် ထားတာက ပထမဆုံး လွှတ်တော် မှာ ရခိုင်စာပေကို ရခိုင်ပြည်နယ် က မူလတန်းကျောင်းတွေမှာ သင် ကြားခွင့်ရရေးကို တင်သွင်းမှာ ဖြစ် ပါတယ်။ ဒါကို ပထမဆုံး ဦးစား ပေးအနေနဲ့ ရခိုင်ပြည်နယ် လွှတ် တော်မှာ တင်သွင်းသွားမှာ ဖြစ်ပါ တယ်''။

ရခိုင်ပြည်နယ်အတွင်း အစိုး ရ မူလတန်းကျောင်းများတွင် ရခိုင် စာပေ သင်ကြားခွင့်ရရေးအတွက် တဖက်မှ ပြည်နယ်လွှတ်တော်တွင် ကြိုးစားဆောင်ရွက်သွား မည်ဖြစ် သကဲ့သို့ ရခိုင်စာပေသင်ကြားရေး အတွက် အားလုံးလက်ခံနိုင်သော ကျောင်းသုံးစာအုပ် ဖြစ်ပေါ်လာရေး အတွက်လည်း အသိပညာရှင်၊ အ တတ်ပညာရှင်များနှင့် တိုင် ပင်ညှိ နိုင်းပြီး ဆောင်ရွက်သွားမည် ဖြစ် ကြောင်း သူက ပြောသည်။

'' အခု ကျွန်တော်တို့ ပါ တီအနေနဲ့ ရခိုင်စာပေ ပေါ်ပေါက် ရေးအတွက် ရခိုင်စာပေ ပညာရှင် တွေနဲ့ တိုင်ပင်ညှိနိုင်းနေပါတယ်။ ပြည်တွင်း ပြည်ပမှာရှိနေကြတဲ့ ရ ခိုင် ပညာရှင်တွေဆီကလည်း အ ကြံအဉာဏ်တွေရယူပြီး ပေးပေါင်း ဆောင်ရွက်သွားမယ်။ တပြည်နယ် လုံး လက်ခံနိုင်တဲ့ ကျောင်းသုံး စာ အုပ်မျိုးဖြစ်အောင် အားလုံးနဲ့ ပူး ပေါင်း ဆောင်ရွက်သွားပုံမယ်'' ဟု သူက ပြောသည်။

ရခိုင်ပြည်နယ် လွှတ်တော် တွင် ရခိုင်တိုင်းရင်းသားများ တိုး တက်ရေးပါတီ (ရတပ)မှ အမတ် ၁၈ နေရာရရှိထားပြီး ကြိုခိုင်ရေး က ၃၃ နေရာ ရရှိထားကာ တပ်မ တော်က ၁၂ နေရာ ပါဝင်လာမည် ဖြစ်သော်လည်း ရခိုင်ပြည်နယ် လွှတ်တော်တွင် အမတ်ဦးရေ အ များဆုံးမှာ ရတပ ပါတီသာ ဖြစ်နေ သဖြင့် ပြည်နယ်ကောင်းကျိုးအ တွက် အများကြီး ဆောင်ရွက် လုပ် ကိုင်နိုင်မည်ဟု မျှော်လင့်ထား ကြောင်း သူက ပြောသည်။

မျိုးချစ်ရဲဘော် ၃၄ ဦး လွတ်မြောက်ရေး အဖွဲ့အစည်း ၃၈ ဖွဲ့က တောင်းဆိုမှ အဆက်

□ မှ □ □□ □ မမေရီ လှက ယခုကဲ့သို့ ပြော သည်။

''ဟုတ်ပါတယ်။ ကျမတို့ နိုင်ငံပေါင်း ၁၈နိုင်ငံမှာရှိတဲ့ တိုင်း ရင်းသား အဖွဲ့အစည်းတွေနဲ့ တ ခြား နိုင်ငံရေး အဖွဲ့အစည်းတွေက ရခိုင်နဲ့ ကရင် မျိုးချစ်တော်လှန် ရေးသမား ၃၄ဦး လွတ်မြောက်ရေး အတွက် တောင်းဆိုစာကို အိန္ဒိယ အစိုးရနဲ့ □ □ ရုံးဆီကို ပေးပို့ ခဲ့ကြပါတယ်။ အဓိက ကျမတို့ တောင်းဆိုတာတွေက သူတို့ကို ဒုက္ခသည်တွေအဖြစ် ယူအန်က အ သိအမှတ်ပြုပေးဖို့နဲ့ သူတို့ တတိ ယနိုင်ငံတခုခုမှာ အခြေချနိုင်ဖို့အ တွက် ဆောင်ရွက်ပေးဖို့ ဖြစ်ပါ တယ်။''

တောင်းဆိုစာများကို အင် လန်၊ အမေရိကန်၊ ကနေဒါ၊ နယူး ဇီလန်၊ ဩစတေးလျ၊ အိုင် ယာ လန်၊ ချက်၊ ဩစတြီးယား။ ပြင် သစ်၊ နော်ဝေ၊ ဂျာမနီ၊ ဆွီဒင်၊ တောင်အာဖရိက၊ ဂျပန်၊ တောင် ကိုးရီးယား။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှင့် ထိုင်းနိုင်ငံများတွင် ရှိသော အဖွဲ့အစည်း ၃၈ဖွဲ့မှ ပေးပို့ခဲ့ခြင်း ဖြစ်သည်။

၃၄ဦး လွတ်မြောက်ရေး အတွက် အင်လန်နိုင်ငံရှိ အိန္ဒိယ သံရုံးရှေ့တွင် ပြုလုပ်သော ဆန္ဒပြ တောင်းဆိုပွဲတွင် နိုင်ငံခြားသားများ အပါအဝင် လူပေါင်း ၆၀ကျော် တက်ရောက်ခဲ့ကြောင်း မမေရီလှ က ဆက်ပြောသည်။

''ဒီနေ့ ကျမတို့ အင်လန် မှာရှိတဲ့ အိန္ဒိယသံရုံးရှေ့မှာ မနက် ၁၀နာရီကနေ ၁၁နာရီအထိ ပြုလုပ် ခဲ့ပါတယ်။ □□□ ? □ □□ □□ □□ က ကိုယ်စားလှယ် တွေက အကျဉ်း ချခံထားရတဲ့ သူရဲကောင်း ၃၄ယောက်ကို အပြန် ဆုံး လွတ်ပေးဖို့နဲ့ မြန်မာပြည်ကို ပြန်မပို့ဖို့အတွက် တောင်းဆိုတဲ့ စာကို သံရုံးဝန်ထမ်း တယောက် ဆီကနေတဆင့် အိန္ဒိယသံအမတ် ကြီးဆီကို ပေးပို့ခဲ့ပါတယ်။ အင် လန်မှာရှိတဲ့ တိုင်းရင်းသား အဖွဲ့ အစည်းတွေ၊ ဒီမိုကရေစီရေးလှုပ် ရှားနေတဲ့ အဖွဲ့အစည်းတွေက လူတွေနဲ့ မြန်မာပြည် အရေး အတွက် လှုပ်ရှားနေတဲ့ နိုင်ငံခြား သားတွေ စုရုပေါင်း ၆၀ ကျော် တက်ခဲ့ကြပါတယ်။''

ၦင်းအပြင်'' အခုက နိုင်ငံ တော်တော်များများမှာ ရှိတဲ့ အဖွဲ့အ စည်းတွေ အများကြီးက ပါဝင်လှုပ် ရှားတဲ့အတွက် အခုလှုပ်ရှားမှုက အောင်မြင်မယ်လို့ ကျမတို့ ယုံ ကြည်ပါတယ်။ ပြီးတော့ သူတို့ ကျခံရမယ့် ပြစ်ဒဏ်တွေလည်း ပြီး ဆုံးသွားပြီ ဒဏ်ငွေ တယောက်စီ ရှုပီ ၆၀၀၀ ဆိုတာလည်း ပေးခဲ့ပြီး ပါပြီ။ ဒါကြောင့် သူတို့ လွတ် မြောက်ဖို့အချိန် တန်နေပါပြီ။'' ဟု ဆက်ပြောသည်။

အဆိုပါ နိုင်ငံပေါင်း ၁၈ နိုင်ငံထဲမှ နိုင်ငံတချို့တွင် ၃၄ဦး လွတ်မြောက်ရေးအတွက် တောင်း ဆိုဆန္ဒပြပွဲများကို သက်ဆိုင်ရာ အိန္ဒိယသံရုံးရှေ့တွင် ပြုလုပ်ခဲ့ကြ သည်။

အိန္ဒိယနိုင်ငံတွင် ပြုလုပ်ခဲ့ သော ဆန္ဒပြတောင်းဆိုပွဲနှင့် ပတ် သက်၍ ဦးဆောင်ပါဝင်သူတဦး ဖြစ်သူ ကိုကား(မဲ)က ယခုကဲ့သို့ ပြောသည်။

''ဆန္ဒပြပွဲကို မနက် ၁၁ နာရီကနေ ၁၂ နာရီခွဲအထိ ပြုလုပ် ခဲ့ပါတယ်။ ရဲဘော် ၃၄ဦးကို အပြန် ဆုံး ပြန်လွှတ်ပေးဖို့အတွက် ကြွေး ကြော်ပြီး တောင်းဆို ဆန္ဒပြခဲ့ကြပါ တယ်။ ပြီးတော့ ၃၄ ဦးရဲ့ အမှု တွေဟာ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း က ပြီးစီးသွားပြီဖြစ်တဲ့အတွက် အခု သူတို့မှာ ဘာမှ စွပ်စွဲထားတဲ့အမှု တွေမရှိပါဘူး။ ပြီးတော့ ယူအန်က လည်း အင်တာပျူးတွေ ပြီးစီးသွား ပြီးဖြစ်တဲ့အတွက် သူတို့ကို လွှတ် ပေးဖို့ အတွက် တောင်းဆိုစာတ စောင်ကို အိန္ဒိယနိုင်ငံကြီးချုပ်ဆီကို ပေးပို့ခဲ့သလို ဒီ ၃၄ ဦးဟာ အ ကြမ်းဖက်သမားတွေ မဟုတ်ပါဘူး။ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေး အတွက် တိုက်ပွဲဝင်နေတဲ့ ရဲဘော် တွေပါ။ ဒီအတွက် သူတို့ကို ဒုက္ခ သည်တွေအဖြစ် အသိအမှတ် ပြု ပေးဖို့ □ ရုံးချုပ်ဆီကိုလည်း တောင်းဆိုစာ တစောင်ကို ပေးပို့ ခဲ့ပါတယ်။

အဆိုပါ အိန္ဒိယတွင် ပြုလုပ် သော ဆန္ဒပြပွဲကို အိန္ဒိယတွင် ရောက်ရှိနေကြသော ရခိုင် အသိုင်း အဝန်းများ၊ တခြား မြန်မာနိုင်ငံ သားများနှင့် ဒေသခံပြည်သူ စုစု ပေါင်း ၄၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြ သည်ဟု သိရသည်။

မြန်မာ နယ်စပ်အနီးရှိ ကော့စ်ဘာဇားပြို့ရှိ သတင်း ထောက်များအသင်း ရုံးရှေ့တွင် ဖေ ဖေါ်ဝါရီလ ၁၁ ရက်နေ့က ဆန္ဒပြ ပွဲတရပ် ပြုလုပ်ခဲ့ကြသည်။

ဆန္ဒပြပွဲကို ဦးဆောင်စီစဉ် သူတဦးဖြစ်သည့် ကိုခိုင်စိုးက ဆန္ဒ ပြပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက် ကို ယခုကဲ့သို့ ပြောသည်။

'ဒီနေ့ ကျွန်တော်တို့ ဆန္ဒပြ ရတဲ့ ရည်ရွယ်ချက်ကတော့ ဒီလိုပါ။ (၁) အကျဉ်းသားများကို ခြွင်းချက် မရှိ ချက်ချင်း လွှတ်ပေးရေး။ (၂) □ မှ ဒုက္ခသည်အဖြစ် အ မြန်ဆုံး အသိမှတ်ပြုပေးရေး။ (၃) လုံခြုံတဲ့ နိုင်ငံတခုခုမှာ ခိုလှုံခွင့်ပေး ရေး စသည်တို့အတွက် တောင်းဆို ဆန္ဒပြရတာဖြစ်ပါတယ်'' ဟု ပြော သည်။

အဆိုပါဆန္ဒပြပွဲတွင် ရခိုင် ဒီမိုကရေစီအင်အားစုနှင့် ဘင်္ဂလား ဒေ့ရှ်ဒေသခံ ကျောင်းသား ၃၀ ခန့် ပါဝင်ခဲ့ပြီး အကျဉ်းသား ၃၄ ဦး လွတ်မြောက်ရေးအတွက် အင်တိုက် အားတိုက် ကြေးကြော်ကာ ဆန္ဒပြခဲ့ ကြသည်။

ရခိုင်–ကရင်တော်လှန်ရေး သမား ၃၄ ဦးကို □ □ က ကာလကတ္တားထောင်ထဲထိ သွား ရောက်ပြီး ၂၀၁၀ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့မှ ဇန္နဝါရီလ ၂၅ ရက် နေ့အထိ အင်တာပျူးများ ပြုလုပ်ခဲ့ သော်လည်း အသိအမှတ် ပြမပြုကို ယခုအချိန်ထိ ထုတ်ပြန်ခြင်း မရှိ သေးကြောင်း သိရသည်။

ရခိုင်ပြည် လွတ်လပ်ရေးလမ်းစဉ်ယတိပြတ်မှ အဆက်

လံတော်နှင့် □ ပါတီ အလံတော် အား ဝေ့ရမ်းကာ ရခိုင်စစ်ချီတေး ကို ဖွင့်လှစ်၍ အဆုံးသတ်ခဲ့ကြေ ကြောင်း သိရသည်။

ရခိုင်ပြည် လွတ်မြောက်ရေး ပါတီကို ၁၉၆၈ ခုနှစ် ပတ်ဝန်း ကျင်က ရန်ကုန်တွင် စတင်ဖွဲ့စည်း ခဲ့ပြီး ၁၉၇၃–၇၄ ခုနှစ်တွင် ကရင် အမျိုးသားအစည်းအရုံး နယ်မြေ တွင် ဥက္ကဋ္ဌကြီး ခိုင်မိုးလင်းက ပြန် လည် ထူထောင်ဖွဲ့စည်းခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ဥက္ကဋ္ဌကြီး ခိုင် မိုင်းလင်း အာဇာနည်ပီသစွာဖြင့် ချင်းပြည်နယ် တနေရာတွင် ပမာ စစ်တပ်နှင့် တိုက်ခိုက်စဉ် ကျဆုံး သွားခဲ့ပြီး လက်ရှိကျန်နေခဲ့သော ပါတီ ဥက္ကဋ္ဌ ခိုင်ဝဲခိုင်နှင့် ပါတီ ဒု ဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင်က ပါတီကို ပြန်လည် ထူထောင်ခဲ့သည်။ ရခိုင် ပြည် လွတ်မြောက်ရေးပါတီမှာ ရ ခိုင် လွတ်လပ်ရေးအတွက် လက် နက်ကိုင်နေသော ရခိုင်ပြည်မှ အင် အားအကြီးဆုံးနှင့် စည်းလုံးညီညွတ် မှု အတောင့်တင်းဆုံး ပါတီတရပ် ဖြစ်သည်။

ပါတီ၏ လက်ရှိ ခေါင်း ဆောင်များမှာ ဥက္ကဋ္ဌ ခိုင်ဝဲခိုင်၊ ဒု ဥက္ကဋ္ဌ (၁) ခိုင်စိုးနိုင်အောင်၊ ဒု ဥက္ကဋ္ဌ (၂) ခိုင်မိုးမင်း။ အထွေထွေ အတွင်းရေးမှူး အောင်မိုး၀ေ(ဇော်) စောမြရာဇာလင်း။ တွဲဘက်အတွင်း ရေးမှူး(၁) ခိုင်ရန်နောင်စိုး။ တွဲဘက် အတွင်းရေးမှူး (၂) ခိုင်သုခတို့ ဖြစ် ကြသည်။

နေတိုးအကယ်ဒမီရပြီ

ပီးပွားကရင်း။ အမျိုးသမီး ဇာတ်ပို့ ဆုကို ''မိုးညအိပ်မက် ဖြူ'' ဇာတ်ကားမှ စိုးပြည့်သဇင်က ရင်း။ ဇာတ်ညွှန်းဆုကို ''ကြိုးကြာ တောင်ပံဆတ်သံ'' ဇာတ်ကားဖြင့် မြင့်ဦးဦး မြင့်ကရင်း၊ တေးဂီတ ဆုကို ''ဇော်က ကနေသည်'' ဇာတ်ကားဖြင့် ဒီရာမိုရိုကရင်း၊ တည်းဖြတ်ဆုကို ''ကျောက်စ က်ရေ'' ဇာတ်ကားဖြင့် ဇော်မင်း (ဟံသာမြေ)ကရင်း။ အသံ ဆုကို ''အတိတ်ရဲ့အရိပ်'' ဇာတ်ကား ဖြင့် ဆန်းဦးနှင့် အဖွဲ့ကရင်း။ ဓါတ် ပုံဆုကို ''အတိတ်ရဲ့အရိပ်'' ဇာတ် ကားဖြင့် ကိုကိုဌေးနှင့်အဖွဲ့ကရင်း အသီးသီး ရရှိသွားခဲ့သည်။

ပြည်နယ်နှင့်တိုင်းဝန်ကြီးချုပ်များ မှအဆက်

စစ်အောင်မြတ်၊ ကချင်ပြည် နယ် ဦး လpast်နင်ဆိုင်း။ ကယား ပြည်နယ် ဦးဇင်မောင်ဦး။ ချင်းပြည် နယ် ဦးဟုန်ဝိုင်း (ဗိုလ်မှူးချုပ် ဟောင်း) တို့ ဖြစ်သည်။

ၦင်းအပြင် ဝန်ကြီးဌာန ၃၄ ခုအတွက် ဝန်ကြီး အယောက် ၃၀ ခန့်အပ်ရာထူးလည်း ဗမာ မဟုတ် သော တိုင်းရင်းသားလူမျိုးများ တဦးမှ ပါဝင်ခြင်းမရှိကြောင်း သိရ သည်။

သမ္မတ ဦးသိန်းစိန် တင် သွင်းသော ဝန်ကြီး ၃၀ ဦးထဲတွင် အရပ်သား ၄ ဦးသာ ပါဝင်ကြောင်း သိရသည်။

သံဃာများကို ပစ်ခတ်ရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအမိန့်ပေးမှ အဆက်

ယခင က နံပါတ် ၃ အ ဆင့်ရှိသည့် ဗိုလ်ချုပ်ကြီး သူရဲရွှေ မန်းက အမိန့်ကို အကောင်အ ထည် ဖေါ်ခြင်းနှင့် ပတ်သက်၍ စစ်တပ်သတင်းပေး တယောက်ကို ကိုးကားဖေါ်ပြရာတွင် ''ဗိုလ်ချုပ် ကြီး သူရဲရွှေမန်း သည် သူ့အနေ ဖြင့် သဘောမတူ နိုင်သော်လည်း အမိန့်ကို အ ကောင်အထည်ဖေါ်ခဲ့ သည်။ ဒေသဆိုင်ရာ တပ်မှူးများ ကို သွေးထွက်သံပျို ဖြစ်မှု အနည်းဆုံးဖြစ်စေရန် တိုးတိုးတိတိ တိတိ မှာကြားလိုက်သည်''ဟု ဖေါ်ပြထားသည်။

ရွှေဝါရောင် တော်လှန်ရေး အတွင်းတွင် စစ်အစိုးရ၏ တရား ဝင် ထုတ်ပြန်ချက်များအရ ရွှေဝါ ရောင် တော်လှန်ရေးကာလတွင် ဂျပန်သတင်းထောက် ကင်ဂို နာဂ အိအပါအဝင် ၃၀ ဦးသေဆုံးခဲ့ သည်ဟု ထုတ်ပြန်ခဲ့သော်လည်း ကုလသမဂ္ဂ လူ့အခွင့်အရေးကောင် စီ၏ အထူးကိုယ်စားလှယ် မစ္စတာ ပီနဲလ်ရိုးကမူ ရဟန်းသံဃာ အပါး ၃၀ မှ ၄၀၊ လူ ၅၀မှ ၇၀ အထိ သေဆုံးခဲ့သည်ဟု သူ၏ အစီရင် ခံစာတွင် ဖေါ်ပြထားသည်။

ဒုတိယ ပင်လုံညီလာခံ ဖြစ်မြောက်ရေး □ ကြိုးပမ်းမည်

၀၅၊ ၀၂၊ ၁၁

ဒုတိယ ပင်လုံညီလာခံ ပေါ်ပေါက်အောင် ကြိုးစားသွားမည် ဖြစ်ကြောင်း အနှစ် ၅၀ မြောက် ကျင်းတော်လှန်ရေးနေ့ အခမ်းအနားတွင် ကျင်းလွတ်မြောက်ရေး အဖွဲ့ □□ ဥက္ကဋ္ဌ ထုတ်ဖော်ပြောဆိုလိုက်သည်။

□ အဖွဲ့၏ နှစ် ၅၀ မြောက် တော်လှန်ရေးနေ့ အခမ်းအနားကို ဖေဖော်ဝါရီလ ၃ ရက်နေ့မှ ၅ ရက်နေ့အထိ အရှေ့ပိုင်း တိုင်း တပ်မဟာ (၃) နယ်မြေ မိုင် ဂျာယန်ဒေသ၌ ကျင်းပခဲ့ရာတွင်

□ အဖွဲ့ ဥက္ကဋ္ဌ ဦးစောင်းဟ ရားက ကျင်လူမျိုးများ အားလုံး စည်းစည်းလုံးလုံးနှင့် တစု တစည်း တည်း လုပ်ဆောင်သွားဖို့ လိုအပ် တဲ့အကြောင်း။ ခြားတိုင်းရင်းသား အဖွဲ့အစည်းများနှင့် မဟာမိတ် လုပ် ဆောင်ထားတဲ့အကြောင်း၊ အားလုံးနှင့် ပူးပေါင်းဆောင်ရွက် သွားမည့်အကြောင်းနှင့် ဒုတိယ အကြိမ်မြောက် ပင်လုံညီလာခံ ခေါ်ယူနိုင်မည့် အခြေအနေအထိ ကြိုးစားလုပ်ဆောင် သွားမည့်အ ကြောင်း တိုက်တွန်းပြောဆိုသွား သည်ဟု အခမ်းအနား တက် ရောက်ခဲ့သူ ကချင်လူငယ်တဦးက ပြောသည်။

□ အဖွဲ့ကို ၁၉၆၁ ခုနှစ် ဝန်ကြီးချုပ် ဦးနုအစိုးရလက်ထက် ဗုဒ္ဓ ဘာသာကို နိုင်ငံတော်ဘာသာ ပြုလုပ်မည့်အကြောင်း ကြေငြာ ပြီး နောက်ပိုင်း ကချင်အမျိုးသား ဇော် တူး၊ ဇော်ဆိုင်း ဦးဆောင်ပြီး ရှမ်း ပြည်နယ်တွင် စတင်ဖွဲ့စည်းခဲ့ သည်။

□ အဖွဲ့သည် မြန်မာစစ် အစိုးရနှင့် ၁၉၉၄ ခုနှစ်တွင် အပစ် အခတ် ရပ်စဲရေး သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၉ ခုနှစ် ဇွန်လ တွင် □□ အဖွဲ့ကို နယ် ခြားစောင့်တပ် အသွင်ပြောင်းရန် စစ်အစိုးရဖက်မှ တိုက်တွန်းလာခဲ့ သော အချိန်ကစပြီး နှစ်ဘက် ဆက်ဆံရေးအခြေအနေ တဖြည်း ဖြည်း ဆိုးရွားလာခဲ့သည်။

သံဃာများကို ပစ်ခတ်ရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမိန့်ပေးသည်ဟု ဝိကီလိစ်ခ်ကဖော်ထုတ်

၁၁၊ ၀၂၊ ၁၁

သံဃာတော်များ ဦးဆောင် ဆန္ဒပြသည့် ၂၀၀၇ ခုနှစ် ရွှေဝါ ရောင်တော်လှန်ရေးကို ပစ်ခတ် နှိမ်နင်းရန် ဗိုလ်ချုပ်မှူးကြီး သန်း ရွှေက အမိန့်ပေးခဲ့သည်ဟု ဝိကီ လိစ်ခ်မှ ဖော်ထုတ်လိုက်သည်။

နော်ဝေးနိုင်ငံမှ ထိပ်တန်း သတင်းစာ တစောင်ဖြစ်သော □ ၏ ဖေဖော်ဝါရီလ ၄ ရက်နေ့ထုတ် သတင်းစာတွင် ရန်ကုန် အမေရိကန်သံရုံးမှ အမေရိ ကန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့သော လျှို့ဝှက်ပေးစာကို ဖော်ပြထားပြီး အဆိုပါပေးစာတွင် ''ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒုဗိုလ် ချုပ်မှူးကြီး မောင်အေး နှစ်ဦးစလုံး သည် သံဃာတော်များကို နှိမ်နင်း ရန်နှင့် လိုအပ်ပါက ပစ်ခတ်ရန် အမိန့်ပေးခဲ့သည်''ဟု ရေးသားဖော် ပြထားသည်။

ၿငိမ်းအေး ယခု ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌဖြစ်နေသော

စာမျက်နှာ ၂ ကော်လံ ၃

□ နှင့် တိုက်ပွဲတွင် နအဖ တပ်ရင်းမှူး ဒဏ်ရာရ



၀၇၊ ၀၂၊ ၁၁

ကချင်ပြည်နယ် မန်စီဖြို့ နယ်အတွင်းရှိ ကချင်လွတ်မြောက် ရေးတပ်မတော် □□ ထိန်းချုပ်နယ် မြေထဲ ဝင်လာသည့် နအဖ စစ် ယာဉ်တန်း ဗိုင်းထိပြီးနောက် □□ နှင့် နအဖ တပ်များ ဖေဖော်ဝါရီလ ၇ ရက်နေ့ မနက်ပိုင်းတွင် တနာရီ ကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် နအဖ တပ်ရင်းမှူး ဒဏ်ရာရရှိသွား သည်။

ဒဏ်ရာရရှိသွားသော တပ် ရင်းမှူးမှာ ခလရ ၁၅ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ယဉ်ထွေးဖြစ်ပြီး သူ အပါအဝင် အနည်းဆုံး (၈) ဦး ထိ ခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သိရ သည်။

နအဖ စစ်အစိုးရ၏ ခလရ ၁၅ တပ်ရင်းမှူး ကိုယ်တိုင် အပါ အဝင် အင်အား ၆၀ ခန့်သည် ကား ၃ စီးနှင့်အတူ □□ တပ်ရင်း ၂၇ နယ်မြေအတွင်းရှိ ပုန်းလိမ်ခိုနိ် ကရူးရွာအနားကို ဝင်ရောက်ဝင် ဖိုင်းထိခံလိုက်ရသည့်အပြင် တနာ ရီကျော်ကြာ တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် ယခုကဲ့သို့ ဒဏ်ရာရရှိသွားခြင်း ဖြစ်သည်။

ယခုဖြစ်ပွားသော တိုက်ပွဲ မှာ □ အဖွဲ့နှင့် စစ်အစိုးရ ငြိမ်း ချမ်းရေး ယူခဲ့သည့်နောက်ပိုင်း ပထမဆုံးအကြိမ် တိုက်ပွဲဖြစ်ပွား ခဲ့ခြင်း ဖြစ်သည်။

ကရင်ရှေ့တန်းစစ်ဆင်ရေးတွင် တိုက်ခိုက်ရန် ကရင်နယ်ခြားစောင့်တပ်များ ငြင်းဆန်

၀၈၊ ၀၂၊ ၁၁

နအဖ စစ်အစိုးရက □ ကရင်အမျိုးသား အစည်းအရုံး လက်အောက်ခံ တပ်မဟာ (၇) ဌာန ချုပ်နယ်မြေကို အလုံးအရင်းနှင့် စစ်ဆင်နိုင်ရန်အတွက် နယ်ခြား စောင့်တပ် ပြောင်းလဲထားသော □ ခွဲထွက် ကရင်တပ်များကို ရှေ့တန်းတွင် ပါဝင်တိုက်ခိုက်ရန် ညွှန်ကြားထားသော်လည်း နယ် ခြားစောင့် ကရင်တပ်များက အ မိန့်ကို ငြင်းဆန်ထားသည်ဟု သိရ သည်။

ယခုကဲ့သို့ ရှေးတန်းဝင်ရန် ငြင်းဆန်နေသော တပ်များမှာ ဗိုလ် မှူး စောမောင်ဝင်း ခေါင်းဆောင် သော □□ နယ်ခြားစောင့်တပ် အမှတ် ၁၀၁၉ နှင့် ဗိုလ်မှူး စော လှိုင်စိမ့် ခေါင်းဆောင်သော နယ် ခြားစောင့် တပ်အမှတ် ၁၀၁၇ တို့ ဖြစ်ပြီး အဆိုပါ တပ်များမှာ မြေ မြှုပ်ပိုင်းအန္တရာယ်ကို အကြောင်းပြ ပြီး ငြင်းဆန်နေခြင်း ဖြစ်သည်ဟု သိရသည်။

ယခုကဲ့သို့ နယ်ခြားစောင့် တပ်များကို ကရင်ရှေ့တန်းတွင် တိုက်ခိုက်ရန်အတွက် စစ်ဆင်ရေး ကွပ်ကဲမှုဒုနှစ်ချုပ် စကခ-၁၉ တပ် မှ အမိန့်ပေး ညွှန်ကြားနေသည်ဟု သိရသည်။

ယခုအခါ နအဖ စစ်အစိုးရ ၏ □□ နယ်ခြားစောင့် တပ် ပြောင်းလဲသွားသည့် □□ တပ် ဖွဲ့ဝင်များမှာ ကရင်တိုင်းရင်းသား အချင်းချင်း တိုက်ခိုက်ရမည်ကို မ လိုလားသည့်အတွက် □□ နယ် ခြားစောင့်တပ်ကနေ ထွက်ပြေးပြီး □ နှင့် ပြန်လည် ပူးပေါင်းလာ မှုများမှာ တဖြည်းဖြည်း တိုးတက် လာသည်ဟု သိရသည်။

အလုပ်ကြမ်းစေခိုင်းရန် ဘူးသီးတောင်ထောင်မှ အကျဉ်းသား ၈၀ ကို မြို့နယ်ကျော်၍ ပို့ဆောင်

ဓာတ်ပုံဖိုင်မှဝိုင်းကြာသော ဘူးသီးတောင် အကျဉ်းသား

ထွန်းထွန်း

၀၅၊ ၀၂၊ ၁၁

ရခိုင်ပြည်နယ် ဘူးသီးတောင်ထောင်မှ အ ကျဉ်းသား ၈၀ ဦးကို အလုပ်ကြမ်း ခိုင်းစေရန် ဇန္နဝါ ရီလ ပထမအပတ်က စစ်တွေသို့ □ မော်တာ ဘုတ်ဖြင့် ယူဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။

ထောင်နှင့် နီးစပ်သူတစ်ဦးက ''သူတို့ကို ဇန္နဝါရီလ ၁ ရက်နေ့က □ မော်တော်ဘုတ်နဲ့ စစ်တွေကိုခေါ်ယူသွားတာဖြစ်တယ်။ သိရသလောက်ဆိုရင် စစ်တွေကတဆင့် သူတို့ထဲက ထောင်သား ၃၀ ကို ပုဏ္ဏားကျွန်းကို ပို့လိုက်ပြီး နောက်ထပ် ထောင်သား ၅၀ ကိုတော့ မြေပုံပြို့နယ်ဘက်ကို ပို့လိုက်တယ်လို့ သိရပါတယ်'' ဟု ပြောသည်။

အဆိုပါ အကျဉ်းသားများကို ပုဏ္ဏားကျွန်းပြို့ နယ် ရာဘာစိုက်ခင်းများတွင် အသုံးပြုရန်နှင့် မြေပုံပြို့ နယ်တွင် ငရုန်းရဲကျွန်းတွင် ပုဇွန်တာများ၊ ဆားတွင်း များ၊ စစ်တပ်ပိုင် တခြား လယ်ယာစိုက်ပျိုးခင်းများ တွင် အလုပ်ကြမ်းစေခိုင်းရန်အတွက် ဖြစ်သည်ဟု သိ ရသည်။

''ထောင်အာဏာပိုင်တွေက ပိုက်ဆံမပေးနိုင် တဲ့ ထောင်သား ၈၀ ကိုရွေးပြီး ပို့လိုက်တာ ဖြစ်ပါ တယ်။ မလိုက်နိုင်တဲ့သူတွေ၊ မလိုက်လိုတဲ့ ထောင် သားတွေအနေနဲ့ တစ်ဦးပို့ကိုဆဲ ကျပ် ၅၀၀၀၀ ကနေ

စာမျက်နှာ ၂ ကော်လံ ၅

နိုင်ငံရေးတက်ကြွသူ လူငယ်တစ်ဦး ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံရ

၀၂၊ ၀၂၊ ၁၁

ရန်ကုန်တိုင်း တောင်ဒဂုံ မြို့နယ်မှ နိုင်ငံရေးတက်ကြွ လှုပ် ရှားသူ လူငယ်တစ်ဦးကို အရှေ့ ပိုင်းခရိုင် တာမွေတရုံးက ဖေ ဖော်ဝါရီလ ၂ ရက်နေ့မှာ အီ လက်ထရွန်နစ်ပစ္စည်း ၃၃(ခ)နှင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်သည်။

ထောင်ဒဏ် ၁၀ နှစ်ချမှတ် ခံရသူမှာ တောင်ဒဂုံမြို့နယ် အ မှတ် ၅၇ ရပ်ကွက်မှ အဖ ဦးအေး သောင်း။ အမိ ဇော်သန်းသန်းဝင်း တို့၏သား အသက် ၂၂ နှစ်အ ရွယ် မောင်ကောင်းမြတ်လှိုင်ဖြစ်ပြီး သူ့ကို ၂၀၁၀ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် 2□ ရေကစား မဏ္ဍာဝ် ဝုံးပေါက်ကွဲမှုနှင့် ပတ် သက်ပြီး မေးမြန်းစရာရှိသည်ဟု ဆိုကာ အာဏာပိုင်များက ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။

ကောင်းမြတ်လှိုင်ကို ပုဒ်မ ၅၀၅ နှစ်ခုဖြင့် တရားစွဲဆိုကာ ပုဒ်မ ၅၀၅ (ခ)ကို တောင်ဒဂုံမြို့နယ် တ ရားရုံးက ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ထောင်ဒဏ် ၂နှစ်ချမှတ်ခဲ့ပြီး ကျန်ပုဒ်မ ၃၃ (ခ) အမှုကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါ ရီလ ၂ ရက်နေ့တွင် အလုပ်ကြမ်း နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ် လိုက်ခြင်း ဖြစ်သည်။

ALP ရခိုင်ပြည် လွတ်လပ်ရေးလမ်းစဉ် ယတိပြတ် ပြည်သူ့ရေ့မောက်ကျေညာပြီ

ALP ရခိုင်ပြည် လွတ်လပ်ရေးလမ်းစဉ် ယတိပြတ် ပြည်သူ့ရေ့မောက်ကျေညာပြီ

မင်းဆက်နိုင်

၀၈၊ ၀၂၊ ၁၁

ရခိုင်ပြည် လွတ်မြောက် ရေးပါတီ □ မှ ခေါင်းဆောင်များနှင့် မလေးရှားနိုင်ငံရောက် ရခိုင်ပြည်သူများ တွေ့ဆုံပွဲတရပ်ကို ဖေဖော်ဝါရီလ ၆ ရက်နေ့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ □ □□ ခန်းမတွင် ကျင်းပရာ □ ပါတီ၏ ရည်မှန်းချက်ပန်းတိုင်မှာ ရခိုင်ပြည် လွတ်လပ်ရေးသာဖြစ်ကြောင်း တရားဝင် ပါတီခေါင်းဆောင်များက ကျေညာပြောကြားခဲ့သည်ဟု သိရသည်။

အဆိုပါ ပြောကြားမှုကို တွေ့ဆုံပွဲအခမ်းအနား သို့ တက်ရောက်လာသူ ပါတီဒုဥက္ကဋ္ဌ(၂) ခိုင်မျိုးမင်းနှင့် ပါတီအထွေထွေအတွင်းရေးမှူး စောမြရာဇလင်းတို့က တက်ရောက်လာသူ ပြည်သူများနှင့် အပြန်အလှန်မေးမြန်းစဉ် ဖြေကြားခဲ့ခြင်း ဖြစ်ကြောင်း □ (မလေးရှားနွန်ခွဲ) အတွင်းရေးမှူး ခိုင် ဇော်မိုးက ပြောသည်။

'' အခုလက်ရှိ တိုင်းရင်းသားပါတီတွေဖွဲ့ထားတဲ့ မဟာမိတ်အဖွဲ့ထဲမှာ □ □ ပါတီအနေနဲ့ ပါဝင်ခြင်းမရှိတာနဲ့ပတ်သက်ပြီးတော့ တက်ရောက်လာသူတွေက မေးမြန်းကြပါတယ်။ ကျနော်တို့ရဲ့ ခေါင်းဆောင်တွေက □ ဟာ ဖယ်ဒရယ်နဲ့သွားနေတာ မဟုတ်တဲ့ အကြောင်း။ ပြီးတော့ □ ဟာ အရင်ကတည်းက □ □ ထဲမှာ ပါဝင်ပြီးသား ဖြစ်ပါတယ်။ □ ထဲမှာ ပါဝင်တယ်ဆိုတာကလည်း တယောက်ကိုတယောက် လေးစားယုံကြည်မှုရှိတယ်။ တယောက်ကိုတယောက် အသိမှတ်ပြုတဲ့အတွက် ဖြစ်ပါတယ်။ □ ဟာ ရခိုင်ပြည် လွတ်မြောက်ဖို့နဲ့ ရခိုင့် အချုပ်အချာအာဏာ ပြန်လည်ရရှိဖို့အတွက် သွားနေတာဖြစ်တဲ့အတွက်ကြောင့် □ အပေါ်မှာ တခြား ဖက်ဒရယ်ထူထောင်လိုတဲ့ တိုင်းရင်းသားပါတီတွေက အသိအမှတ်ပြုရင် □ ကလည်း အသိအမှတ်ပြုပါတယ်။ တကယ်လို့ □ ကို လက်နက်ကိုင် တပ်မတော် တခုလို့ အသိမှတ်မပြုရင် □ အနေနဲ့လည်းပြုမှာ မဟုတ်ဘူး။ ဒါကြောင့် □ ဟာ မည်သည့် လူမျိုးသားအဖွဲ့အစည်းကိုမှ အားမကိုးပဲနဲ့ ရခိုင်လူထုအပေါ် အဓိက အခြေခံပြီး အင်အားကြီးထွားလာအောင် တည်ဆောက်ပြီးတော့ ရခိုင်ပြည် လွတ်မြောက်ရေးကို ချီတက်သွားမယ်။ စစ်ရေးပြင့်တင်တဲ့နေရာမှာ ရခိုင်ပြည်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းတွေကို ပြောခဲ့ပါတယ်။''

ဒင်းပြင် သူက ''တက်ရောက်လာတဲ့ ရခိုင် အမျိုးသားတွေကို ကျနော်တို့ရဲ့ ခေါင်းဆောင်တွေက ဖယ်ဒရယ်ကို လိုချင်လား လွတ်လပ်ရေး □□ □ ကို လိုချင်သလားလို့ မေးတဲ့အခါ တက်ရောက်လာသူတွေက □□ လို့ သုံးကြိမ်သုံးခါ အော်ဟစ်ဖြေကြားခဲ့ကြပါတယ်။

အဆိုပါ အခမ်းအနားကို မလေးရှားနိုင်ငံတွင် ရောက်နေကြသော ရခိုင် အလုပ်သမား ၅၀၀ ခန့် တက်ရောက်ခဲ့ပြီး □ ခေါင်းဆောင်များအား လက်ရှိ မြန်မာနိုင်ငံအရေး၊ ရခိုင်ပြည်အရေးများနှင့် ပတ်သက်ပြီး အပြန်အလှန်မေးမြန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ အခမ်းအနားကို မလေးရှားတွင် ကျင်းပပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ခိုင်မိုးဇော်က ယခုကဲ့သို့ ဆက်ပြောသည်။

''ကျွန်ုပ်နေ့တို့ အခုလို ကျင်းပရတာက မလေးရှားရောက် ရခိုင်တွေနဲ့ နိုင်ငံတကာမှာ ရောက်ရှိနေကြတဲ့ ရခိုင်ပြည်သူတွေ အမျိုးသားရေးစိတ်ဓာတ် ရှင်သန်ထက်မြက်လာဖို့နဲ့ လက်ရှိ မြန်မာ့နိုင်ငံ ရေး အခြေအနေနဲ့ နအဖစစ်အုပ်စုက တရားမဝင် ရွေးကောက်ပွဲကြီး ပြုလုပ်သွားခဲ့တာကို ရခိုင်သူရခိုင်သားတွေက နားလည်သိရှိဖို့၊ နောက်ပြီးတော့ ရခိုင်ပြည်သူတွေ သူ့ကျွန်ဘဝက လွတ်မြောက်ဖို့အတွက် စစ်ဆင်ရေးတွေ မြှင့်တင်လာတဲ့အခါ ပြည်သူတွေအနေနဲ့ ဘယ်လို အခန်းကဏ္ဍတွေက အမျိုးသားရေးစစ်ပွဲကို ပါဝင်လာနိုင်ဖို့နဲ့ နောက်တချက်က ရခိုင်ပြည် လွတ်မြောက်ရေးအတွက် ရခိုင်ပြည်သူပြည်သားတွေအားလုံး ပူးပေါင်းပါဝင်လာနိုင်ရန်အတွက် ပြုလုပ်ရ ခြင်း ဖြစ်ပါတယ်။''

အခမ်းအနားကို □ ပါတီမှ ဒု-ဥက္ကဋ္ဌ(၂) ခိုင်မျိုးမင်းနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်စောမြရာဇလင်းတို့အပြင် မလေးရှာနွန်ခွဲမှ တာဝန်ရှိများလည်း တက်ရောက်ခဲ့ကြသည်ဟု သိရသည်။ ယခုကဲ့သို့ တွေ့ဆုံပွဲမျိုးကို □ ပါတီရုံခွဲရှိရာ နိုင်ငံများတွင်လည်း ကျင်းပပြုလုပ်သွားရန် အစီစဉ်များရှိကြောင်း ခိုင်ဇော်မိုးက ပြောသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားကို နေ့လည် ၁နာရီတွင် စတင်ခဲ့ပြီး ညနေ ၆နာရီခွဲတွင် ရခိုင့် အ

စာမျက်နှာ ၂ ကော်လံ ၅

အမျိုးသား ပြန်လည်သင့်မြတ်ရေး ၈၈ မျိုးဆက်များတိုက်တွန်း

၁၀၊ ၀၂၊ ၁၁

အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် နိုင်ငံရေးအင်အားစုများအားလုံး လက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် ၈၈ မျိုးဆက်ကျောင်းသားများက တိုက်တွန်းလိုက်သည်။

တိုက်တွန်းချက်ကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်ခဲ့သည့် ပြည်ထောင်စုနေ့ အချိန်နှင့်တိုက်ဆိုင်ပြီး ထုတ်ပြန်သော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၏ ကြေငြာချက်ထဲတွင် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

ထုတ်ပြန်ကြေငြာချက်ထဲတွင် အမျိုးသားသွေးစည်းညီညွတ်မှုကို ဖေါ်ပြနိုင်ခဲ့သော ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည်မှာ ၆၄ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ အချိန်ထိ မြန်မာနိုင်ငံတွင် ဖြစ်နေသော လက်နက်ကိုင် ပဋိပက္ခများနှင့် နိုင်ငံရေး အကျဉ်းသားများ ရှိနေသည့်ကိစ္စမှာ အမျိုးသား စည်းလုံးညီညွတ်ရေး ပျက်ပြားနေသည်ကို ထင်ထင်ရှားရှား သက်သေပြနေကြောင်း ဖေါ်ပြထားသည်။

ၾသဇာပြိုကျခြင်းကို ကြုံတွေ့နေရသော ဗုဒ္ဓဘာသာ ဘာသာရေးအဖွဲ့အစည်းများ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်ပေးရန် ဗုဒ္ဓဘာသာ ဝန်ကြီးဌာနအား တိုက်တွန်းလိုက်သည်။

ဒင်းအပြင် တိုင်းပြည်တွင် နိုင်ငံရေးတည်ငြိမ်မှုကို ဖန်တီးနိုင်မှာ မဟုတ်သလို ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် အခက်အခဲ များစွာရှိနေမည်ဖြစ်ကြောင်း၊ ၎င်းအခက်အခဲများကို အကောင်းဆုံး မြေရှင်းနိုင်မည့် နည်းလမ်းမှာ အမျိုးသား ပြန်လည်သင့်မြတ်ရေး တည်ဆောက်ရန် လိုအပ်သည့်အတွက် ကြောင့် အလေးအနက် တိုက်တွန်းတောင်းဆိုကြောင်း ဖေါ်ပြထားသည်။

အမြင်ကပ် ပုဒ်မဖြင့် ထောင်ချခံရသူ □ စည်းရုံးရေးမှူး ပြန်လည်လွတ်မြောက်လာ

၀၇၊ ၀၂၊ ၁၁

အမြင်ကပ်ပုဒ်မဖြင့် မောင်တောတွင် ဖမ်းဆီး ထောင်ချခဲ့ရသည့် □ □ ပါတီမှ စည်းရုံးရေးမှူး ဦးခင်ကျော်သည် လွန်ခဲ့သော အပတ်က ထောင်ကနေ ပြန်လည် လွတ်မြောက်လာကြောင်း သတင်းရရှိသည်။

အမည်မဖေါ်လိုသူ တရားရေးဝန်တစ်ဦးက ''သူက □ □ လို့ခေါ်တဲ့ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီက စည်းရုံးရေးမှူး ဖြစ်ပါတယ်။ သူ့ကို ဖေဖော်ဝါရီလ ၃ ရက်နေ့က လွတ်ပေးလိုက်တာဖြစ်ပါတယ်။ ထောင်သုံးလ ပြည့်သွားတဲ့အတွက် ဘူးသီးတောင်ထောင်ကနေ ပြန်လည် လွတ်မြောက်လာတာ ဖြစ်ပါတယ်'' ဟု ပြောသည်။

ဦးခင်ကျော်အား မောင်တော အာဏာပိုင်များက ၂၀၁၀ ခု နှစ် နိုဝင်ဘာလ ပထပတ်က မောင်တောမြို့နယ် မောင်နိုရွာ စာသင်ကျောင်းကို ဂဲပစ်မှုဖြင့်စွပ်စွဲကာ ဖမ်းဆီးပြီး နောက်ပိုင်းတွင် ထောင်သုံးလ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

''သူ့ကို ပြည်သူ့ပိုင်ပစ္စည်း ဖျက်ဆီးမှု၊ အားပေးကူညီမှု ၆၁/ ၉ နဲ့ မဖ်းဆီးပြီး ထောင်သုံးလ ချမှတ်ခဲ့ပါတယ်။ ကြံ့ခိုင်ရေးနဲ့ □ တို့ မောင်တောမှာ အပြိုင် မဲဆွယ်စည်းရုံးကြစဉ် ကြံ့ခိုင်ရေးက သူတို့ပါတီ ရုံးမယ်ထင်ပြီး ကိုခင်ကျော်ကို မတရားဖွဲ့စွပ်ပြီး ဖမ်းဆီး ခဲ့တာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ကြံ့ခိုင်ပါတီက မောင်တောမှာ နိုင်သွားတော့ သူ့ကို လျော့လျော့ပေါ့ပေါ့နဲ့ ထောင်သုံးလချပြီး ပြန်လည် လွတ်ပေးလိုက်တာ ဖြစ်ပါတယ်'' ဟု သူက ဆက်ပြောသည်။

မောင်တောမြို့နယ်တွင် နိုဝင်ဘာလ ၇ ရက်နေ့က ပြုလုပ်သော ရွေးကောက်ပွဲတွင် လွတ်တော်ကိုယ်စားလှယ် နေရာအား လုံးကို ကြံ့ခိုင်ရေးပါတီ အနိုင်ရရှိသွားပြီး □ □ ပါတီမှ တစ်နေရာမှ အနိုင်မရရှိခဲ့ကြောင်း သိရသည်။

စစ်တွေ ဆိပ်ကမ်းသစ်ကြောင့် သမိုင်းဝင် မင်းကြီးကျောက်တန်း ပျက်စီးပျောက်ကွယ်သွားတော့မည်

၁၈၊ ၀၂၊ ၁၁

စစ်တွေ ခရိုင်တရားရုံးက ထောင်ဒဏ် ၈ နှစ်သုံးလခွဲ ချမှတ်ခံခဲ့ရသော ဆရာတော် အရှင်ပညာစာရအမှူ အယူခံလွှာကို ရခိုင်ပြည်နယ် တရားရုံးက ပယ်ချလိုက်သဖြင့် ပြင်ဆင်လျှောက်လဲချက်ကို ဇန္နဝါရီလ ၁၃ ရက်နေ့က နေပြည်တော် တရားရုံးသို့ သွားရောက် တင်သွင်းခဲ့သည်ဟု ရှေ့နေမကြီး ဒေါ်အေးနုစိန်က ပြောသည်။

''ကျွန်မတို့က အယူခံလွှာ တင်သွင်းတာမဟုတ်ပါဘူး။ အယူခံလွှာကို ရခိုင်ပြည်နယ် တရားရုံးကို တင်ပြီးသွားခဲ့ပါပြီ။ စစ်တွေ ခရိုင်တရားရုံးက ထောင် ၈ နှစ် သုံးလ ချမှတ်တာကို မကျေနပ်တဲ့အတွက် ပြည်နယ် တရားရုံးကို အယူခံလွှာတင်ပါတယ်။ ပြည်နယ် တရားရုံးက အမှုကို အကျဉ်းချုပလဝ်လိုက်တဲ့အတွက် ပြင်ဆင်မှု လျှောက်လဲချက်ကို နေပြည်တော် တရားရုံးထိ တင်သွင်းတာ ဖြစ်ပါတယ်။ ဥပဒေကြောင်းအရ ဆောင်ရွက်တာဖြစ်ပါတယ်'' ဟု ရှေ့နေမကြီးက ပြောသည်။

ထို့ကဲ့သို့ တင်သွင်းမှု ကြောင့် အမှုနှင့်ပတ်သက်ပြီး နောက်ဖြစ်လာမည့် အခြေအနေကိုလည်း ရှေ့နေမကြီးက ယခုကဲ့သို့ ပြောသည်။

'' ဥပဒေ ကြောင်းအရ အဲဒီအမှုကို ကြားနာစစ်ဆေးဖို့ သင့်မသင့် သူတို့က ကျွန်မကို လျှောက်လဲချက်ပေးဖို့ ခေါ်ပါအုံးမယ်။ ကျွန်မ နောက် ထပ်တစ်ကြိမ် နေပြည်တော်ကို သွားပီး လျှောက်လဲ ချက်ပေးရပါမယ်။ အဲသလို လျှောက်လဲချက်ပီးပြီးခါမှ အယူခံလွှာကို ကြားနာစစ်ဆေးဖို့ သင့်မသင့် တရားရုံးက ဆုံးဖြတ်မှာဖြစ်ပါတယ်။ အမှုကို ဆက်လက်ကြားနာဖို့ ဆုံးဖြတ်မှ ဆက်လက်ပီး အယူခံလွှာကို စစ်ဆေးမှာ ဖြစ်ပါတယ်'' ဟု ပြောသည်။

ဆရာမကြီး ဒေါ်အေးနုစိန်အနေဖြင့် အရှင်ပညာစာရနှင့် တွေ့ဆုံရန် ယခုလ ၁၂ ရက်နေ့က သရက်ထောင်ထိ သွားရောက်ခဲ့သော်လည်း ထောင် အာဏာပိုင်များက (၅)မိနစ်သာ ခွင့်ပြုကြောင်း သိရသည်။

''ကျွန်မက ရှေ့နေပါဘယူပြီး သွားတွေ့တာကိုတောင် ၅ မိနစ်ဘဲ ခွင့်ပြုပါတယ်။ ဘာကြောင့် အဲသလို လုပ်သလဲဆိုတာ ထောင် အာဏာပိုင်တွေသာ သိပါလိမ့်မယ်။ တွေ့ခွင့်ပိုမရဘူး ဆိုတော့လည်း ပြန်လာရတာပေါ့။ ဆရာတော်ရဲ့ ကျန်းမာရေးက ကောင်းတယ်လို့ ပြောပါတယ်''ဟု ရှေ့

စာမျက်နှာ ၁၈ ကော်လံ ၄

အရှင်ပညာစာရအမှု ပြင်ဆင်မှုလျှောက်လဲချက် နေပြည်တော်တရားရုံးထိတင်သွင်း

၁၃၊ ၀၁၊ ၁၁

စစ်တွေဖြို့တွင် အသစ်တည်ဆောက် နေသော အိန္ဒိယဆိပ်ကမ်းကြောင့် သမိုင်းဝင် သာယာလှပသော မင်းကြီးကျောက်တန်းမှာ များမကြာမီ ပျက်စီးပျောက် ကွယ်သွားတော့မည် ဖြစ်သည်။

စစ်တွေဖြို့ကို စတင်တည်ဆောက်စဉ်ကတည်းက ဖြို့သူဖြို့သားများ အနားယူ အပန်းဖြေနိုင်ရန်အတွက် ကုလားတန်ဖြစ်ကမ်း ဘေးတွင် မင်းကြီးကျောက်တန်းကို ခိုင်ခန့်သော ကျောက်များဖြင့် တည်ဆောက်ထားခဲ့သည်။ ယခု မင်းကြီးကျောက်တန်း ပျက်စီး ပျောက်ကွယ်သွားတော့မည်ကို ဖြို့ခံပညာတတ်တစ်ဦးက ယခုကဲ့သို့ ပြောသည်။

''ကျွန်တော်တို့ စစ်တွေဖြို့က အထင်ကရ နေရာတစ်ခုဖြစ်တဲ့ မင်းကြီးကျောက်တန်းက နောက်လာမယ့် နှစ်မှာ ဆိုရင် မရှိတော့ပါဘူး။ အခု အနှီယက အဲဒီမင်းကြီး ကျောက်တန်းရဲ့ တစ်ခုလုံးကို ဆိပ်ကမ်း တည်ဆောက်ဖို့ မြေတွေဖို့နေတယ်။ သုံးပုံတစ်ပုံက ပြီးသွားပြီဖြစ်တယ်။ မင်းကြီးကျောက်တန်းကနေပြီး ကုလားတန်ဖြစ်ဝ အလှအပတွေကိုလည်း မမြင်ရတော့ဘူး။ ဆိပ်ကမ်း တည်ဆောက်နေတဲ့အတွက် အခု မင်းကြီးကျောက်တန်းကို ခြံကာထားတဲ့ အတွက် သာယာလှပတဲ့ ပင်လယ်ဘက် မြင်ကွင်းတွေကို မမြင်ရတော့ပါဘူး'' ဟု ပြောသည်။

ယခုကဲ့သို့ သမိုင်းဝင် နေရာတစ်ခု အား ဖျောက်ဖျက်ပြီး ဆိပ် ကမ်းတည်ဆောက်ရာတွင် ဒေသခံ စစ်တွေလူထု၏ သဘောထားကိုလည်း တစုံတရာ ယူဆောင်ခြင်းမရှိကြောင်း သူက ပြောသည်။

''စစ်တွေ လူထုရဲ့ သဘောထားကို လည်း မယူပါဘူး။ သူတို့ လုပ်ချင်သလိုလုပ်တာပါဘဲ။ ပြည်သူ အများစုကတော့ မင်းကြီးကျောက်တန်း ပျက်စီးပျောက်ကွယ်သွားမှာကို မလိုလားပါဘူး။ ဒါပေမယ့် ဘယ်သူမှ မတတ်နိုင်ပါဘူး။ ခုလို မင်းကြီးကျောက်တန်း ပျက်စီးပျောက်ကွယ်သွားတာဟာ တော်တော့ကို နှမြောစရာ ကောင်းပါတယ်။''

စစ်တွေ မင်းကြီးကျောက်တန်းမှာ စစ်တွေကမ်းနားလမ်းတွင်တည်ရှိပြီး သာယာလှပသော ရှုခင်းများနှင့် ပင်လယ်ပြင်မှ ဖြတ်တိုက်လာသော လေပြေလေညင်းများကြောင့် ဖြို့သူဖြို့သားများ ညနေပိုင်းတွင် အနားယူ အပန်းဖြေရာ အထူးတန်ဖိုးရှိသော နေရာ တစ်ခုဖြစ်သည်။

ယခုအခါ အိန္ဒိယမှ အဆိုပါ နေရာတွင် ဆိပ်ကမ်းတည်ဆောက်ရန် မြေဖို့နေပြီး အဆောက်အဦးများ ဆောက်လုပ်ပြီးစီးပါက မင်းကြီးကျောက်တန်းမှာ ပျောက်ကွယ်သွားတော့မည်ဖြစ်သဖြင့် ဖြို့လူထုမှာ အထူးစိတ်မကောင်း ဖြစ်နေကြကြောင်း သတင်းရရှိသည်။

မြောက်ဦးကို ဖြတ်သန်းဖေါက်လုပ်နေသည့် ရထားလမ်း အကန့်အသတ်မရှိ ရွှေ့ဆိုင်း

၂၅၊ ၀၁၊ ၁၁

ရခိုင် ရှေးဟောင်းဖြို့တော် မြောက်ဦးဖြို့ကို ဖြတ်သန်းဖေါက်လုပ်နေသော ရထားလမ်းကို ယခုအခါ ရက် အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ပြီဖြစ်ကြောင်း သတင်း ရရှိသည်။

ယခုကဲ့သို့ ရွှေ့ဆိုင်းလိုက်ရခြင်းမှာ ရထားလမ်းဖေါက်လုပ်စဉ် စစ်တပ်မှ မြေအောက်တွင် မြှုပ်ထားသော အင်တာနက် □ လိုင်း (သို့မဟုတ်) ဆက်သွယ်ရေးကြေးနန်းကြိုးများ ပျက်စီးသွားသဖြင့် ယခု ကဲ့သို့ ရပ်တန့်လိုက်ခြင်းဖြစ်သည်ဟု မြောက်ဦးဖြို့မှ လူငယ်တစ်ဦးက ပြောသည်။

''အခု မြောက်ဦးမှာ ရထားလမ်း ဖေါက်လုပ်နေတာကို ရပ်ဆိုင်းလိုက်ပါပြီ။ ရထားလမ်း ဖေါက်လုပ်နေတဲ့ ကုမ္ပဏီလည်း ဘယ်နားကို ရောက်နေတယ်ဆိုတာ မသိတော့ပါဘူး။ ရထားလမ်းကြောင်းသစ်ကို ဆက်ဖေါက်တဲ့အခါ စစ်တပ်က မြေကြီးထဲမှာ မြှုပ်ထားတဲ့ အင်တာနက်ကွန်ယက်လိုင်းကြိုးတွေကို မြေတူးစက်ကြိုးတွေနဲ့ တူးမိပြီး ပျက်စီးသွားတဲ့အတွက် စစ်တပ်နဲ့ ကုမ္ပဏီအကြား ပြဿနာတက်ရာကနေ ခုလို ရထားလမ်းဖေါက်လုပ်တာကို ရပ်ဆိုင်းလိုက်တာ ဖြစ်ပါတယ်။''

ၾင်းပြင် သူက ''အင်တာနက် ကွန်ယက်လိုင်း ကြိုးတွေဆိုတာက စစ်တပ်က မြေကြီးထဲ ၁၀ ပေတူးပြီး မြှပ်ထားတဲ့ ကြိုးတွေဖြစ်ပါတယ်။ ကျွန်တော်တို့ သိတာက စစ်တပ်ကနေပြီးတော့ အဲဒီ လိုင်းကြိုးတွေကို ရန်ကုန်ကနေ အမ်း။ အမ်းကနေ စစ်တွေထိ တောက်လျောက် ပိုက်လုံးကြီး တွေနဲ့ မြှပ်ထားပါတယ်။ ဒေသအတွင်းမှာတော့ အင်တာနက် ကွန်ယက်လိုင်းကြိုးတွေ ဆိုပြီး သိပါတယ်။ ဆက်သွယ်ရေးအတွက် လုပ်ထားတာဖြစ်တယ်လို့ သိရပါတယ်'' ဟု ဆက်ပြောသည်။

အဆိုပါ အင်တာနက်ကွန်ယက်လိုင်းကြိုးများ ပျက်စီးသွားသဖြင့် မြောက်ဦးတွင် ရထားလမ်း ဖေါက်လုပ်နေခြင်းကို ရပ်တန့်လိုက်သည်မှာ ဟုတ်မှန်ကြောင်း မြောက်ဦးမှ အစိုးရအရာရှိတစ်ဦးကလည်း အတည်ပြုပြောကြားသည်။

'' အခုက ပြဿနာက နေပြည်တော်ထိရောက်သွားပြီး အဲဒီမှာ ဖြေရှင်းနေတယ်လို့ သိရပါတယ်။ ရထားလမ်း ဖေါက်လုပ်နေတဲ့ မြေတူးစက်ကြီးတွေက မြေတွေကို တူးဖေါ်တဲ့အခါ စစ်တပ်က မြေကြီးထဲမှာ မြှပ်ထားတဲ့ ကြေးနန်းကြိုးတွေ ပျက်စီးသွားတော့ ဌာနဆိုင်ရာ အချင်းချင်း ပြဿနာတက်ပြီး ခုလို ရပ်တန့်ရတဲ့အဆင့်အထိ ရောက်သွားရတာ ဖြစ်ပါတယ်''ဟု ပြောသည်။

ယခု ဖေါက်လုပ်နေသည့် လမ်းကြောင်းမှာ လမ်းကြောင်းအသစ်ဖြစ်ပြီး ယခု ရပ်တန့်မှုမှာ ဒုတိယအကြိမ်မြောက် ရပ်တန့်မှုဖြစ်ကြောင်း သိရသည်။ ယခင် ပထမ လမ်းကြောင်းကို ဖေါက်လုပ်တုန်းကလည်း ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်း

စာမျက်နှာ ၁၉ ကော်လံ ၄

ဗိုလ်ချုပ်မွေးနေ့တွင် တောင်ကုတ်၌ ဒေါ်စု၏ ''အကယ်၍'' ကဗျာကို ဖြန့်ဝေ

၁၃၊ ၀၂၊ ၁၁

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ကျရောက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည် ဘာသာပြန်ထားသော ''အကယ်၍'' ကဗျာကို တောင်ကုတ်မြို့တွင် လူငယ်များက ဖြန့်ဝေခဲ့ကြသည်ဟု သတင်းရရှိသည်။

''အကယ်၍'' ကဗျာကို ဖြန့်ဝေခဲ့သူ လူငယ်တစ်ဦးက '' ဒီကဗျာက လက်ရှိ မြန်မာနိုင်ငံရေး အခြေအနေနဲ့ အထူးကိုက်ညီနေပြီး ဒီကဗျာက လူတိုင်းကို အားဖြစ်စေတဲ့အတွက် ဒေါ်စုရဲ့ ''အကယ်၍'' ကဗျာကို မိတ္တူကူးပြီး ဖြန့်ဝေခဲ့တာဖြစ်ပါတယ်'' ဟု ပြောသည်။

တောင်ကုတ် လူငယ်များက အဆိုပါကဗျာကို တောင်ကုတ်မြို့ ဈေးထဲတွင် နံနက် အစောပိုင်းက ဖြန့်ဝေခဲ့ခြင်းဖြစ်သည်ဟု သူက ဆက်ပြောသည်။

'' အခုအချိန်ထိ တောင်ကုတ်မှာ ထောက်လှမ်းရေးနဲ့ ရဲက နိုင်ငံရေး လူပ်ရှားသူတွေကို အနီးကပ် စောင့်ကြည့်နေပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်မွေးနေ့ဖြစ်တဲ့ ဒီနေ့မှာ အသင့် မိတ္တူကူးထားတဲ့ ဒေါ်စု ဘာသာပြန်ရေးဖွဲ့ထားတဲ့ ''အကယ်၍'' ကဗျာ စာရွက် ၅၀ နီးပါးကို ဈေးထဲမှာ ဖြန့်ဝေတာတွေပြုလုပ်သလို နံရံတွေမှာ ကပ်တာတွေကို ပြုလုပ်ခဲ့ပါတယ်။ လုံခြုံရေးအရ မြို့မဈေးကြီး တစ်ခုထဲမှာဘဲ ပြုလုပ်ခဲ့ကြပါတယ်'' ဟု သူက ဆက်ပြောသည်။

ယခုအချိန်ထိ အဆိုပါ ကဗျာ ဖြန့်ဝေမှုနှင့် ပတ်သက်ပြီး အာဏာပိုင်များဘက်မှ တစုံတရာ လိုက်လံစုံစမ်းခြင်း မရှိသေးသလို မေးမြန်းမှုများလည်း မရှိသေးကြောင်း သူက ပြောသည်။

''မေးမြန်းစုံစမ်းရင် သတင်းကြီးသွားနိုင်တဲ့အတွက် အာဏာပိုင်တွေဘက်ကတော့ ငြိမ်နေတာကို တွေ့ရပါတယ်။ အခုအချိန်ထိတော့ တစုံတရာ ထူးထူးခြားခြား ဆောင်ရွက်တာကို မတွေ့ရသေးဘူး။ ကျွန်တော်တို့လည်း တောင်ကုတ်မှာ လူပ်ရှားမှုတွေ ရပ်နေတဲ့အတွက် အစိုးရသစ်တွေ ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဘယ်လို ဖြစ်လာမလဲဆိုတာကို စမ်းသပ် ကြည့်တဲ့သဘောပါ။ ဆက်လက်ပြီး ကမ်ပိန်းတွေကို ကျွန်တော်တို့ စီစဉ်နေပါတယ်'' ဟု ပြောသည်။

လွန်ခဲ့သော ပြည်ထောင်စုနေ့ကလည်း တောင်ကုတ် လူငယ်တချို့မှ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖေါင်တော်ဦး ဘုရားသို့သွားရောက်ပြီး နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်ဟု သိရသည်။

တောင်ကုတ်မှာ မြန်မာ့ စစ်အစိုးရအား ဆန့်ကျင်ပုန်ကန်ရာတွင် ထိပ်ဆုံးက ပါဝင်ခဲ့သော မြို့ဖြစ်သဖြင့် စစ်အာဏာပိုင်များက နိုင်ငံရေးလူပ်ရှားသူများကို အနီးကပ် စောင့်ကြည့်နေသော်လည်း မြန်မာ ပြည်သူလူထုတရပ်လုံး စစ်အာဏာရှင်များ လက်အောက်မှ လွတ်မြောက်ရေးအတွက် ဆက်လက်ပြီး တစ်ခုပြီးတစ်ခု အစီအစဉ်များ ပြုလုပ်ကာ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း အဆိုပါ လူငယ်က ပြောကြားသည်။

တောင်ကုတ်မြို့တွင် ဖြန့်ဝေခဲ့သော ''အကယ်၍'' ကဗျာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

အကယ်၍

မင်းအသိုင်းအဝိုင်း တုန်လှုပ်ခြောက်ခြားပြီး၊ ဒါတွေဟာ မင်းကြောင့်လို့ ဝိုင်းဝန်းအပြစ်တင်ကြတဲ့အခါ၊ မင်းဟာ တည်ငြိမ်စွာနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင်...

အကယ်၍

အားလုံးက မင်းကို မယုံသက်ဖြစ်လာတဲ့အခါ၊ သူတို့ကို နားလည်စွာ ခွင့်လွှတ်ရင်းနဲ့၊ မင်းကိုယ်မင်း ယုံကြည်မှု အပြည့်ရှိမယ်ဆိုရင်...

အကယ်၍

စောင့်သင့်တဲ့ အချိန်ကို စောင့်နိုင်ပြီး၊ အဲဒီ အတွက်လည်း မမောမပန်း နေနိုင်မယ်ဆိုရင်...

ဒါမှမဟုတ်

မင်းရဲ့အကြောင်း မဟုတ်မတရား မုသားစကား ကြားရတဲ့အခါ၊ မင်းကလည်း အလိမ်အညာတွေနဲ့ မတုန့်ပြန်ဘူးဆိုရင်...

ဒါမှမဟုတ်

မင်းကို လူတကာက ဝိုင်းဝန်း မုန်းတီးတဲ့အခါ၊ မင်းကလည်း အမုန်းတွေ ပြန်မပွားဘူးဆိုရင်...

အကယ်၍

စိတ်ကူးယဉ် အိပ်မက်တွေဟာ၊ မင်းအပေါ် မလွှမ်းမိုးစေဘဲ၊ စိတ်ကူးနိုင်မယ်ဆိုရင်...

ပြီးတော့

အတွေးအခေါ် စိတ်ကူးတွေဟာ၊ မျှော်မှန်းချက်သက်သက်သာ မဖြစ်စေဘဲ၊ တွေးခေါ်နိုင်မယ်ဆိုရင်...

အကယ်၍

အောင်မြင်မှုသုခနဲ့ ဆုံးရှုံးမှုဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ၊ တူညီသော လောကခံတရားတွေ ပါလားရယ်လို့၊ ခံယူထားနိုင်မယ်ဆိုရင်...

အကယ်၍

မင်းရဲ့ အမှန်စကားတွေကို၊ လူလိမ်လူညာတွေက လှည့်စားပြောင်းလဲပြီး၊ မုသား အဖြစ်ထောင်ချောက်ဆင် ညစ်တဲ့အခါ၊ မင်းဟာ တည်ငြိမ်စွာနဲ့ နာကြားနိုင်မယ်ဆိုရင်...

အကယ်၍

မင်းဘဝတစ်ခုလုံး ပေးပြီး၊ အရိပ်တကြည့်ကြည့်နဲ့ ဖြည့်ဆည်းခဲ့ရတဲ့ အရာရာကို၊ ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်၊ အင်မတန်မှ သေးငယ်တဲ့ တန်ဆာပလာ အရာရာနဲ့၊ ပြန်လည် တည်ဆောက်နိုင်မယ်ဆိုရင်...

အကယ်၍

မင်းနိုင်ခဲ့သမျှတွေ အားလုံး၊ ကြွေတလှည့် ကြက်တခုန်ပမာ၊ တလှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်...

ပြီးတော့

အစကနေ ပြန်စနိုင်မယ်ဆိုရင်...

ပြီးတော့တခါ

ဆိုးလှတဲ့ ကံကြမ္မာရယ်လို့၊ ဘယ်သောအခါမှ ညည်းညူမနေဘူးဆိုရင်...

အကယ်၍

သူများတကာတွေ လုပ်ပြီးသွားကြလို့၊ အချိန်အတော်ကြာမှ မင်းအလှည့် ရောက်လာတဲ့အခါ၊ မင်းတယောက်တည်းနဲ့ပဲ၊ အားနဲ့မာန်နဲ့ ဒွဲသတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်...

အဲဒီလိုပဲ

မင်းမှာ စိတ်အင်အားက လွဲလို့ ဘာဆိုဘာမှ မရှိတော့တဲ့အခါ၊ အဲဒီစိတ်အင်အားကို ခိုင်မာစွာနဲ့ပဲ၊ လက်ဆုပ်လက်ကိုင် ထားနိုင်မယ်ဆိုရင်...

အကယ်၍

လူတွေနဲ့ ထိတွေ့ဆက်ဆံပြောဆိုတဲ့အခါ၊ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်...

ဒါမှမဟုတ်

မင်းဇကရာဖိတွေနဲ့ အတူလမ်းလျှောက်နေရပေမယ့်၊ မာန်၊ မာန သွေး မကြွဘူးဆိုရင်...

အကယ်၍

ရန်သူကဖြစ်စေ၊ မိတ်ဆွေကဖြစ်စေ၊ မင်းကို နာကျည်းအောင် မလုပ်နိုင်စေရင်...

အကယ်၍

လူတိုင်းကို တန်ဖိုးထားလေးစားပေမယ့်၊ စွဲလမ်းမှုသံယောဇဉ်တွေ ထားမနေဘူးဆိုရင်...

အကယ်၍

တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ် အတွင်းမှာ၊ အမိပ္ပာယ်ရှိတဲ့ စက္ကန့်ခြောက်ဆယ် အဖြစ် အသုံးချနိုင်မယ်ဆိုရင်...

ငါ့သားရေ

မင်းဟာ အရာရာရှိတဲ့ အရာရာဖြစ်တဲ့ ကမ္ဘာကြီးကို ဆုပ်ကိုင်လို့၊ အရာရာ ဘာမဆို မင်းစွမ်းနိုင်ပြီပေါ့၊ အဲဒီတော့ မင်းဟာလည်း ယောကျ်ားကောင်း တယောက်ပဲပေါ့။ ။

(ဒေါ်အောင်ဆန်း စုကြည်မှ □□□ လူငယ်များအား ၁၉၈၉ ခုနှစ်တွင် အမှာစကားပြောကြားရင်း ဒီ □□ ကဗျာကို ပြန်ဆိုပြခဲ့ခြင်း ဖြစ်ပါသည်။)

ဒု သမ္မတ ရွေးပွဲတွင် စိုင်းမောက်ခမ်းကို ဒေါက်တာအေးမောင် မဲအပြတ်နှင့်ရှုံး

၀၃၊ ၀၂၊ ၁၁

ရခိုင်တိုင်းရင်းသားများတိုးတက်ရေး ပါတီမှ ဒေါက်တာအေးမောင်သည် ဒုတိယ သမ္မတနေရာအား အမျိုးသားလွှတ်တော်၌ ယှဉ်ပြိုင်ရာတွင် ဒေါက်တာစိုင်းမောက်ခမ်းအား မဲအပြတ်အသတ်နှင့် ရှုံးနိမ့်ခဲ့ကြောင်း သတင်းရရှိသည်။

ဒေါက်တာအေးမောင်က ၂၇ မဲသာရရှိပြီး ကြို့ခိုင်ရေးပါတီမှ ဒေါက်တာ စိုင်းမောက်ခမ်းမှာ ၁၄၀ မဲ ရရှိခဲ့သည်။

အမျိုးသားလွှတ်တော်တွင် ကြို့ခိုင်ရေးပါတီမှ ကိုယ်စားလှယ် ၁၂၉ ဦးသာရှိပြီး ကြို့ခိုင်ရေးမှ ဒေါက်တာ စိုင်းမောက်ခမ်း မဲ ၁၄၀ ရရှိခြင်းမှာ တခြား တသီးပုဂ္ဂလနှင့် ကြို့ခိုင်ရေးမဟုတ်သော တခြား ပါတီအမတ် ၁၁ ဦးက မဲပေးခဲ့၍ ဖြစ်ကြောင်းသိရသည်။

ပြည်သူ့လွှတ်တော်တွင် ကြို့ခိုင်ရေးမှ ဦးသိန်းစိန်နှင့် ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီမှ ဦးစောသိန်းအောင်တို့ ယှဉ်ပြိုင်ရာ ဦးသိန်းစိန်က ၂၇၆မဲ၊ ဦးစောသိန်းအောင်က ၃၈ မဲနှင့် ပယ်မဲ ၁၁ ရှိကြောင်းသိရသည်။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် သမ္မတနှင့် ဒုသမ္မတ နှစ်ဦးကို ရွေးချယ်ကြရတွင် ကြို့ခိုင်ရေးမှ ဦးသိန်းစိန်က သမ္မတဖြစ်လာပြီး စစ်တပ်မှ အဆိုတင်သွင်းလာသူ ဦးတင်အောင်မြင့်ဦးမှာ ဒုသမ္မတ ၁ နှင့် စိုင်းမောက်ခမ်းမှာ ဒုသမ္မတ ၂ တို့ ဖြစ်လာကြသည်။

ကြို့ခိုင်ရေးပါတီမှ သမ္မတ၊ ဒုသမ္မတ၊ ပြည်သူ့လွှတ်တော်၊ အမျိုသားလွှတ်တော်စသည့် အရေးကြီးသောနေရာများ အားလုံးကို ရယူထားပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေမှ နောက်ကွယ်က ကြိုးကိုင်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရေးအခြေအနေမှာ တစုံတရာ ပြောင်းလဲမည်မဟုတ်သလို လူ့အခွင့်အရေး ချိုးဖေါက်မှု၊ တိုင်းရင်းသားများအပေါ် ခွဲခြားဆက်ဆံအ နိုင်ကျင့်မှုများမှာ ပိုမိုပြီး တိုးပွားလာနိုင်သည်ဟု လေ့ လာသုံးသပ်သူများက ပြောသည်။

တိုင်းရင်းသားများနေထိုင်ရာ ပြည်နယ်များတွင်လည်း စစ်တပ်မှ အနားယူထားသော တိုင်းမှူးဟောင်းများ ဝန်ကြီးချုပ်ဖြစ်လာနိုင်သဖြင့် ပြည်နယ်များ၏ နိုင်ငံရေးအခင်းအကျင်းမှာလည်း တစ်စုံတရာ ပြောင်းလဲလာနိုင်ဖွယ် မရှိကြောင်း တိုင်းရင်းသားများက ယုံကြည်နေကြသည်။

ရခိုင်ပြည်နယ်လွှတ်တော်တွင် စစ်တပ်မှ ကိုယ်စားလှယ် ၁၂ ဦးပါဝင်မည်

၂၁၊ ၀၁၊ ၁၁

နအဖ စစ်အစိုးရမှ လွှတ်တော်သုံးရပ်တွင် ပါဝင်မည့် စစ်တပ်ကိုယ်စားလှယ်များစာရင်းကို ဖေဖော်ဝါရီလ ၂၁ ရက်နေ့က ထုတ်ပြန်ကျေညာရာ ရခိုင်ပြည်နယ်လွှတ်တော်တွင် စစ်တပ်မှ ကိုယ်စားလှယ် ၁၂ ဦး ပါဝင်မည်ဖြစ်သည်။

အဆိုပါ စစ်တပ်မှ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦးမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကြည်း (၁၇၅၁၇) ဗိုလ်မှူးကြီး ထိန်လင်း
၂။ ကြည်း (၂၂၀၀၅) ဗိုလ်မှူး သိန်းထွန်း
၃။ ကြည်း (၂၂၅၄၄) ဗိုလ်မှူး ကျော်မင်းထွန်း
၄။ ကြည်း (၃၀၈၆၀) ဗိုလ်မှူး မင်းဦး
၅။ ကြည်း (၃၁၉၈၈) ဗိုလ်မှူး နန်းထက်ဝင်း
၆။ ကြည်း (၃၃၁၂၆) ဗိုလ်မှူး/ဗိုလ်ကြီး ပြည့်စုံအောင်
၇။ ကြည်း (၃၃၁၃၄) ဗိုလ်မှူး/ဗိုလ်ကြီး စည်သူလင်းမောင်
၈။ ကြည်း (၂၅၅၅၀) ဗိုလ်ကြီး သိန်းထွန်းဦး
၉။ ကြည်း (၃၄၃၄၅) ဗိုလ်ကြီး ကျော်မျိုးထွန်း
၁၀။ ကြည်း(၃၈၅၈၇) ဗိုလ်ကြီး ကျော်ဆန်းဝင်း
၁၁။ ရေ (၃၅၇၅) ဗိုလ်မှူး ခွန်မျိုးမြရှိန်
၁၂။ ရေ (၃၇၀၆) ဗိုလ်မှူး ကျော်သက်နိုင်

ရတပ ပါတီ ပြည်နယ်လွှတ်တော်တွင် အတိုက်အခံအနေဖြင့် ရပ်တည်မည်မဟုတ်

၁၈၊ ၀၁၊ ၁၁

၂ ရက်တာ ကျင်းပပြုလုပ်ခဲ့သော ရခိုင် တိုင်းရင်းသားများတိုးတက်ရေးပါတီ (ရတပ)၏ ရခိုင်ပြည်နယ် လွှတ်တော်အမတ်များ အစည်းအဝေးမှာ ဇန္ဓဝါရီလ ၁၇ ရက်နေ့က ပြီးဆုံးသွားရာ ရတပ ပါတီအနေဖြင့် ရခိုင်ပြည်နယ်လွှတ်တော်တွင် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဒေါက်တာအေးမောင်က ပြောသည်။

''ကျွန်တော်တို့က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားပါမယ်။ ရခိုင်ပြည်နယ် လွှတ်တော်မှာ အတိုက်အခံအနေနဲ့ သွားရင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အနောင့်အယှက် သွားဖြစ်ပြီးတော့ ကျွန်တော်တို့ လိုလားနေတဲ့ ရည်မှန်းချက်ကို ပေါက်ရောက်မှာ မဟုတ်ဘူး။ ကျွန်တော်တို့က လွှတ်တော် ပထမ သက်တမ်း တဝက်တာကာလမှာ ရခိုင်ပြည်နယ် အတွင်းက မြို့တွေအကုန်လုံးမှာ ၂၄ နာရီ လျှပ်စစ်မီး ရရှိရေးအတွက် ဆောင်ရွက်သွားနိုင်အောင် လုပ်ဆောင်သွားဖို့ အစီအစဉ်ရှိပါတယ်။ ဒါကြောင့် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြို့ခိုင်ရေးပါတီနဲ့ မဆို ဘယ်ပါတီနဲ့ဖြစ်ဖြစ် လက်တွဲဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ဆွေးနွေး ညှိနိုင်းခဲ့ကြပါတယ်'' ဟု ဒေါက်တာအေးမောင်က ပြောသည်။

စာမျက်နှာ ၁၉ ကော်လံ ၄

ဆော်ဒီမင်းသား ရခိုင်လေဘေးအတွက် ငွေလှူ



၁၈၊ ၀၂၊ ၁၁

ဆော်ဒီမင်းသားနှင့် ကြင်ရာတော်တို့မှ ရခိုင်လေဘေးအတွက် ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ငွေများ ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန် ဒေါ်လာ ၅၀၀၀၀ အား ဆော်ဒီမင်းသား □ □ □ □ □ မှ ဂီရိသင့် ရခိုင်ပြည်သူများအား လှူဒါန်းရာ အဆိုပါငွေများကို ဆိုဒီအာရေဗျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကတဆင့် မြန်မာနိုင်ငံ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသို့ ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဂီရိသင့် ပြည်သူများ ပြန်လည် ထူထောင်ရေးအတွက် အကူအညီ အမေရိကန်ဒေါ်လာ ၅၇ သန်းခန့် လိုအပ်နေပြီ ယခုအချိန်ထိ ဒေါ်လာ ၂၂ သန်းခန့်သာ ရရှိသေးကြောင်း သိရသည်။

ဂီရိသင့် ရခိုင်ပြည်နယ် ဒေသများတွင် ပြည်သူအများအပြားမှာ ယခုအချိန်ထိ အိုးအိမ်များ ပြန်လည်မထူထောင်နိုင်ဘဲ ဖြစ်နေပြီး အနည်းဆုံး အိမ်ပေါင်း ၁၅၀၀၀ (လူဦးရေ ၁၀၄၀၀၀)ခန့်အတွက် အိမ်ယာများ ပြန်လည်ဆောက်ပေးရန် လိုအပ်နေသေးကြောင်း ပြည်တွင်းထုတ် ဂျာနယ်တစ်စောင်က ပြောသည်။

မုန်တိုင်းအတွင်း အိမ်ခြေပေါင်း ၂၀၀၀၀ ပျက်စီးသွားပြီး အဆိုပါအိမ်များကို ပြန်လည်တည်ဆောက်ရန် အမေရိကန် ဒေါ်လာ ၁၂ သန်းလိုအပ်မည်ဖြစ်ပြီး အိမ်ခြေပေါင်း ၁၄၅၀၀ ကို လာမည့် မိုးရာသီကုန်ဆုံးသည့်တိုင်အောင် ပြန်တည်ဆောက်နိုင်မည် မဟုတ်ကြောင်း သိရသည်။

ပြိုပျက်သွားသော အိမ်တစ်ဆောင် ပြန်လည်တည်ဆောက်ရန်အတွက် အမေရိကန် ဒေါ်လာ ၂၅၀ ကျော် ကုန်ကျမည်ဟု သိရသည်။

ယခု ဆော်ဒီမင်းသားမှ လှူဒါန်းလိုက်သော ဒေါ်လာ ၅၀၀၀၀ ကို မြန်မာစစ်အစိုးရမှ မည့်သည့်နေရာတွင် အသုံးပြုမည်ကို တစုံတရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

"ရှင်သန်နိုးထအာရက္ခ" နှင့် "တွဲလက်ဂရူဏာ" ဖြေဖျော်ပွဲမှ ရရှိသောရံပုံငွေများကို ဂီရိဒုက္ခသည်များကို လှူဒါန်းလိုက်ပြီ

မင်းဆက်ခိုင်

၂၀၊ ၀၁၊ ၁၁

ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော "ရှင်သန်နိုးထအာရက္ခ"နှင့် ရခိုင်ပြည်နယ် မြို့တချို့တွင် ပြုလုပ်ခဲ့သော "တွဲလက်ဂရူဏာ" စင်တင်တေးဂီတ ဖြေဖျော်ပွဲများမှ ရရှိခဲ့သော ရံပုံငွေများကို လေဘေးသင့်ပြည်သူများသို့ ပေးပို့ ကူညီလှူဒါန်းလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ရှင်သန်နိုးထ အာရက္ခ" ဖြေဖျော်ပွဲမှ ရရှိခဲ့သော ရံပုံငွေ ကျပ် တစ်ရာ့တစ်ဆယ့် တစ်သိန်းနှင့် "တွဲလက်ဂရူဏာ" ဖြေဖျော်ပွဲမှ ရရှိခဲ့သောရံပုံငွေ ကျပ် လေးဆယ်နှစ်သိန်း ခုနှစ်သောင်းကိုးထောင်ကို အလိုတော်ပြည့်ဆရာတော်ကြီးထံမှတဆင့် ပေးအပ်လှူဒါန်းလိုက်ခြင်း ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော "ရှင်သန်နိုးထ အာရက္ခ"

စာမျက်နှာ ၁၉ ကော်လံ ၁

ဂီရိအလှူငွေ ပေးအပ်ပွဲနှင့် ကွယ်လွန်သူများအား ရည်စူး၍ ဆွမ်းကျွေး–ရေစက်ချအမျှဝေပွဲ အခမ်းအနား မလေးရှားတွင်ပြုလုပ်

၃၀၊ ၀၁၊ ၁၁

ဂီရိမုန်တိုင်း ဒုက္ခသည်များ ကူညီထောက်ပံ့ရေး အလှူငွေပေးအပ်ပွဲနှင့် မုန်းတိုင်းကြောင့် ကွယ်လွန်သွားသူများအား ရည်စူး၍ ဆွမ်းကျွေး–ရေစက်ချ အမျှဝေပွဲ အခမ်းအနားတရပ်ကို မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားကို ကွာလာလမ်ပူမြို့ ဆုမ်ဂိုင်းဘလို့ (□□ အရပ်ရှိ အသောကာရာမကျောင်းတွင် ဇန္ဒဝါရီလ ၃၀ ရက်နေ့က ကျင်းပခဲ့သည်။ အခမ်းအနားသို့ အသောကာရာမ ဆရာတော် ဒေါက်တာ သီလဝံသ အမှူးရှိသော ရဟန်တော်(၃)ပါး ကြွရောက်ကြပြီး အလှူရှင်များဘက်မှ ဦးဦးဘငြိမ်း ဦးဆောင်သော အကျိုးဆောင်သူများနှင့် အလှူရှင် ၆၀ ခန့် တက်ရာက်ခဲ့ကြသည်။

အခမ်းအနားတွင် ဆရာတော် ဒေါက်တာသီလဝံသမှ သြဝါဒစကားကို ပြောကြားပြီး ရက္ခိတလူမှု့ ရေးနှင့် ယဉ်ကျေးမှုရံပုံငွေ (မလေးရှား)မှ ဦးထွန်းအောင်ကျော်က အမှာစကားပြောကြားခဲ့သည်။ ထိုနောက် လေဘေး ကူအညီရရှိရေးနှင့် အခမ်းအနား ဖြစ်မြောက်ရေးအတွက် အဓိက အ ကျိုးဆောင် ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဦးဦးဘငြိမ်းမှ အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသွားကြောင်း သိရသည်။

ထိုနောက် အလှူရှင်လူငယ် များက စုဆောင်းရရှိထားသော အ လှူငွေ မလေးရှားရိန်းဂစ် ၇၇၆၆ (မြန်မာကျပ်ငွေ ၂၁၇၄၀၀၀)အား ဆရာတော် ဒေါက်တာသီလဝံသ ထံသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြသည်။ မလေးရှားနိုင်ငံတွင် ဂီရိဒုက္ခသည်များ ကူညီထောက်ပံ့ရေးအတွက် ရခိုင်ဆရာတော် (၂)ပါး ဖြစ်သော ဒေါက်တာ အရှင်သီလဝံသနှင့် ဆရာတော် အရှင်ရာဇိန္တတို့မှ ဦးဆောင်ပြီး အလှူငွေများ စုဆောင်းကောက်ခံနေရာ ယခုအ

စာမျက်နှာ ၃ ကော်လံ ၅

ဂီရိလေဘေးကြောင့် သေဆုံးသွားသူများအား ရေစက်ချအမျှဝေပွဲပြုလုပ်

ကျောက်တော်မြို့ ဆိပ်ကမ်းတစ်လျှောက်ရှိ နှစ်ချို့ပင်များ ခုတ်ပစ်မည်ဆို၍ မြို့လူထုစိုးရိမ်

၁၇၊ ၀၂၊ ၁၁

ကျောက်တော် ဆိပ်ကမ်းတွင် နှစ်ပေါင်း ၇၀ နှင့် ၈၀ အကြား သက်တမ်းရှိ သစ်ပင်ကြီးများကို သက်ဆိုင်ရာမှ ခုတ်လှဲပစ်မည်ဆိုသည်သတင်းကြောင့် မြို့သူမြို့သားများ စိုးရိမ်နေကြောင်း သတင်း ရရှိသည်။

''ဒီ သစ်ပင်ကြီးတွေက ကျောက်တော် ဆိပ်ကမ်းတလျောက်မှာ တည်ရှိလာတာ ကြာပါပြီ။ အရိပ် အာဝါသ ရတယ်။ လှေသမားတွေ၊ ခရီးသည်တွေ အဲဒီသစ်ပင်ကြီး အရိပ်အောက်တွေမှာ ဘဲ အနားယူသူယူ၊ ထမင်းချက် သူချက် အဲသလို ဝိုင်းအားထားရတဲ့ သစ်ပင်ကြီးတွေပါ။ အခုတော့ ပြည်နယ် ပယက အမိန့်နဲ့ ခုတ်လှဲပစ်မယ်ဆိုပြီး သတင်းဖြစ်နေတော့ မြို့လူထုက စိုးရိမ်နေကြပါတယ်'' ဟု မြို့ခံလူကြီး တစ်ဦးက ပြောသည်။

ကျောက်တော်မြို့မှာ ကုလားတန် မြစ်အထက်ပိုင်းတွင် တည်ရှိပြီး ချင်းပြည်နယ် အပါအဝင် အိန္ဒိယနှင့်ပါ ကုန်စည်ကူးသန်းရောင်းဝယ်ဖေါက်ကားရာ မြို့ဖြစ်သဖြင့် အထူးစည်ကားပြီး စီးပွားရေးအရ အရေးပါကာ စက်လှေသဗ္ဘာန်များ မပြတ် ဝင်ထွက်သွားလာနေသော မြို့ဖြစ်သည်။

တခြား မြို့ခံ လူငယ်တစ်ဦးကလည်း ''ကျွန်တော်တို့မြို့မှာ လေ့ပြင်ပွဲတွေ လုပ်ရင် ဒီသစ်ပင်ကြီးတွေက တအားကို အရိပ်ရတဲ့အတွက် လူတွေအတွက် အထူးအကျိုးရှိပါတယ်။ လူတွေက နေ့လည်ပိုင်းဆိုရင် အဲဒီအပင်အောက်တွေမှာ အရိပ်ခိုနေကြတာ ဖြစ်ပါတယ်။ ဘယ်သူမှ သစ်ပင်ကြီးတွေကို ခုတ်လှဲပစ်မှာကို မလိုလားကြပါဘူး''ဟု ပြောသည်။

အဆိုပါ နှစ်ချို့သစ်ပင်ကြီးများမှာ ကျောက်တော်ဆိပ်ကမ်းလမ်းတလျောက်တွင် တည်ရှိပြီး အများစု သစ်ပင်ကြီးများမှာ စံပယ်ပင်များ ဖြစ်ကြသည်။

အိန္ဒိယနှင့် ဆက်သွယ်မည့် ကုလားတန်မြစ်ကြောင်း ဘက်စုံ စီမံကိန်းအတွက် ကျောက်တော် ဆိပ်ကမ်းကိုလည်း ပြင်ဆင်တည်ဆောက်မည်ဖြစ်ရာ သက်ဆိုင်ရာက နှစ်ပေါင်း ၇၀ – ၈၀ သက်တမ်းရှိ သစ်ပင်ကြီးများကို ခုတ်လှဲပစ်ရန် စီစဉ်နေခြင်း ဖြစ်ကြောင်း သိရသည်။

အိန္ဒိယ အရှေ့မြောက်ပြည်နယ်များနှင့် ဆက်သွယ်မည့် ကုလားတန် မြစ်ကြောင်းစီမံကိန်းကို ယခု စတင် အကောင်အထည်ဖေါ်တည်ဆောက်နေရာ လက်ရှိအခြေအနေတွင် စစ်တွေမြို့ရှိ သမိုင်းဝင်မင်းကြီးကျောက်တန်း ပျက်စီးဆုံးရှုံးသွားတော့မှာ ဖြစ်သလို တခြား သဘာဝ ပတ်ဝန်းကျင်များလည်း အထူး ပျက်စီးနေကြောင်း သိရသည်။

စစ်တွေမြို့နယ် ပြည်နယ် လွှတ်တော် အမတ်ဦးအောင်မြကျော်မှ '' ရခိုင် လူထု အကျိုးဖြစ်မှာက နောက်မှာပါ။ အခုလော လောဆယ်မှာတော့ စစ်တွေက သမိုင်းဝင် မင်းကြီးကျောက်တန်း ပျောက်ကွယ်သွားတော့မယ်။ ဒါပြင် ဆိပ်ကမ်းကို ဖြေဖို့နေတဲ့အတွက် သဲတွေ၊ ကျောက်တွေကို ရတဲ့နေရာက စည်းမဲ့ကမ်းမဲ့ ယူနေတဲ့အတွက် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုတွေ အကြီးအကျယ် ဖြစ်နေပါတယ်'' ဟု ပြောသည်။

ယခုကဲ့သို့ ကုလားတန်မြစ်ကြောင်း စီမံကိန်းကြောင့် ကျောက်တော်မြို့ ဆိပ်ကမ်းတလျောက်ရှိ နှစ်ချို့ပင်များ ခုတ်လှဲခံရတော့မည့်အပြင် ကျောက်တော်နှင့် ပလက်တရာ ဖေါက်လုပ်နေသော ကားလမ်းအတွက် လယ်မြေကော အများအပြားလည်း သိမ်းဆည်းခံနေရတော့ကြောင်း သိရသည်။

စစ်တွေ ပွိုင့်ကမ်းခြေအနီးမှ သဲများကိုလည်း ကားကြီးများဖြင့် စစ်တွေ ဆိပ်ကမ်းသစ်နေရာတွင် မြေဖို့ရန် ယူဆောင်နေသဖြင့် သာယာလှပသော ပွိုင့်ကမ်းခြေရှိ ကျောက်ဆောင်များနှင့် ကျောက်တန်းများကိုလည်း ထိခိုက်နိုင်ကြောင်း စစ်တွေမြို့ခံများက ပြောသည်။

ဒေါ်စုနှင့်လူငယ်များတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သူ ရခိုင်လူငယ်တစ်ဦးရဲ့ပြောကြားချက်

၁၀၊ ၀၂၊ ၁၁

ဖေဖော်ဝါရီလ ၉ ရက်နေ့က ပြုလုပ်ခဲ့သော ဒုတိယနေ့မြောက် လူငယ်များနှင့် ဒေါ်စုတွေ့ဆုံပွဲတွင် ရခိုင်လူငယ် ၁၅ ဦး ပါဝင်တက်ရောက်ခဲ့သည်။ တက်ရောက်ရာတွင် ပါဝင်ခဲ့သည့် ရခိုင်လူငယ်တစ်ဦးဖြစ်သူ ကိုကျော်က ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး နိဂုံးရောက် ယခုကဲ့သို့ စတင်ပြောကြားသည်။

''ဟုတ်ကဲ့။ စုစုပေါင်း ရခိုင်က လူငယ် ၁၅ ယောက်ပါ။ အဲဒီအထဲမှာ ဝိန်းခလေး ၂ ယောက် ပါဝင်ပါတယ်။ အခိုက တော့ ရခိုင်လူငယ်တွေကို ကိုယ် စားပြု တက်ရောက်ခဲ့တယ်ဆိုပေမယ့် မြန်မာပြည်နဲ့ ပတ်သက်ပြီး ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်'' ဟု သူက ပြောသည်။

ဆွေးနွေးခဲ့သော အကြောင်းအရာများနှင့် ပတ်သက်ပြီး လည်း သူက ယခုကဲ့သို့ ပြောသည်။

''ရခိုင်လူငယ်တွေ ဆွေးနွေးတယ်ဆိုတာထက် အခြားပြည်နယ်က လူငယ်တွေ ဆွေးနွေးတာက ပိုများတယ် ထင်ပါတယ်။ တခြား ပြည်နယ်တွေက ဆွေးနွေးတာကတော့ ဒေသတွင်းမှာ မြစ် ပျက်တာတွေကို တင်ပြဆွေးနွေးကြတာကို တွေ့ရပါတယ်။ ကျနော်တို့ ရခိုင်လူငယ်တွေ ဆွေးနွေးတာတွေကတော့ လာမယ့်အနာဂတ် ဒီမိုကရေစီအရေး လူပ်ရှားမှုတွေမှာ ဘယ်လို ပူးပေါင်းပါဝင်ကြမှာလဲဆိုတဲ့ အခန်းကဏ္ဍတွေကို မေးမြန်းခဲ့ပါတယ်။ နောက်တခုက ရခိုင်ဒေသမှာ မြစ်ပေါ်ခဲ့တဲ့ ဂိစိမုန်တိုင်းဒဏ်ခံခဲ့ရတဲ့ ဒေသမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဦးဆောင်ပြီးတော့ ထောက်ပံ့အကူညီ ပေးနေတာတွေ၊ ဆန်တွေ အကူညီပေးတာတွေနဲ့ ပတ်သက်ပြီးလည်း ဆွေးနွေးတာတွေရှိပါတယ်။ ဒီအတွက်လည်း ဒေါ်စုကို ကျေးဇူးတင်ကြောင်း ရခိုင် လူငယ်တွေက ပြောကြားခဲ့ပါတယ်။''

ဒေါ်အောင်ဆန်း စုကြည်မှ လည်း ၂၀၀၂ ခုနှစ် ရခိုင်ပြည် နယ်နှင့် ချင်းပြည်နယ်သို့ သွား ရောက်လည်ပတ်စဉ် ပြည်သူများ၏ သောင်းသောင်းဖျဖျ လိုက်လဲ ပျူငှာစွာ ကြိုဆိုမှုကို တွေ့ရသဖြင့် ရခိုင်နှင့် ချင်းပြည်သူများကို အထူး ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သူက ပြောသည်။ ဆွေးနွေးပွဲတွင် အဓိကထား ဆွေးနွေးခဲ့သော အကြောင်းအရာများကိုလည်း သူက ခုလို ဆက်ပြောသည်။

''ဒေါ်အောင်ဆန်း စုကြည် ပြောတာကတော့ မြန်မာပြည် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေ ရဲ့အား လိုအပ်တယ်ဆိုတဲ့ အကြောင်း။ နောက်ပြီး လက်ရှိ ဖြစ် ပျက်နေတာတွေဟာ အစိုးရမှာ တာဝန်ရှိတယ် ဆိုတဲ့အကြောင်း။ သို့သော်လည်း အစိုးရမှာ တာဝန် ရှိတယ်ဆိုပေမဲ့ ကျမတို့အနေနဲ့ ဥပေက္ခာ ပြုနေဖို့နဲ့ မြန်မာ ပြည် ဒီမိုကရေစီ ပြောင်းလဲမှုအတွက် ကြိုးစားလုပ်ဆောင်ကြဖို့ လိုအပ် တဲ့အကြောင်းနဲ့ လာမယ့် ၂၁ ရာစု ပင်လုံနဲ့ပတ်သက်ပြီး တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍများက အရေးကြီးတယ်ဆိုတဲ့ အကြောင်း တွေကို ပြောကြားသွားပါတယ်။''

ယခု ဒေါ်စုနှင့် တိုင်းနှင့် ပြည်နယ်များမှ လူငယ်များ တွေ့ဆုံဆွေးနွေးပွဲပတ်သက်ပြီး အကျိုး ကျေးဇူး ရှိပုံကိုလည်း ကိုကျော်က ယခုကဲ့သို့ ပြောကြားသည်။

'' တွေ့ဆုံ ဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး အကျိုး အများကြီးရှိတာကိုတွေ့ရပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျနော်တို့ နိုင်ငံရဲ့ အပြောင်းလဲမှာ ဒေါ်အောင်ဆန်း စုကြည်ဟာ မပါမဖြစ်ဆိုတာ လူအ များစုကလည်း ယုံကြည်နေတယ်။ တိုင်းရင်းသားတွေကလည်း လက် ခံထားတယ်။ ဒေါ်အောင်ဆန်းစု ကြည်ဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ခေါင်းဆောင်သာမ ဟုတ်ဘဲ တနိုင်ငံလုံးရဲ့ လူထု ခေါင်းဆောင်လို့ လူတွေရဲ့ ရင်ထဲ မှာ အမြဲ ခံယူထားတဲ့အတွက် ဖြစ်ပါတယ်။ ကျနော်တို့ ဒေါ် အောင်ဆန်းစုကြည်ရဲ့ အသံကို ကြားရတုန်းက ၂၅ ရာခိုင်နှုန်းသာ အားဖြစ်ပြီး ဒေါ်စုနဲ့ ကိုယ်တိုင် တွေ့ဆုံပြီး ပြောကြဆိုကြ ဆွေး နွေးကြတဲ့အခါမှာ ကြားရသူ လူ ငယ်တွေရဲ့စိတ်တွေမှာ ၇၅ ရာခိုင် နှုန်းထိ အားသစ်တွေ ဖြစ်ပေါ်လာ ပြီး ကျန်တဲ့ ၂၅ ရာနှုန်းကိုတော့ ကိုယ်ဟာ ကိုယ်ဖြည့်ကြရမယ် လို့ ခံယူမိပါတယ်။''

ဖေဖော်ဝါရီလ ၉ ရက်နေ့က လုပ်ခဲ့သော တွေ့ဆုံပွဲကို ရန်ကုန်မြို့ ပဟန်းမြို့နယ် အဖွဲ့ချုပ်ရုံးတွင် ပြုလုပ်ခဲ့ပြီး ရခိုင်လူငယ်များ သာမက ချင်း၊ ကချင်၊ ရှမ်း၊ ကယား၊ မန္တလေး၊ မကွေးနှင့် တနင်္သာရီမှ လူငယ်များ ပါဝင် ကြောင်း သူက ပြောသည်။

ယခု ဒေါ်စုနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သော ရခိုင် လူငယ်များမှာ အဖွဲ့ချုပ် အဖွဲ့ဝင် များမဟုတ်ဘဲ နိုင်ငံရေးနှင့် လူမှု ရေးကို စိတ်ဝင်စားသူ လူငယ်များ ဖြစ်ကြောင်း သိရသည်။

တောင်ကုတ်မှ လူငယ် ၅ ဦး ပြန်လည် လွတ်မြောက်လာ

၀၉၊ ၀၂၊ ၁၁

ရခိုင် ပြည်နယ် တောင်ကုတ်မြို့မှ ၂၀၀၈ ခုနှစ် ရွှစ်လေးလုံး အရေးတော်ပုံနေ့ နှစ် ၂၀ ပြည့်နေ့တွင် ငြိမ်းချမ်းစွာ ချီတက် ဆန္ဒပြ၍ ဖမ်းဆီးခံရသူ အဖွဲ့ချုပ် အဖွဲ့ဝင် လူငယ် ၅ ဦးမှာ ဖေဖော်ဝါရီလ ၇ ရက်နေ့က ဘူးသီးတောင်ထောင်ထဲမှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

လွတ်မြောက်လာသူ လူငယ် ၅ ဦးမှာ ကိုမိုးနေစိုး၊ ကို သန်းလွင်၊ ကိုချစ်မောင်မောင်၊ ကို မောင်မောင်သက်နှင့် မနီနီမေမြင့် တို့ ဖြစ်ကြသည်။

စစ်တွေမှ အဖွဲ့ချုပ် လူငယ်တစ်ဦးက ''သူတို့ ဘူးသီးတောင်ထောင်က ဒီလ ၇ ရက်နေ့မှာ ထောင်သက်တမ်းစေ့တဲ့ အတွက် ပြန်လွှတ်လာပါတယ်။ လွှတ်တဲ့နေ့မှာဘဲ စစ်တွေကို ရောက်ပါတယ်။ သူတို့ကို စစ်တွေမှာ အဖွဲ့ချုပ် အဖွဲ့ဝင်တွေက ကြိုဆို နေရာချထားပါတယ်'' ဟု ပြောသည်။

တခြား စစ်တွေက လူငယ် တစ်ဦးကလည်း ''သူတို့နဲ့ မနေ့က ညနေပိုင်းမှာ စစ်တွေ မြေ ဘက်ရုံးဆိုင်မှာ ဆုံဖြစ်ပါတယ်။ ကျန်းမာရေးကတော့ ကောင်းပုံရပါတယ်။ ထွေထွေထူးထူး စကား တွေတော့ မပြောဖြစ်ခဲ့ပါဘူး။ သူတို့လည်း ပြောလိုပုံမရပါဘူး'' ဟု ပြောသည်။

အဆိုပါ တောင်ကုတ်မြို့မှ လူငယ် ၅ ဦးသည် ၂၀၀၈ ခုနှစ် ရွှစ်လေးလုံး (၂၀)ပြည့်နေ့က တောင်ကုတ်မြို့တွင် ငြိမ်းချမ်းစွာ ချီတက် လမ်းလျှောက်ဆန္ဒပြခဲ့သည့်အတွက် တခြားလူငယ် ၄၃ ယောက်နဲ့အတူ ဖမ်းဆီးခံခဲ့ရသည်။

ဖမ်းဆီးခံရပြီးနောက် သူတို့တွင် ဝတ်လာခဲ့သော ရွှစ်လေးလုံးနေ့ တီရုပ်များကို တာဝန်ရှိသူများက ကိုယ်ပေါ်မှ ချွတ်ခိုင်းရာ ကျန်လူငယ်များက ချွတ်သော်လည်း သူတို့ ချွတ်ရန် ငြင်းဆိုသဖြင့် ဆက်လက်ဖမ်းဆီးကာ ထောင်ဒဏ်ချမှတ် ခံခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရပြီးနောက် သံတွဲထောင်သို့ ပို့ဆောင်ခံရကာ သံတွဲထောင် တရားရုံးက ဩဂုတ်လ ၁၅ ရက်နေ့တွင် နိုင်ငံတော် အကြည်ညိုပျက်စေမှုပုဒ်မ ၁၄၃ နှင့် ဆူပူလှုံ့ဆော်မှု ၅၀၅ (ခ)ဖြင့် ထောင်ဒဏ် ၂နှစ်ခွဲစီ ချမှတ်ခဲ့သည်။ စက်တင်ဘာလ ၉ ရက်နေ့တွင် သံတွဲထောင်ထဲတွင် ဆရာတော် ဦးဥတ္တမနေ့တွင် အစာတော်ခံ ဆန္ဒပြသဖြင့် ဘူးသီးတောင်ထောင်သို့ ပို့ဆောင်ကာ ချုပ်နှောင်ထားခဲ့သည်။

သုံးလ ကျော်လွန်လာသော်လည်း ဂိရိဒုက္ခသည်များ အိုးမဲ့အိမ်မဲ့ဖြစ်နေဆဲ

မောင်အေး
၀၃၊ ၀၂၊ ၁၁

ရခိုင်ပြည်နယ် ကမ်းရိုးတန်းတလျှောက်ကို ၂၀၁၀ ခုနှစ် အောက်တိုဘာလအတွင်းက ဝင်ရောက် တိုက်ခိုက်ခဲ့သည့် ဂိရိမုန့်တိုင်းကြောင်း ပျက်စီးသွားသည့် အိုးအိမ်များကို ယခုတိုင် ပြန်လည် မဆောက်လုပ်နိုင်သည့် အတွက် မုန်တိုင်းဒုက္ခသည်အများစုမှာ အိုးမဲ့အိမ်မဲ့များ ဖြစ်နေကြကြောင်း သိရသည်။

''အဓိက လူတွေလက်ထဲမှာ ငွေကြေးမရှိတဲ့အတွက် ပျက်စီးသွားတဲ့ အိမ်တွေကို ပြန်မဆောက်နိုင်သေးဘူး။ နောက်ပြီး အများစုလုပ်ကြတဲ့ ရေလုပ်ငန်းကိုလည်း ပိုက်ကွန်တွေ မရှိတဲ့အတွက် မလုပ်နိုင်ကြဘူး။ အနည်းစုလောက်ဘဲ ပြန်လုပ်နိုင်ကြသေးတယ်။ လယ်သမားတွေမှာလဲ စပါးမရလိုက်ကြတဲ့အတွက် ဘဝရပ်တည်ဖို့ စားသောက်စရာ မရှိကြဘူး။ အိမ်တွေကို ပြန်မဆောက်နိုင်တဲ့ အခြေနေမှာဘဲ ရှိတယ်'' ဟု ဦးအေးသာအောင်က ပြောသည်။

မုန်းတိုင်း ဒုက္ခသည်များမှာ ယနေ့တိုင် အကူအညီများကို မျှော်လင့်နေကြပြီး အကူညီရရှိနိုင်မည့် အဖွဲ့အစည်းများကို လိုက်ရှာဖွေနေကြကြောင်းလည်း သူက ဆက်ပြောသည်။

''အခုထိ သူတို့ကို အကူအညီ ပေးမဲ့လူတွေကို မျှော်နေကြတယ်။ အကူညီတွေရရင် မျှဝေပြီးစားသောက်ကြတယ်။ နောက်ပြီး ဖြို့တွေကိုတက်ပြီး ဘယ်အဖွဲ့စည်းတွေက အကူညီ ရနိုင်မှာလည်း ဆိုတာ ရှာကြတယ်။ တချို့အဖွဲ့စည်းတွေဆီမှာ အကူညီရဖို့ လျှောက်လွှာတင်တာ တွေလည်းရှိတယ်။''

သိန်းနှင့်ချီသည့် မုန်တိုင်းဒုက္ခသည်များမှာ အိုးမဲ့ဖြစ်နေကြသည့်အပြင် အများစုမှာ အကြွေးတင်နေကြသည့်အတွက် ပြန်လည် ထူထောင်ရေးအတွက် များစွာ အချိန်ယူရမည်ဖြစ်ကြောင်း ကူညီရေး လုပ်နေသူများက ပြောသည်။

ယခုကဲ့သို့ သုံးလကျော် လွန်လာသည့်တိုင်အောင် အိုးအိမ် များ ပြန်လည် မတည်ဆောက်နိုင်သေးသည့်အတွက် လာမည့် ဝိုးရာသီတွင် ပိုဆိုးဒုက္ခ ရောက်နိုင်ကြောင်း မုန်တိုင်းသင့် ဒေသတွင်းကလေးများအား စာသင်ပေးခွဲသည့် ရဟန်းတော်တစ် ပါးက ပြောသည်။

တချို့ဒေသတွင် ''ရက္ခမေတ္တာ'' ကူညီရေးသမားများသာ ယာယီ နေထိုင်နိုင်ရန် ကျပ် ၅၀၀၀၀ တန် နေအိမ်များကို ဆောက်ပေးနေကြောင်းလည်း အဆိုပါ ရဟန်းတော်မှ ပြောသည်။

နိုင်ငံတကာ ကူညီရေးအဖွဲ့များနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ စေတနာရှင်များက အရေးပေါ် အကူအညီများ ပေးအင်ခဲ့သော်လည်း ပြန်လည် ထူထောင်ရေးအတွက် အကူညီများစွာ လို အပ်နေသေးကြောင်း သိရသည်။ ပြန်လည် ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၅၇ ကျော် လိုအပ်သော်လည်း ယခု ကောက်ခံရရှိသည့် အလှူငွေမှာ အမေရိကန် ဒေါ်လာ ၂၂ သန်းသာ ကောက်ခံရရှိသေးကြောင်း ကုလသမဂ္ဂ ကြေငြာချက်တွင် ဖော်ပြသည်။

ဂိရိမုန်တိုင်းဒဏ်ကို ပေါက်တော၊ မြေပုံ၊ ကျောက်ဖြူနှင့် မင်းပြားမြို့နယ်များမှာ အဓိက ခံခဲ့ရပြီး ရာနှင့်ချီသည့် လူများသေဆုံးခဲ့ကာ သိန်းနှင့်ချီပြီး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ မြန်မာ နအဖ စစ်အစိုးရကမူ ရခိုင်လေဘေးကို ဝါဒဖြန့်ရုံ လောက်သာ စိတ်ဝင်စားပြီး တကယ် ထိရောက်စွာ ကူညီပေးမှုမရှိသဖြင့် ရခိုင်လေဘေး သင့်ပြည်သူများမှာ ခိုကိုးရာမဲ့ အခြေအနေသို့ ကျရောက်နေကြရကြောင်း သတင်းရရှိသည်။

စစ်တွေတွင် ကြက်မွေးမြူသူများ ထိခိုက်နစ်နာ

၀၈၊ ၀၂၊ ၁၁

စစ်တွေမြို့တွင် ကြက်တုတ်ကွေးကြောင့် ကြက်များကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ရသဖြင့် ကြက်မွေးမြူရေး လုပ်သူများအနေဖြင့် စီးပွားရေးအရ အထူး ထိခိုက်နစ်နာမှု ဖြစ်ပေါ်နေကြရကြောင်း သတင်းရရှိသည်။

အမည်မဖော်လိုသူ ကြက်မွေးမြူရေး လုပ်သူတစ်ဦးက ''ကျွန်တော်ကြက်ခြံက ကြက်ကောင်ရေ ၄၀၀၀ သုတ်သင်ခဲ့လိုက်ရပါတယ်။ သိန်း ၁၀၀ နီးပါးထိ နစ်နာသွားခဲ့ပါတယ်။ အစိုးရက ဘာမှ လျော်ကြေးပေးတာတို့၊ ထောက်ပံ့ကူညီပေးတာတို့ မရှိပါဘူး'' ဟု ပြောသည်။

စစ်တွေမြို့နယ် ဘုမေကျေးရွာမှ ကြက်ခြံတစ်ခုတွင် ဇန္နဝါရီလ ၁၂ ရက်နေ့က အပြင်းစား ကြက်တုတ်ကွေး □ □ □ □ □ □□(51□

□ ရောဂါပိုးကို ရှာဖွေတွေ့ရှိပြီးနောက် အနီးအနားရှိ ကြက်ခြံများမှ ကြက်များကို ကျန်းမာရေးဌာနနှင့် စည်ပင်သာယာက လာရောက် ရှင်းလင်းပစ်ခဲ့သည်။

''ကျွန်တော့် ကြက်ခြံက ဘုမေကျေးရွာအုပ်စု သဲရောင်းမှာ ရှိနေတော့ ကြက်တွေ အကုန်လုံး အရှင်းခံလိုက်ရပါတယ်။ ဘုမေအုပ်စုတောင်မကပါဘူး။ တခြားနေရာတွေက ကြက်ခြံတွေလည်း အကုန်လုံး ရှင်းလင်းခံခဲ့ရပါတယ်။ ခန့်မှန်းခြေ ကြက်ကောင်ရေ ၅၀၀၀၀ နဲ့ ၁၀၀၀၀၀ ကြားမှာ ရှင်းလင်းပစ် ခံခဲ့ရတာဖြစ်ပါတယ်'' ဟု သူက ပြောသည်။

အဆိုပါ ကြက်ခြံများမှ ကြက်များကို တုတ်ကွေးကြောင့် ရှင်းလင်းပစ်ခဲ့သော်လည်း အစိုးရမှ နစ်နာကြေးအတွက် ငွေကြေးများ တစ်စုံတရာ ထောက်ပံ့ပေးမှု မရှိသလို ချေးငွေများ ထုတ်ချေးပေးခြင်းလည်း မရှိကြောင်း သိရသည်။

''ကျွန်တော်တို့ တိုင်းပြည်မှာ ဒီလို အစိုးရက ထောက်ပံ့ပေးတာ၊ လျော်ကြေးပေးတာတွေ မရှိပါဘူး။ ဒါကြောင့် ကိုယ်ဖြစ်ရင် ကိုယ်ခံကြရတဲ့ သဘောပါ။ အဲသလို အစိုးရက လျော်ကြေးပေးတာတွေ မရှိတဲ့အပြင် ကြက်ခြံတွေကို ဆေးဖြန့်တဲ့အတွက်ရော သုတ်သင် ရှင်းလင်းတဲ့အတွက်ရော သက်ဆိုင်ရာ အဖွဲ့တွေကို ငွေတွေ ပေးရတာတောင် ရှိပါတယ်''ဟု သူက ဆက်ပြောသည်။

ကြက်ခြံများမှ ကြက်များကို သုတ်သင် ရှင်းလင်းပစ်ပြီး နောက် ယခုအခါ တုတ်ကွေးဖြစ်ပွားနေမှုကို မကြားရတော့သဖြင့် ထိန်းချုပ်နိုင်သည့် အနေအထားသို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း မင်းဂံရပ်ကွက်မှ တိရစ္ဆာန် ဆေးကု ဆရာဝန်တစ်ဦးက ပြောသည်။

'' တုတ်ကွေးသတင်းက ဘာသံမှ ထွက်မလာတော့ဘူး။ ထိန်းချုပ်နိုင်တဲ့အဆင့်ကို ရောက်သွားပါပြီ။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း အပြင်းစား တုတ်ကွေးဆိုတော့ သတိထားပြီး စောင့်ကြည့်နေပါတယ်။ ကြက်၊ ကြက်ဥ စတာတွေကိုလည်း အတင်အသွင်း မလုပ်ရဘူးလို့ ပိတ်ပင်ထားတဲ့အတွက် အခြေအနေကို ထိန်းချုပ်နိုင်ပြီလို့ ယူဆလို့ ရပါတယ်။'' ဟု ပြောသည်။

အဆိုပါ တုတ်ကွေးမှာ အိမ်နီးချင်းနိုင်ငံမှတဆင့် ကူးစက်ပျံ့နှံ့ ရောက်ရှိလာခဲ့ပုံရသည်ဟု အဆိုပါ တိရစ္ဆာန် ဆရာဝန်က ပြောသည်။



ဓါးပြကို ခုခံရန် လက်နက်ပြုလုပ်သူ ကျေးရွာသား ဖမ်းဆီးခံရ

တာကလူး
၁၀၊ ၀၂၊ ၁၁

ရခိုင်ပြည်နယ် ဘူးသီးတောင်ဖြို့နယ် ကျေးရွာတစ်ခုမှ ဓါးပြရန်ကို ခုခံရန် လက်နက်များ ပြုလုပ်သူ ရခိုင်အမျိုးသားတစ်ဦးကို နစ်က တပ်ဖွဲ့ဝင်များက လက်နက် များနှင့်အတူ ဖေဖော်ဝါရီလ ရက်နေ့က ဖမ်းဆီးလိုက်သည်။

ဖမ်းဆီးခံရသူမှာ ဘူးသီးတောင်ဖြို့နယ်တောင်ပိုင်း အထက် ကျွဲကော်မော်ကျေးရွာမှ ဦးမောင်ငြိမ်း(ခေါ်) ဦးထွန်းလှ အသက် (၅၀)နှစ် ဖြစ်သည်။

ကျေးရွာသားတစ်ဦးက ''နစ်နာတွေ သတင်းရသွားပြီး သူထံမှ ရုစ်လက်မ အရှည် လုပ်သေနတ်တစ်လက်၊ နှစ်ပေါ့ရှည် လုပ်သေနတ်တစ်လက်၊ သုံးပေရှည် တိုင်း ယမ်းထောင်း သေနတ်တစ်လက်၊ သုံးပေရှည်သည့် ကျည် လုပ်ရာမှာ အသုံးပြုတဲ့ ယမ်းလိပ် တစ်ခုနဲ့ ကိုးမမကျည် တစ်တောင့် တို့ကို သူသီက ဖမ်းဆီးရသွားခဲ့ပါတယ်'' ဟု ပြောသည်။

ဦးမောင်ငြိမ်းအား နစ်နာနယ်မြေ (၉) လက်အောက်ခံ စခန်း အမှတ် ၂၆ မှ ဒုရဲအုပ် အောင်သိန်ဦးနှင့်အဖွဲ့မှ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ လက်နက်များမှာ ရွာသားများက ဓါးပြရန်ကို ကာကွယ်ရန် စုပေါင်း ပြုလုပ်ထားသော လက်နက်များ ဖြစ်ကြောင်း သူက နိဂ္ဂရာကို ယခုကဲ့သို့ ဆက်ပြောသည်။

''အဲဒီ နစက လာဖမ်းသွားခဲ့တဲ့ လက်နက်တွေဟာ အဖမ်းခံလိုက်ရတဲ့ လူတစ်ဦးတည်းနဲ့ မသက်ဆိုင်ပါဘူး။ တရွာလုံးနဲ့ကို သက်ဆိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ တရွာသား လုံးက သေနတ်တွေကိုင်ပြီး လာတိုက်တဲ့ ဓါးပြတွေကို ခုခံကာ ကွယ်နိုင်ဖို့ အဲဒီ လက်နက်တွေကို စုဆောင်းခဲ့ကြတာ ဖြစ်ပါတယ်။ ဓါးပြတွေကလဲ ဒီနယ်စပ်သေ ဘူးသီးတောင်၊ မောင်တောနဲ့ ရသေ့တောင်ဖြို့နယ်တွေမှာ တနေ့တခြား ဆိုးသထက် ဆိုးလာနေပါတယ်။ ကျွန်တော်တို့ရဲ့ အသက်အိုးအိမ်တွေကို ကာကွယ်နိုင်ဖို့ အဲဒီ လက်နက်တွေကို ကျွန်တော်တို့ ရွာသား တွေပေါင်းပြီး ပြင်ဆင်ထားခဲ့ကြတာ ဖြစ်ပါတယ်။''

ဦးမောင်ငြိမ်းကို နစက စခန်းအမှတ် (၂၆)တွင် ထိန်းသိမ်းစစ်ဆေးနေခြင်းကြောင့် နစကများ အပေါ် ရွာသားများက အထူး မကျေမနပ် ဖြစ်နေကြကြောင်း သိရှိရသည်။

''သူ့ကို လက်နက်တွေနဲ့ အတူ ဖမ်းသွားတာကြောင့် ကျွန်တော်တို့ ရွာသားတွေက နစက ရော၊ စစ်တပ်ရော၊ ရဲရော လက်နက်ကိုင်တပ်ဖွဲ့ပေါင်းစုံ တပ်ဖွဲ့ရှိကြပါတယ်။ ဒါပေမယ့် သူတို့က ကျွန်တော်တို့ရဲ့ အသက်အိုးအိမ်တွေကို ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ကြပါဘူး။ ဒါကြောင့် ကိုယ့်လက်နက်ကိုယ် လုပ်ပြီး ကာကွယ်ဖို့ ကျေးရွာသားတွေ ကြိုးစားတော့လည်း ဖမ်းတယ်။ ကျွန်တော်တို့မှာ ''ဆုတ်လည်းဆူး၊ စားလည်းရူး'' အဲသလို အနေအထားမျိုး ဖြစ်နေပါတယ်'' ဟု သူက ပြောသည်။

လွန်ခဲ့တဲ့ ဇန္နဝါရီလဆန်း ပိုင်းက ဓါးပြများသည် ကျွဲကော်မော်ကျေးရွာကို ဓါးပြမှားဝင်တိုက် သွားခဲ့ပြီးနောက် ကျေးရွာသားများ မခံမရပ်ဖြစ်လာကြပြီး ဓါးပြများကို လက်စားချေရန် လက်နက်များ စုဆောင်းစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်း ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၄

ငွေသွားညစ်သည့် နစက သုံးဦး ဓါးခုတ်ခံရ

တာကလူး
၀၇၊ ၀၂၊ ၁၁

ရခိုင်ပြည်နယ် မောင်တောဖြို့ အမှတ်(၁)ရပ်ကွက် ဖေဖော်ဝါရီလ ၆ ရက်နေ့ ညနေပိုင်း ၄ နာရီကျော်လောက်မှာ ဖြစ်ပွါးခဲ့တာ ဖြစ်ပါတယ်။ နစကတွေက ဦးဆောယော့ကော်ရိမ်ရဲ့ နေအိမ်ကို အရပ်ဝတ်ခဲ့လာပြီးတော့ ယာဘား မြင်းဆေးလုပ်တယ်၊ ဘာညာဆိုပြီး ငွေလာညှစ်ကြတာဖြစ်ပါတယ်။ သူတို့တောင်းခံတဲ့ငွေကို မပေးနိုင်တော့ ဆော့ယော့ကော်ရိမ်ကို ရိုက်ပုတ် ဆဲဆိုကြပြီးတော့ စခန်းကို ဖမ်းယူသွားဖို့လုပ်ကြပါတယ်။ ဒီလို ဆော့ယော့ကော်ရိမ်အပေါ် အနိုင်ကျင့် စော်ကားနေတာကို မခံမရပ်နိုင်ဝင်များက မကျေနပ်၍ ဓါးဖြင့် ပိုင်းခုတ်ခဲ့ကြခြင်းဖြစ်သည်ဟု မျက်မြင်သက်သေ အိမ်နီးချင်းတစ်ဦးက နိဂ္ဂရာကို ပြောသည်။

''ဖေဖော်ဝါရီလ ၆ ရက်နေ့ ညနေပိုင်း ၄ နာရီကျော်လောက်မှာ ဖြစ်ပွါးခဲ့တာ ဖြစ်ပါတယ်။ နစကတွေက ဦးဆောယော့ကော်ရိမ်ရဲ့ နေအိမ်ကို အရပ်ဝတ်ခဲ့လာပြီးတော့ ယာဘား မြင်းဆေးလုပ်တယ်၊ ဘာညာဆိုပြီး ငွေလာညှစ်ကြတာဖြစ်ပါတယ်။ သူတို့တောင်းခံတဲ့ငွေကို မပေးနိုင်တော့ ဆော့ယော့ကော်ရိမ်ကို ရိုက်ပုတ် ဆဲဆိုကြပြီးတော့ စခန်းကို ဖမ်းယူသွားဖို့လုပ်ကြပါတယ်။ ဒီလို ဆော့ယော့ကော်ရိမ်အပေါ် အနိုင်ကျင့် စော်ကားနေတာကို မခံမရပ်နိုင်ဝင်များက မကျေနပ်၍ ဓါးဖြင့် ပိုင်းခုတ်ခဲ့ကြတော့ မိသားစုဝင်တွေက ဓါးနဲ့ ပိုင်းခုတ်လိုက်ကြတာပဲ ဖြစ်ပါတယ်''ဟု အိမ်နီးချင်းက ပြောသည်။

ထို့သို့ မိသားစုဝင်များက ပိုင်းခုတ်ခဲ့ကြခြင်းကြောင့် ၎င်း နစက သုံးဦးမှာ သွေးတန်းလန်းဖြင့် ထိုအိမ်ထဲမှ ထွက်ပြေးခဲ့ကြသည်ကို တွေ့မြင်ခဲ့ရကြောင်း သူက ဆက်ပြောခဲ့သည်။

အဆိုပါ ဓါးခုတ်ခံခဲ့ရသည့် နစက သုံးဦးမှာ ဝိအိုအီးဇေါ် နယ်စပ်ဝင်ထွက်စခန်းတွင် တာဝန်ကျနေသူများ ဖြစ်ကြပြီး အမှတ်(၁) ဖေဇီရပ်ကွက်နေ ဦးဆောယော့ကော်ရိမ်၏ နေအိမ်သို့ အရပ်ဝတ်ဖြင့် သွားရောက် ငွေညှစ်ကာ မဖွဖရာ အာဏာသုံး ဆက်ဆံခဲ့ခြင်းကြောင့် မိသားစု

စာမျက်နှာ ၁၃ ကော်လံ ၁

ဘုန်းတော်ကြီးကျောင်း ဖြိုဖျက်ခံရ၍ ဗုဒ္ဓဘာသာဝင် ၃၀၀ နီးပါးခန့် ကော့စ်ဘဇားတွင် ဆန္ဒပြ

၁၃၊ ၀၂၊ ၁၁

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအား ဒေသခံ ဘင်္ဂလီ မူဆလင်များက ဝင်ရောက် ဖြိုဖျက်မှုကို ကန့်ကွက်သည့် အနေဖြင့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်က ဗုဒ္ဓဘာသာဝင် ၃၀၀ နီးပါး ကော့ဘဇားမြို့တွင် ဆန္ဒပြ ကန့်ကွက်ခဲ့ကြသည်။

ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူ ဦးမောင်အေးဒျဝံးက '' လူပေါင်း ၂၀၀ ကျော်၊ ၃၀၀ ထိတောင် ရှိမယ်ထင်ပါတယ်။ အများစုက ဗုဒ္ဓဘာသာဝင်တွေပါ၊ ဟိန္ဒူလူမျိုးတွေလည်း ပါဝင်တာကို တွေ့ရပါတယ်။ အခိုကတော့ သူပြောတဲ့အထဲမှာ လူနည်းစုတွေရဲ့ ဘာသာရေး အဆောက်အအုံတွေကို အမိုးရကာ ကာကွယ် စောင့်ထိန်းပေးဖို့ တာဝန်ရှိတယ်ဆိုပြီး ပြောသွားတာကို တွေ့ရပါတယ်'' ဟု ပြောသည်။

ဦးဆောင် လူပ်ရှားသူ တစ်ဦးဖြစ်သူ ကိုကျော်ဇောအောင်က လည်း ''ကျွန်တော်တို့ ဒီကနေ့ ဆန္ဒပြရတာ အတိုင်းအတာတစ်ခုထိ အောင်မြင်မှု ရရှိတယ်လို့ ယူဆပါတယ်။ ဗုဒ္ဓဘာသာ ဝင်တွေသာမက ခရစ်ယာန်ဘာသာဝင်တွေ၊ ဟိန္ဒူ ဘာသာဝင်တွေလည်း ကျွန်တော်တို့နဲ့အတူ ဝင်ရောက်ပြီး ဆန္ဒပြတယ်။ ထောက်ခံ အားပေးမှုတွေကိုလည်း ရရှိပါတယ်။ ပီးရင် ကျွန်တော်တို့ လိုလား တောင်းဆိုတဲ့ အချက်တွေကိုလည်း အထက် အာဏာပိုင်တွေကို စာရေးပြီး တောင်းဆိုခဲ့ ပါတယ်'' ဟု ပြောသည်။

ယခုကဲ့သို့ တောင်းဆိုသဖြင့် အထက်အာဏာပိုင်များက ဘုန်းတော်ကြီးကျောင်း တည်တဲ့ရေးအတွက် ကူညီပေးနိုင်မည်ဟု ထင်ပါသလားဟု မေးမြန်းရာ သူက ယခုကဲ့သို့ ပြောသည်။

''အထက် အာဏာပိုင်တွေက ဘယ်လို သဘောထားမယ်ဆိုတာကိုတော့ မသိရသေးပါဘူး။ ဒီကျောင်းတော်ကို ပြန်လည် ထိန်းသိမ်းရေးအတွက် ဌာနဆိုင်ရာတွေရဲ့ အကူအညီမပါဘဲနဲ့ ပြုလုပ်ဖို့ဆိုတာ မလွယ်ကူနိုင်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ချို့ ဘာသာရေး အစွန်းရောက်တွေက အားကြီးနေတဲ့အတွက် ဘယ်သူမှ သူတို့ကို မပြောရဲဘူး။ ပြောရင်လည်း ရိုက်တာ၊ ပုတ်တာ ညှဉ်းပန်းနှိပ်စက်တာတွေလည်း ရှိတဲ့အတွက် ဖြစ်ပါတယ်။''

ၿငိမ်ပြင် သူက '' ဒီလို လုပ်နေတာကို သက်ဆိုင်ရာ အစိုးရက ကာကွယ်မပေးနိုင်ရင် အကြင် အကြင် လူနည်းစုတွေ အနေနဲ့ ဒီနိုင်ငံမှာ ရှေ့ဆက်နေနိုင်ဖို့ဆိုတာ ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူး'' ဟု သူက ပြောသည်။

ဆန္ဒပြပွဲကို ကော့ဘဇား ခရိုင် □ ကော်မရှင်ရုံးရှေ့တွင် ပြုလုပ်ခဲ့ကြပြီး နံနက် ၁၀ နာရီခွဲမှာ စတင်ကာ ၁၂ နာရီထိ ကန့်ကွက် ဆန္ဒပြခဲ့ကြကြောင်း သိရှိရသည်။

သင်္ဂြိလ်ရန် မြေမရှိ၍ ဘင်္ဂလာဒေ့ရှ်တွင် ရခိုင်အမျိုးသားများဆန္ဒပြ

ထွန်းထွန်း

၀၆၊ ၀၂၊ ၁၁

ဘင်္ဂလားဒေ့ရှ် နိုင်ငံ ကော့စ်ဘာဇားခရိုင်တွင် တည်ရှိသော ရခိုင် ကျေးရွာတစ်ခုမှ သင်္ချိုင်းအား ဒေသခံ စီးပွားရေးသမားများ သိမ်းပိုက်လိုက်ပြီး ဆားကွင်းပြုလုပ်လိုက်သဖြင့် ကျေးရွာသားများက သင်္ချိုင်းမြေပေါ် သွားရောက်ပြီး ဆန္ဒပြပွဲ တရပ်ပြုလုပ်ခဲ့သည်။

အဆိုပါ ဆန္ဒပြပွဲကို ဖေဖော်ဝါရီလ ၃ ရက်နေ့က ကော့စ်ဘဇား ခေါ် ဖလောင်းချိတ်ပြို့မှ မြောက်ဘက် ၃ မိုင်အကွာတွင် တည်ရှိသော သော်ဒီဂျာ အထက် ရွာတွင် ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး သင်္ချိုင်းထိန်းသိမ်းရေး ကော်မတီအဖွဲ့မှ အတွင်းရေးမှူး ကိုခင်မောင်က ယခုကဲ့သို့ နိဂုံးချုပ်ရာကို ပြောသည်။

''အခု ကျွန်တော်တို့ ရွာမှာ လူသေရင် သင်္ဂြိလ်ရာ သင်္ချိုင်း မရှိတော့ဘူး။ သင်္ချိုင်းမြေတွေကို ဒေသခံ အာဏာရှိတဲ့ စီးပွားရေးသမားတွေက အကုန်လုံးသိမ်းပိုက်ထားတယ်။ အခု ကျွန်နေတဲ့ သင်္ချိုင်းကိုလည်း သိမ်းပိုက်ပြီး ဆားလုပ်ထားတဲ့ အတွက် လူသေရင် သင်္ဂြိလ်ရာ နေရာမရှိတော့ဘူး။ ဒီလိုလုပ်တဲ့ အပေါ် ဘယ်လိုမှ သည်းခံစရာ မရှိတဲ့အတွက် ခုလို ရွာသားတွေ ထွက်ပြီး ဆန္ဒပြရတာ ဖြစ်ပါတယ်။''

အဆိုပါ သင်္ချိုင်းမြေကို သော်ဒီဂျာ ကျေးရွာအုပ်စု ဥက္ကဋ္ဌ ကိုဘီအာဟောမောက်နှင့် သူ့၏ သား လာလ်မိယာတို့ သားအဖ ၂ ဦးက သိမ်းပိုက်ပြီး ၁ ကေလျှင် တာကာ၂၀၀၀ နှုန်းဖြင့် တခြား စီးပွားရေးသမားတစ်ဦးအား ငှားရမ်းထားကြောင်းနှင့် အဆိုပါ သင်္ချိုင်းဌာ ပိုးရာသီတွင် ငါး၊ ပုစွန်မွေးမြူရေး လုပ်ကိုင်ပြီး နွေရာသီဆိုလျှင် ဆား လုပ်မြေ(ကွင်း) အဖြစ် အသုံးပြုလုပ်ကိုင်နေကြောင်း သိရသည်။

ရခိုင် ဗုဒ္ဓဘာသာဖွဲ့ဖြိုး တိုးတက်ရေးအဖွဲ့ဝင် ကျေးရွာ ဥက္ကဋ္ဌ အဖြူမောင်မှလည်း ယခု သိမ်းပိုက်ခံလိုက်ရသောမြေမှာ အထက် အာဏာပိုင်များက အသိအမှတ်ပြုထားသော သင်္ချိုင်းမြေဖြစ်ကြောင်း ယခုကဲ့သို့ ပြောသည်။

'' အသိမ်း ခံထားရတဲ့ သင်္ချိုင်းမြေက ၁၀ ဇက ဖြစ်ပါတယ်။ သူတို့က အားနဲ့သိမ်းယူတာဖြစ်ပါတယ်။ ၂၀၀၁–၃နှစ်က ရွာသားတွေက အထက်ကို လျှောက်လွှာတင် တောင်းဆိုတဲ့အတွက် ၅ ကေကိုသာ ရခိုင်သင်္ချိုင်း အတွက် ပိုင်ဆိုင်သင့်တယ်ဆိုပြီး ဆုံးဖြတ်ချက်ချပါတယ်။ ၂၀၀၂–၃နှစ် မတ်လ ၆ ရက်နေ့မှာ ဖလောင်းချိတ်ပြို့ရဲ့ အကြီးဆုံး စီမံခန့်ခွဲရေးမှူး မိုတီရော်ဟင်မင်းမှ လက်မှတ်ရေးထိုး ပေးခဲ့ပါတယ်။ ခုတစ်ခါ သူတို့က အထက်က ပေးထားတဲ့ ရခိုင်သင်္ချိုင်းကို ပြန်သိမ်းပြီး ခုလို လုပ်ကိုင်လာတာ ဖြစ်ပါတယ်။''

သော်ဒီဂျာ ကျေးရွာ သင်္ချိုင်းကို သိမ်းပိုက်ထားပြီး နောက် ကျေးရွာသားများအနေဖြင့် သင်္ဂြိလ်စရာ မြေမရှိ ဖြစ်နေကြောင်း သိရသည်။

အသက် ၆၀ ကျော်ရှိ ဦးမောင်ထွန်းလှက '' ငါ့အဖေနဲ့အမေကို သင်္ဂြိလ်ထားတဲ့ အုတ်ဂူကို မိုးရာသီတုန်းက သွားကြည့်တော့ မမြင်ရဘူးနော်။ ကမ်းပိုင်တွေ ဆည်ပြီးတော့ ပုစွန်တွေ၊ ငါးတွေ မွေးထားတဲ့အတွက် ရေအောက်ကို ရောက်သွားခဲ့ပြီ ဖြစ်တယ်။ ပြောမို့ ကိုယ့်မှာ အင်အားမရှိတော့ ဘာတခုမှ မတတ်နိုင်ဘူး။ သူတို့ အားတင်တိုင်း လက်ပိုက်ကြည့်နေကြရပါတယ်''ဟု ပြောသည်။

ဂင်း သင်္ချိုင်းမြေများကို မရရှိပါက အိမ်ခြေပေါင်း ၁၀၀ ကျော်တည်ရှိသော သော်ဒီဂျာ ကျေးရွာအနေဖြင့် အသုဘချရန် အခက်အခဲများစွာ ရှိမည်ဖြစ်ကြောင်း ရွာသားများက ပြောသည်။

ယခုကဲ့သို့ ရခိုင်ကျေးရွာ သင်္ချိုင်းမြေများကို ဒေသခံ ဘင်္ဂလီများက သိမ်းပိုက်ထားသည်မှာ သော်ဒီဂျာ အထက်ရွာတစ်ခုတည်း တွင်မဟုတ်ဘဲ သော်ဒီဂျာ(မော်ရွာ) ဟာရဘင်းနှင့် အဝကျွန်းမှ ကျေးရွာတချို့တွင်လည်း ပေါ်ပေါက်နေကြောင်း သိရသည်။

သော်ဒီဂျာ အထက်ရွာတွင် သင်္ချိုင်းမြေ သိမ်းပိုက်ခံရ၍ ဆန္ဒပြကြသည့်သတင်းကို ကော့ဘဇား ခရိုင် ထုတ် ဘင်္ဂလီသတင်းစာများနှင့် ဒဂ္ဂၢးထုတ် နာမည်ကြီး ပြီထောင့်အာလောင် သတင်းစာများတွင် ဖေဖော်ဝါရီလ ၅ ရက်နေ့က ဓါတ်ပုံများနှင့်တကွ ဖော်ပြထားသည်။

ပိုလ်မင်း အခွန်တော်ဆက်သပွဲ ကျင်းပ

မောင်အေး

၂၀၊ ၀၁၊ ၁၁

၃ ရက်တိုင်တိုင် ရှေးအစဉ်အလာမပျက် ကျင်းပခဲ့သည့် ပိုလ်မင်း အခွန်ဘဏ္ဍာ ဆက်သပွဲ (ဒေသအခေါ် ပိုင်စရာ)ပွဲကို ဇန္နဝါရီလ ၂၀ နေ့တွင် စစ်တကောင်းတောင် တန်းနယ် ဘင်္ဂဒျိဘင် (ရွာတော်)တွင် ကျင်းပခဲ့သည်။

ယခု ပွဲတော်မှာ စစ်တ ကောင်းတောင်တန်းနယ် ပိုလ်မင်းထောင်အား အုပ်စုအားသူ ၁၁ ဆက် မြောက် ပိုလ်မင်း အောင်ရွှေဖြူအား အခွန်ဘဏ္ဍာ ဆက်သသည့် ပွဲတော်ဖြစ်သည်။

အဆိုပါ ပွဲတော်ကို နံနက် ၁၀ ခွဲတွင် မင်းခန်းမင်းနားဖြင့် ပိုလ်မင်းအိမ်အနီး ကွင်းပြင်တွင် ဆောက်လုပ်ထားသော မဏ္ဍပ်အတွင်းတွင် ပြုလုပ်ခဲ့ပြီး ဗုဒ္ဓဘာသာ ဓလေ့ထုံးတန်းစဉ်လာနှင့်အညီ နမော တဿ သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ပိုလ်မင်း အောင်ရွှေဖြူသည် ရှေ့ရခိုင်–မြန်မာများ ဝတ်စားသည့် တောင်ရည်ပုဆိုးနှင့် တိုက်ပုံအင်္ကျီများကို ပုံစံတူ ဝတ်ဆင်ပြီး ကိုယ်ရံတော်များ ဦးရဲလျှက် သူအုပ်ချုပ်ခွင့်ရသော ရွာတော်ခရိုင် ပိုလ်မင်းထောင်မှ ပြည်သူများ၏ ဂါရဝပြု ပဏ္ဍာဆက်သ ခြင်းကို လက်ခံ ယူခဲ့သည်။

အဆိုပါ ပိုလ်မင်းထောင် (ရွာတော်)ခရိုင် အတွင်းရှိ နယ်ပယ်အသီးသီးကို အုပ်စားရသော ချေဃာမန်၊ ကာလာဘာရီ၊ ဟေမ်ရန်နှင့် ရွာစားများက ပိုလ်မင်းအား ဂါရဝပြုပြီး နယ်ပယ်အသီးသီးမှ ကောက်ခံရရှိထားသော အခွန်ဘဏ္ဍာများနှင့် အရက်တပုလင်း ကြက်တကောင်စီကို ပိုလ်မင်းအား အသီးသီး ဆက်သကြသည်။

ယခုဆက်သမှုမှာ တနှစ်တွင်တစ်ကြိမ် ဖြစ်ကြောင်းသိရပြီး အဆိုပါ ပွဲတော်သို့ အစိုးရ ကိုယ်စားလှယ်တော်များ။ အရာရှိများနှင့် ဒေသဆိုင်ရာ အာဏာပိုင်များလည်း တက်ရောက်ကြသည်။

''ဒီပွဲကို ကျွန်တော်တို့ နှစ်စဉ်ကျင်းပတယ်။ ဘာဖြစ်လို့ လည်းဆိုတော့ ကျွန်တော်တို့ ရွာ စားတွေ နယ်စားတွေက ပိုလ်မင်းကို နှစ်စဉ် အခွန်ဆက်သဖို့ ကျင်းပရတာဖြစ်တယ်။ ဒီပွဲမှာ ပိုလ်မင်းထောင်မှာ ရှိတဲ့ ရွာစားတွေ နယ်စားတွေလည်း မဖြစ်မနေ စုံစုံညီညီ လာကြရတယ်။''ဟု မာရမာ ရွာစားတဦးက ပြောသည်။

မူဆလင်၊ ဟိန္ဒူ၊ မာရမာနှင့် တခြား တက်ရောက်လာသူ လူမျိုးများကလည်း သူတို့ဘာသာ စကားများဖြင့် ကောင်းချီးသြဘာပေးကြပြီး ပိုလ်မင်း အောင်ရွှေဖြူမှလည်း တက်ရောက်လာကြသည့် ပရိသတ်များကို ကျေးဇူးတင်စကား ပြောကြားသည်။

ပိုလ်မင်းထောင် ဒေသရှိ မြို့၊ မြို့ နှိုင်းနှက် စသည့် လူမျိုးပေါင်းစုံမှလည်း ပိုလ်မင်း အောင်ရွှေဖြူအား သူတို့ ရိုးရာအကများဖြင့် ညနေပိုင်းအထိ ကပြတင် ဆက်ခဲ့ကြသည်။

ယခုကျင်းပသည့် အခွန် ဆက်သပွဲမှာ ယခုလက်ရှိ ပိုလ်မင်း အောင်ရွှေဖြူအား ၁၃၅ ကြိမ်မြောက်ဖြစ်သည်။ ယခု ပိုလ်မင်းထောင်တွင် နေထိုင်သည့် မာရမာ လူမျိုးတချို့မှာ ၎င်းတို့မှာ ဟံသာဝတီဘုရင် တပင်ရွှေထီးသားတော် မောင်စောပုံနှင့် နောက်လိုက်များ ဖြစ်ကြောင်း ယနေ့တိုင်ခံယူလျှက် ရှိသည်။

စစ်တကောင်းဒေသ ပိုလ်မင်းထောင်ကို ၁၆၁၄ ခုနှစ် မောင်စောပုံ လက်ထက်မှ ယနေ့တိုင် အဆက်ဆက် အုပ်ချုပ်လျက်ရှိကြောင်း သူတို့က ပြောသည်။ အ ဆိုပါဒေသကို အုပ်ချုပ်ခဲ့သူ အင်္ဂလိပ်များ လက်ထက်မှ စပြီး စည်းမျဉ်းခံ အုပ်ချုပ်ရေး ပုံစံစနစ်ဖြင့် ထားရှိခဲ့ရာ အဆိုပါစနစ်မှာ တည်တံ့လျှက်ရှိသည်။ ပိုလ်မင်းသည် ၎င်းကိုင်း နယ်စားတစ်ဦးအဖြစ်သာ သဘောထားပြီး ဘုရင်အဖြစ် သဘောမထားကြောင်း သိရသည်။

ဇာဂနာကို ဂျာမနီအနုပညာမြို့မှ သွေးစည်း ညီညွတ်ရေးဆု ချီးမြှင့်

၁၅၊ ၀၂၊ ၁၁

မြစ်ကြီးနားထောင်တွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော ဟာသပညာရှင် ဇာဂနာကို ဂျာမနီနိုင်ငံ □ ဂီတအနုပညာမြို့တော်မှ □□ □ □ □ သွေးစည်းညီညွတ်ရေးဆုကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ချီးမြှင့်လိုက်သည်။

အဆိုပါဆုမှာ လွတ်မြောက်ရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးအတွက် လှုပ်ရှားသူများ၊ ကိုလိုနီစနစ်နှင့် လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်လှုပ်ရှားသူများကို ချီးမြှင့်သော ဆုဖြစ်သည်။

ဆုချီးမြှင့်ရခြင်းနှင့် ပတ်သက်၍ လူ့အခွင့်အရေး ချီးဖေါက်ခံရသောကာလ၊ ဒီမိုကရေစီနှင့် လွတ်လပ်ခွင့် ကန့်သတ်ခံရသော အချိန်များတွင် လူထုဖက်က မားမားရပ်ပြီး ထုတ်ဖေါ်ပြောကြားသူ၊ နိုင်ငံရေးအကြမ်းဖက်မှုနှင့် တရားမျှတမှုမရှိသော ဖြစ်ရပ်များကို အများပြည်သူ အာရုံစိုက်လာအောင် အနုပညာနှင့် ဖေါ်ကျူးသူကိုချီးမြှင့်ခြင်းဖြစ်သည်ဟု □ မြို့တော်ဝန်က ဆုလက်ခံရန် ဇာဂနာမိသားစုကို ပေးပို့သော ဖိတ်ကြားလွှာတွင် ရေးသားသည်ဟု သိရသည်။

ယခုပေးသော ဆုမှာ ၁၂ ကြိမ်မြောက်ဆုဖြစ်ပြီး ဆု စတင်ချီးမြှင့်သောနှစ်တွင် တောင်အာဖရိက လူမည်းခေါင်းဆောင် □ □ နှင့် သူ၏ဇနီး □ □ တို့ကို ပထမဆုံး အကြိမ် ချီးမြှင့်ခဲ့သည်ဟု သိရသည်။ အဆိုပါဆုကို ၁၉၉၃ ခုနှစ်က လူထုခေါင်းဆောင် ဇော်အောင်ဆန်းစုကြည်ကိုလည်း ပေးခဲ့သည်။

တာကလူး

၂၃၊ ၀၁၊ ၁၁

ကျပ်သိန်း ၅၀၀ ကျော်ဖိုးရှိ ရွှေချောင်းများကို ရခိုင်အမျိုးသမီးတစ်ဦးထံမှ တက်ကနက် ဆိပ်ကမ်းတွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ဖွဲ့ ဘီဂျီဘီမှ ဇန္နဝါရီလ ၂၂ ရက်နေ့က ဖမ်းဆီးလိုက်ကြောင်း သတင်းရရှိသည်။

ရွှေချောင်းများ ဖမ်းဆီးခံရသူအမျိုးသမီးမှာ မောင်တောင်ဖြို့မှ ဒေါ်မသန်းနု (၄၇နှစ်)ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်ဘက်မှ မြန်မာဘက်သို့ ရွှေချောင်းများကို ယူလည်း သူတို့နဲ့အတူ ပါသွားတယ်။ အသေးစိတ်တော့ မသိရသေးဘူး။ အဲဒီဘက်မှာ လျှို့ဝှက်စိုက်ထားတဲ့ ဘိန်းခင်းတွေရှိတယ်လို့ ပြောတာတွေတော့ ကြားတယ်။''ဟု အလယ်ခေါင်တောင်မှ ဒေသခံတဦးက ပြောသည်။

အဆိုပါ ဒေသများတွင် ၁၉၉၀ ခုနှစ်က အခြေစိုက် လှုပ်ရှားခဲ့သည့် မြန်မာအတိုက်ခံလက်နက်ကိုင်အဖွဲ့များက ဘိန်းစတင်စိုက်ပျိုးခဲ့ကြောင့် ဘင်္ဂလီသတင်းစာ တစောင်က ရေးသားသည်။

ယခုအခါ အဆိုပါဒေတွင် ဘိန်းစိမ်းတပဲကို တာကာငွေ ၅၀၀ ကနေ ၈၀၀ အထိ ပေါက်ဈေးရှိကြောင်း ဒေသအတွင်းမှ လာသည့် သတင်းများအရ သိရသည်။

ယခု ဘိန်းတိုက်ဖျက်ရေး လှုပ်နေသည့် ဒေသမှာ ယခင်က ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်ပြည်) ရခိုင်ပြည်တပ်မတော် (အေအေ)နှင့် ရခိုင်ပြည် လွတ်မြောက်ရေးပါတီတို့ အခြေစိုက်လှုပ်ရှားခဲ့သည့် နေရာများဖြစ်သည်။

တန်းဆိတ်၊ အလယ်ခေါင်တောင်နှင့် ရုံမော်ဒေသများတွင် ဘိန်းခင်းပေါင်း ၃၀၀ ကနေ ၄၀၀ အထိ စိုက်ပျိုးလျက်ရှိသည်ဟု သတင်း ရရှိကြောင်း သတင်း စာက ရေးသားဖော်ပြသည်။

အဆိုပါ ဒေသများတွင် ဘင်္ဂလာစစ်တပ်မှ လွန်ခဲ့သည့် ၁၀ နှစ် ခန့်မှစပြီး နှစ်စဉ်နှစ်တိုင်း ဘိန်းတိုက်ဖျက်ရေး စစ်ဆင်ရေး လုပ်လေ့ကြောင်း သိရှိရသည်။

ကျပ်သိန်း ၅၀၀ ကျော်ဖိုးရှိ ရွှေချောင်းများ ရခိုင်အမျိုးသမီးတစ်ဦးထံမှ ဖမ်းဆီး

ဆောင်စဉ် ဖမ်းဆီးခံရခြင်း ဖြစ်သည်။ သူမမှာ ရွှေချောင်းများကို ဘင်္ဂလာ ဘီဂျီဘီ တပ်ဖွဲ့ဝင်များ ရှာဖွေနေ၍ ရုတ်ရုတ်သဲသဲ ဖြစ်နေချိန်တွင် ထွက်ပြေး လွတ်မြောက်သွားကြောင်း မျက်မြင်များက ပြောသည်။

ဖမ်းဆီးရမိသော ရွှေချောင်းများကို တက်ကနက်မြို့ (ကယ့်ချောင်း)မှ ရခိုင်ပန်းထိမ်ဆရာ ဦးမောင်မောင်ချေဆိုင်တွင် အာဏာပိုင်များက လာရောက် ချိန်တွယ်ခဲ့သည်ဟု သိရသည်။

ပန်းထိမ်ဆရာတစ်ဦးက ''စုစုပေါင်း ရွှေကျပ်ချိန် ၉၀ ကို တိရိုတဲ့ အခေါက်ရွှေချောင်း (၉) ချောင်းပါ။ ဘင်္ဂလာ အရာရှိတွေက ကျွန်တော်တို့ ရွှေဆိုင်မှာ လာပြီး ချိန်တွယ်တဲ့အတွက် အလေးချိန်ကို သိရှိလို့ကိန်ရတာဖြစ်ပါတယ်။ ဘင်္ဂလာ တာကာနဲ့ဆိုရင် သိန်းပေါင်း ၃၅ သိန်းကျော်ဖိုးရှိပါတယ်။ ကြားတာက လူတိုက်တဲ့အတွက် ခုလို ဖမ်းဆီးခံရတာဖြစ်တယ်လို့ ကြားပါတယ်။''

သူမမှာ ဇန္နဝါရီလ ၂၂ ရက်နေ့က ဘင်္ဂလာဒေ့ရှ် တက်ကနက်မြို့ကနေ မောင်တောသို့ ပြန်စဉ် နတ်မြစ်ဘေးရှိ ဘီဂျီဘီ စစ်ဆေးရေးဂိတ်တွင် ဖမ်း ဆီးခံရခြင်းဖြစ်သည်။

''ဘီဂျီဘီတွေက သတင်းကြိုရထားပုံရပါတယ်။ ဇန္နဝါရီလ ၂၂ ရက်နေ့ ညနေ ၅း၀၀ နာရီလောက်မှာ မောင်တောကို ပြန်ဖို့ ကုန်သည်တွေ ပစ္စည်းတွေ သယ်လာကြပြီးတော့ စစ်ဆေးရေးဂိတ်ကို ဖြတ်နေကြတဲ့အချိန်မှာ ဘီဂျီဘီ အမျိုး သမီးတပ်ဖွဲ့ဝင်တွေက တခြားသူတွေကိုထက် အမ ဦးသန်းနုကိုပဲ တန်းရှာကြတယ်လေ။ သူ့ ခန္ဓာကိုယ်တွေကို စရာကြပြီး တော့ သူယူလာတဲ့ အထုပ်အပိုး၊ စေးခြင်းတောင်းတွေနဲ့ လက်ဆွဲအိတ်အဆုံး ရှာဖွေကြတဲ့အခါမှာ နှစ်ထပ်ချုပ်ပြီး ဝှက်ထားတဲ့ လက်ဆွဲအိပ်ထဲကနေ ရသွားတာဖြစ်ပါတယ်။ ရွှေချောင်းက ကိုးချောင်းဖြစ်ပါတယ်''ဟု အဆိုပါ မျက်မြင်က ပြောသည်။

မြန်မာနိုင်ငံ အနောက်ဘက်နယ်စပ် မောင်တောမြို့တွင် ရွှေတကျပ်ကို ကျပ် ၆ သိန်းနီးပါး ရှိပြီး ဘင်္ဂလာဒေ့ရှ်တွင် ကျပ်ငွေ ၅ သိန်းနီးပါးခန့်သာ ရှိသဖြင့်

စာမျက်နှာ ၁၉ ကော်လံ ၅

နာမည်ကြီးရခိုင်တေးရေးဆရာ ဦးရွှေကျော်ထွန်း ကွယ်လွန်

ထွန်းထွန်း

၁၉၊ ၀၁၊ ၁၁

ရခိုင်တေးရေးဆရာ ဦးရွှေကျော်ထွန်းသည် ရန်ကုန်မြို့ သင်္ကန်းကျွန်း စံပြဆေးရုံတွင် ဇန္နဝါရီလ ၁၈ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သတင်းရရှိသည်။

ရခိုင်အဆိုတော် မြတ်ခိုင်ကျော်သီဆိုခဲ့သည့် ''အို -- ရခိုင်သားချေ စောင့်ရှောက်ကတ်အမျိုး ရခိုင်ကို၊ အို-- ရခိုင်သမချေ ထိန်းသိမ်းကတ် အမျိုးဂုဏ်ကိုလေ'' သီခြင်းကို ပထမဆုံး ရေးစပ်ခဲ့သူဖြစ်သည်ဟု သိရသည်။

''မြောက်ဦးကနေ နေမကောင်းလို့ဆေးကုဖို့ ရန်ကုန်ကိုရောက်နေတာက ၃ လလောက်ရှိပြီပေါ့နော်။ သူ နေမကောင်းဖြစ်နေတာတော့ နှစ်အနည်းငယ် ကြာနေပါပြီ။ ဇန္နဝါရီလ ၁၈ ရက်နေ့နံနက် ၇ နာရီမှာ သင်္ကန်းကျွန်းမြို့နယ် စံပြဆေးရုံမှာ ကျောက်ကပ်ရောဂါနဲ့ ကွယ်လွန်သွားတာဖြစ်ပါတယ်'' ဟုသူနှင့် ဆွေမျိုးတော်စပ်သူတဦးက ပြောသည်။

သူသည် လွန်ခဲ့သည့်နှစ် အနည်းငယ်က မန္တလေးဆေးရုံကြီး၌ ပထမဆုံးအဖြစ် ကျောက်ကပ်ကို အစားထိုး ကုသခံယူခဲ့သူတဦး ဖြစ်သည်ဟု သိရသည်။

ဦးရွှေကျော်ထွန်းသည် အခြေခံပညာ အလယ်တန်းပြ ကျောင်းဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြု ထမ်းဆောင်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၌ ရခိုင်တေးရေးဆရာတဦးအနေဖြင့် နာမည်ကျော်ကြားခဲ့သူတဦး ဖြစ်သည်။

''သူကွယ်လွန်သွားတဲ့အတွက် ရခိုင်အနုပညာလောကမှာ ပန်းတပွင့် လွင့်ကြေကျသွားသလို ဖြစ်သွားတာပေါ့နော်။ အသက်တော့ သိပ်မကြီးသေးဘူး၊ ၄၅ နှစ်ပဲရှိသေးတယ်။ ရခိုင့်ဂီတလောကအတွက် တော်တော့ကို မျက်ရည်ကျ အားငယ်စရာတခုလိုဖြစ်သွားပါတယ်။ ရခိုင့်ဂီတ မျိုးဆက်သစ် လူငယ်တွေကလည်း သူကွယ်လွန်သွားတဲ့အတွက် အရမ်းကို စိတ်ထိခိုက်ခံစားခဲ့ကြရပါတယ်''ဟု ရခိုင်အနုပညာလူငယ်တဦးက ပြောသည်။

ယခုကွယ်လွန်ခဲ့သည့် ဦးရွှေကျော်ထွန်းမှာ သူ၏ဘဝတလျှောက် လုံးလျှံ အိမ်ထောင်မပြုခဲ့ဘဲ လူမျိုးကြီးအဖြစ်နှင့် နေထိုင်ခဲ့ပြီး သူချစ်မြတ်နိုးသော အနုပညာဖြင့် ရခိုင်ပြည်သူများကို တဖက်တလမ်းမှ တာဝန်ကျေပွန်စွာ ပေးဆပ်ခဲ့သူတဦး ဖြစ်သည်။

သူသည် ရခိုင်ပြည်နယ် မြောက်ဦးမြို့ ကံလှရပ်ကွက်မှဖြစ်ပြီး အဖ ဦးမောင်ဝေနှင့် အမိ ဒေါ်ဝေထွေးဖြူတို့၏ သားသမီးဆယ်ဦးအနက် ဒုတိယမြောက်သားဖြစ်ကြောင်း သိရသည်။

သူအလောင်းကို ဇန္နဝါရီလ ၂၁ ရက်နေ့ နေ့လည် ၃ နာရီတွင် မြောက်ဥက္ကလာပရွာ ရေဝေး သုသာန်တွင် မီးသင်္ဂြိလ်ခဲ့သည်။

(တေးရေးဆရာ ကိုရွှေကျော်ထွန်း ကွယ်လွန်သွားခြင်း (သို့မဟုတ်) အနုပညာပန်းတွင် ကြေလွင့်သွားပါသဖြင့် သူ့၏ လုပ်ဖော်ကိုင်ဘက်များအပါအဝင် မိသားစုများနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း ဖေါ်ပြအပ်ပါသည်။ နိဂုံးရွာ သတင်းဌာန)

အမှားပြင်ဆင်ချက်

၂၀၁၁ ခုနှစ် ဇန္နဝါရီလထုတ် □□ သတင်းစာပါ ရခိုင်နာမည်ကြီး သရုပ်ဆောင်များပါဝင်သော ဂီရိုနောက်ခံ ရုပ်ရှင်ကား ကျောက်ဖြူတွင် ရိုက်ကူးပြီသတင်းတွင် သရုပ်ဆောင် မိုးဝေယံ အစား မိုးယုဝံ ဟု ပြန်လည်ဖတ်ရှုပါရန်။

၂၀၁၁ အယ်ဒီတာ စကား

အမည်ခံ စက္ကူကျား ပြည်ထောင်စုအလိုမရှိ

ပြည်ထောင်စု မြန်မာနိုင်ငံသည် ပမာ၊ ရခိုင်၊ ရှမ်း၊ ချင်း၊ ကရင်၊ ကရင်နီ၊ မွန်နှင့် ကချင်စသည့် နိုင်ငံပေါင်း ၈ ခုဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စု မြန်မာနိုင်ငံ ဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံကို တည်ထောင်ရန် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် တိုင်းရင်းသားခေါင်းဆောင်များနှင့် ပမာ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းတို့သည် ရှမ်းပြည်နယ် ပင်လုံပြို့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အင်လိပ် နယ်ချဲ့ဩဇာသျှလက်အောက်မှ မြန်မာနိုင်ငံကို လွတ်လပ်ရေးရယူရာတွင် တစုတပေါင်းတည်း တညီတညွတ်တည်း အလံတော်တခုတည်းအောက်တွင် လွတ်လပ်ရေးရယူရန် ပမာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ချင်း၊ ကချင် ခေါင်းဆောင်များ ရှမ်းပြည်နယ် ပင်လုံပြို့တွင် ထိုသို့ သဘောတူလက်မှတ် ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ လက်မှတ်ရေးထိုးရာတွင် ပမာအမျိုးသားများဘက်မှ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားများဘက်မှ ရှမ်း အမျိုးသားခေါင်းဆောင် ၁၄ ဦး၊ ကချင်အမျိုးသားခေါင်းဆောင် ၆ ဦးနှင့် ချင်းအမျိုးသားခေါင်းဆောင် ၃ ဦးတို့မှ တက်ရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။ (အဆိုပါ ပင်လုံစာချုပ်တွင် ရခိုင်အမျိုးသားခေါင်းဆောင်များအနေဖြင့် တစုံတဦးမှ တက်ရောက် လက်မှတ်ရေးထိုးထားသည်ကို မတွေ့ရပေ။) မည်သို့ပင်ဆိုစေ အဆိုပါနေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံကို စတင်မွေးဖွားရန် အစပြု သဒ္ဓေတည်ခဲ့သော နေ့တနေ့ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ သမိုင်းတွင် လွတ်လပ်ရေးနှင့်အတူ အလွန်အရေးကြီးသော သမိုင်း၀င် နေ့ထူးနေ့မြတ် တရက်ဖြစ်သည်။ ထိုသို့ သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံသည် အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ လွတ်လပ်ရေး ရရှိလာသည့်အခါ ယနေ့ တည်ရှိနေသော ပထဝီ အနေအထားအတိုင်း တိုင်းရင်းသားပေါင်းစုံတို့ဖြင့် တစုတဝေးတည်း လွတ်လပ်ရေး ရရှိခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရေးထိုးခဲ့သော ပင်လုံစာချုပ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေး၏ အသက်သွေးကြော ဖြစ်သော်လည်း အုပ်ချုပ်သူ ပမာ ခေါင်းဆောင်များက ထိုလက်မှတ်ရေးထိုးခဲ့သော စာချုပ်ပါ အချက်လက်များကို ယနေ့တိုင် မျက်ကွယ်ပြု ပစ်ပယ်ထားသည်။ ထိုသို့ မျက်ကွယ်ပြု ပစ်ပယ်ထားသည်မှာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ၆၄ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားများ၏ ရသင့်ရထိုက်သော အခွင့်အရေးများအားလုံး လက်လွတ်ဆုံးရှုံးနေကြရဆဲ ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်ထောင်စု အနှစ်သာရမှာလည်း ယခုတိုင် ပျောက်ကွယ်နေရဆဲ ဖြစ်သည်။ ယခင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်ကြီးများ မျှော်မှန်းထားခဲ့သကဲ့သို့ အနှစ်သာရပြည့်ဝသော ပြည်ထောင်စုမှာလည်း ပမာ အုပ်ချုပ်သူများ၏ မဟာ ပမာ လူမျိုးကြီးဝါဒကြောင့် ပြိုကွဲ ပျက်စီးခဲ့ပြီဖြစ်သည်။ ပြည်ထောင်စု အချင်းချင်း စုပေါင်းထားသော ပြည်ထောင်စုအနှစ်သာရမှ ကင်းဝေးကာ ပမာများက တဖက်သတ် အုပ်ချုပ်သော တပြည်ထောင်စုအာဏာရှင်နိုင်ငံ တခုအဖြစ်သို့ ရောက်ရှိသွားခဲ့ရသည်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ ဖြစ်သည်။ ထိုသို့ အမည်ခံ ပြည်ထောင်စုအောက်တွင် ပမာ အုပ်ချုပ်သူများ၏ မတရား နိုင်ထက်စီးနင်း အုပ်ချုပ်မှုကြောင့် ပမာ မဟုတ်သော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေး လူမှုရေး စီးပွားရေး အခြေအနေများသည်း အဘက်ဘက်က ကျဆင်း နိမ့်ကျသွားခဲ့ပြီး ဒြတိနယ်ချဲ့ လက်အောက်မှာထက် ဆိုးရွားသော ဘဝအခြေအနေများကို ရင်ဆိုင်ခံစားခဲ့ကြရပါသည်။ သို့အတွက်ကြောင့် မြန်မာနိုင်ငံ အုပ်ချုပ်ရေးအာဏာကို ရယူထားသူ ပမာ စစ်ခေါင်းဆောင်များအနေဖြင့် လွတ်လပ်ရေးမရမီ ပမာခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူညီထားခဲ့သော ဂတိကတတ်အတိုင်း ပြည်ထောင်စု မြန်မာနိုင်ငံတွင် ဓိတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ရသင့်ရထိုက်သော အခွင့်အရေးများဖြစ်သည့် ကိုယ်ပြည်နယ် ကိုယ် အုပ်ချုပ်ပိုင်ခွင့်၊ ကိုယ်ပြည်နယ်ကို ကိုယ်တိုးတက်အောင် လုပ်ဆောင်ပိုင်ခွင့်နှင့် ပြည်နယ်များ၏ အုပ်ချုပ်ရေးတွင် ပမာအမျိုးသားများ၏ ဝင်ရောက်စိုးမိုးချယ်လှယ်မှုများကို ရပ်တန့်ပြီး တိုင်းရင်းသားများကိုယ်တိုင် အုပ်ချုပ်ရေး စသည့် အခွင့်အရေးများကို အမြန်ဆုံး ဖေါ်ဆောင်ပေးရန် လိုအပ်ပေသည်။

အယ်ဒီတာချုပ် ခိုင်မြတ်ကျော်
ထုတ်ဝေသူ ဖြိုးရာသတင်းဌာန
စီမံခန့်ခွဲရေးမှူး မြောင်သန်းစိန်
(ကွန်ပျူတာ)စာရိုက်ထြန်း–ကည်
ဒီဇိုင်း ခြကျင်ဝိန်း
ဖြန့်ချိရေးမှူး မြောင်အေး
စာစစ် ရွှေသီးမောင်
စောင်ရေ ၁၅၀၀
ဆက်သွယ်ရန် □□□ □□□-2446, □□□-□□□□
□□□□□□□□□□
အီးမေးလ် □□□□□□□□□□@□□□□□□□□□.□□□
ဝက်(ဘ်)ဆိုက် □□□□□□□□□□□.□□□
မြန်မာ □□□□□□□□□□□

မြန်မာ့လွတ်လပ်ရေး ပိသုကာ၏ ဆရာ့ဆရာ

ဇော်ထွေးမောင်

'' ၁၂၄၇ ခုနှစ်မှာတည် တန်ဆောင်မုန်းလဆုတ် ၈ ရက် နေ့ကိုတော့ မမေ့နိုင်ပါသည်။ ယ နေ့တိုင်ပါအတည်။ ရေမြေရှင်ကို ယူငင်သွားတော့ လူရှင်များက ကြေကွဲကြလို့ ရေနည်းငါးပုံအညီ။ ဩော် သီပေါရာဇာ ပါတော် မူရှာပြီ။''

စစ်ကြိုခေတ်က ဆရာရွှေ တိုင်ညွှန့်ရေးစပ်ပြီး အဆိုတော်ကြီး ဒေါ်စိန်ပါတီ သီဆိုသွားခဲ့သည့် အ ထက်ပါ သီချင်းအတိုင်းပင် မြန်မာ တနိုင်ငံလုံးမှာ ကျွန်ဖြစ်ခဲ့ရပါသည်။ ၁၈၈၆ ခုနှစ် ဇန္ဒဝါရီလ ၁ ရက် နေ့တွင် အိန္ဒိယဘုရင်ခံချုပ် လော့ ဒပ်ဖ်ရင် (□□)□ က မြန် မာမင်း ပိုင်နက်အားလုံးကို ဗြိတိ သျှ အိန္ဒိယအင်ပါယာ (□)□ အတွင်း သွတ်သွင်း လိုက်ကြောင်း ကြေငြာလိုက်သဖြင့် မြန်မာတို့မှ ကျွန်ဘဝမှ သ ဘောက်ဘဝသို့ ကျဆင်းရပြန် သည်။

ရတနာပုံခေတ် သာသနာ ပိုင် ဆီးဘန်နီ ဆရာတော်ဘုရား ကြီးက ''သုဉ်းသုံးဝဖြင့်၊ သုည ခေတ်ဝယ် လူဖြစ်ရလေ၊ တို့တ တွေသည်၊ သေသော်မှတည့်၊ ဩော် ကောင်း၏'' ဟု ပြတ်သား စွာ စာဆိုခဲ့သည်။

အချုပ်တန်း ဆရာဖေက လည်း ''မြန်မာတွေ စည်းကမ်း ဖောက်လို့၊ ထီးနန်းပျောက်ခဲ့ပြီ၊ ညစ်ပလီလူမျိုး၊ ဂွကောင်တွေ ခွေးဖြစ်တော့ဗျိုး---- ပျာတာ စာသင်တောင်ဦးချရ၊ ကုလားမြင် သူ့အမေ -ဦးတော့မလို'' ဟု မြန် မာတွေ အင်္ဂလိပ် ကုလားဖြူ သာ မက၊ ကုလားနက်တို့ကိုပင် ကြောက်နေရပုံကို ရင်နာနာဖြင့် စာဖွဲ့ခဲ့ပါသည်။

ကုလားကို ကြောက်စရာ စကားအဖြစ်ထားကာ ကလေး များဆိုးနေလျှင် ''ပျာတာလာပြီ တိတ်တိတ်။ ပျာတာလာပြီ အိပ် အိပ်''ဟု တမျိုး ''ကုလားကြီး လာပြီ။ ဖမ်းသွားလိမ့်မယ်။ အိမ်ထဲ ဝင်တော့''ဟု တဖုံ ဆိုလေ့ရှိသည်။ ခြောက်လေ့ရှိသည်။

မှန်ပါသည်။ ထိုစဉ်က မြန် မာများ ကုလားကို အကြောက်ကြီး ကြောက်နေကြပါသည်။ ဇာတ်ခုံ ပေါ်မှ ဇာတ်မင်းသားတဦးက လည်း ''ဂါတ်တဲလေးပေါ်မှာ နော် ဗျာ။ ကျနော်ဟာ အငယ်ဆုံးပါ ဘဲ။ ပန်ချာပီ ပုလိပ်ကြီးတွေ ပိုင်း ပါလို့။ ကြောက်အားလန့်အားပို။ ငိုယိုကာ ရှိခိုးတောင်းပန်ပါသော် လဲ။ လက်ထိပ်က ခတ်ထား ဆဲ'' ဟု အမူပိုပိုနှင့် သီဆိုပြခဲ့ပါသည်။

မျက်နှာဖြူ မဟုတ်သော ဘောင်းဘီဝတ် ပညာဝန်ထောက် တဦး ဆရာကြီး ဦးဝန်(မင်းသု ဝဏ်) ငယ်စဉ်ကနေခဲ့သည့် ဘုန်း ကြီးကျောင်းအတွင်း နောက်ပိတ် ဖိနပ်ကြီး မချွတ်ဘဲ ဝင်လာရာ ကျောင်းသူကျောင်းသား တရာ ကျော်က ထိုကုလားမဲ ပညာရေး ဝန်ထောက်ကို ပထမ၊ ဒုတိယ၊ တတိယ၊ တကြိမ်၊ နှစ်ကြိမ်၊ သုံး ကြိမ်မြောက်အောင် ထိခြင်းကြီးငါး ပါးဖြင့် ဖူးမြော်မာန်လျှော့ ကန် တော့ခဲ့ရပါကြောင်း ဆရာကြီး ဦး ဝန်က ၁၉၆၂ ခုနှစ်တွင် ရေးသော ၎င်း၏ ''သာဓုခေါ်၍ အမျှဝေပါ ၏'' ဆောင်းပါးတွင် ဝန်ခံထားခဲ့ပါ သည်။

မြန်မာတို့ ကုလားမဲကိုပင် ဤမျှ ကြောက်နေရသောခေတ်၌ မြန်မာပြည်ရှိ မျက်နှာဖြူများ၏ အဓိပတိ မြန်မာပြည်၏ ဘုရင်ခံ မင်းကြီးကို မြန်မာပြည်မှ မောင်း ထုတ်ရဲသော သတ္တိခဲတဦး ပေါ် ပေါက်လာပါတော့သည်။ ထိုသူ သည်ကား ရခိုင်သား ဆရာတော် ဦးဥတ္တမ ပင်တည်း။

ဆရာတော်က ''ခရက် ဒေါက်၊ မင်း မြန်မာပြည်ကက ထွက်သွားပေတော့''ဟု အဓိပ္ပါယ် ရသည့် ´□□□ ဆိုသည့်စကားကို ပြောခြင်းဖြင့် မြန်မာပြည်လွတ်လပ်ရေးကို ကြေ ငြာပြလိုက်သည်။ အင်္ဂလိပ်ခေတ် တွင် အင်္ဂလိပ်ဘုရင်ခံကို မောင်း ထုတ်ခြင်းမှာ လွတ်လပ်ရေး ကြေ ငြာမှု တမျိုးပင် ဖြစ်သည်။

ထိုအချိန်က ဆရာတော်နှင့် ခေတ်ပြိုင် မြန်မာမျိုးချစ်ကြီးများ ဘာလုပ်နေခဲ့ကြသနည်း။ ပုဂ္ဂိုလ် ကြီးတဦးက ရွှေဘုန်းတေဇာ၊ နေ နှုန်းဝေဖြာတို့ဖြင့် စသော ပဥမ မြောက် ဂျော့ဘုရင်နှင့် မေရီ မိ ဖုရားတို့၏ ဘုန်းတော်ဘွဲ့ကို သီ ကုံးခဲ့ပြီး ဆဌမတန်းသုံး ဒေါင်း တံဆိပ် မြန်မာဖတ်စာထဲတွင် ထည့်ပြီး ကျောင်းသားများကို သင် ကြားစေခဲ့သည်။

''ရှစ်စင်းစိုက်ထူ၊ ကျွန်း ဇမ္ဗူဟု၊ ဟိန္ဒူစတန်၊ ဇေယျာဖန် သည့်၊ မြေမှန်ဗွေဟီ၊ မြို့ဒေလီ ဝယ်၊ မေရီထိပ်တား၊ မိဖုရားနှင့် စုလျားညာနေ'' တို့ဖြင့် ဖွဲ့ထားပြီး ''ငါးတိုက်ဝဋ္ဌာ၊ မိုးမည်ကို''ဖြင့် အ ဆုံးသတ်သော ရတုပိုဒ်စုံ ဖြစ်ပါ၏။

ဇာတ်မင်းသားကြီး တဦးက လည်း ''ဂျော့ဘုရင်ရွှေဘုန်း၊ နေ တလုံး ပမာတဆူ၊ သတ္တဝါကြည် ဖြူ၊ ထီးနန်းသရဖူ၊ အုပ်စိုးပိုင်ယူ၊ ဆရာစိန်တေးသီချင်း၊ ဘေးကင်း တော်မူ၊ ဂရိတ်ဗြိတိန် သာသာ ကြည်ကြည်ပိုင်းလို့၊ ဘာလင်ဂျာ မန်တိုင်းကို၊ မဆိုင်းဘဲဆောင်တော် မူ''ဟု သီဆိုခဲ့ပါသည်။ ၎င်းပုဂ္ဂိုလ် ကြီးမှာ အင်္ဂလိပ်အစိုးရက ချီးမြှင့် သော □(□ □□)□ တိုင်းကျိုးပြည် ကျိုး ဆောင်ဘွဲ့ ရရှိခဲ့ပြီး၊ လွတ်လပ်ရေး ရပြီးသောအခါ၌ ''ဝဏ္ဏကျော်ထင်'' ဘွဲ့ ထပ်ရပြန်ပါသည်။

စစ်တွေသား ဆရာတော် ဦးဥတ္တမက ဘုရင်ခံကို မောင်း ထုတ်၍ ''ထောင်ဆု''ရနေခိုက် မြန်မာ ပညာရှိများကတော့ ''အောင်ဆုသြဘာ၊ မင်္ဂလာဖြင့်၊ ဆယ်ဖြာလက်မြောက်၊ ဆက်ခါ လျှောက်ပိမ့်၊ ခိုင်ဆောက် အောင် လံ၊ ဂရိတ် ဗြိတိန်နှင့်၊ နိုင်ငံ အိန္ဒိ ယ၊ အစိုးရသည့်၊ ဘဝသခင်၊ ဂျော့ဘုရင်နှင့်၊ အရှင်မိဖုရား၊ မြတ် နှစ်ပါးတို့၊ တိုင်းကားစိုးစံ၊ ပြည်နိုင် ငံကို၊ ရန်မာန်ကင်းပြီး၊ ဘုန်းတော် ကြီး၍၊ သက်တော်ရှည်စွာ၊ ဆယ် ဖြာမွေ၊ သင်္ဂဟနှင့်၊ နာယကဂုဏ်၊ ကိုယ်လုံးခြို့၍၊ တိမ်မှုန်မသန်း၊ လ ပြည့်ဝန်းသို့၊ ရွှေနန်းပေါ်ထက်၊ နှစ်သက်မြတ်နိုး၊ ဥစ္စာစိုးသည်၊ တန်ခိုးနေသို့ ထွန်းစေသောဝ်'' ဟူသော မင်္ဂလာဇကပိုဒ် ရတုကို တောရောမြို့ပါ နှုတ်တိုက် ကျက် မှတ်ခိုင်းပြီး စာသင်ကျောင်းတိုင်း တွင် ကျောင်းမတက်မီ သီဆိုကာ ဂုဏ်ပြုနေဆဲ ဖြစ်ပါ၏။

မစ္စတာ မောင်မှိုင်းကသာ ခွေးဌီကာ၊ ဒေါင်းဌီကာတို့ဖြင့် အင်္ဂ လိပ်များနှင့် ''ဖလဖ'' (ဖော်လံဖါး) တို့ကို ကလိတတ်ပါ၏။ ဆရာ တော်ကဲ့သို့ ဗြောင်တော့ မပြောပါ။

ဆရာတော်မှာမူ ပြောင် မြောက်လှသော ဝံသာနုတရားများ၊ အဟီသ၊ □□ ။ ကိုယ်ကျင့်တရား။ ခြိုးခြံရေး။ ညီ ညွတ်ရေး။ ပညာရေး။ သည်းခံ ရေးတို့ကို အခြခံကာ ဟောသဖြင့် သွားလေရာတွင် ပြည်သူလူထု ကြီးက မင်္ဂလာစည်တော်ရွမ်း၍ ကြိုဆိုသကဲ့သို့ ဗြိတိသျှ အာဏာ ပိုင်များကလည်း ''လာပါ၊ လာပါ၊ ရှင်ဥတ္တမရဲ့၊ တကယ်စောင့်တဲ့ အ ကောင်၊ မလွယ်ပေါက်နဲ့ ထောင်'' လုပ်ကာ ထောင်တံခါးကြီးဖွင့်ကာ ကြိုဆိုခဲ့ပါသည်။

မြန်မာပြည် လွတ်လပ်ရေး အခန်းတွင် ဆရာတော်၏ အခန်း ကဏ္ဍက ကြီးမားလှပါသည်။

ဗိုလ်ချုပ် အောင်ဆန်းကို အများပြည်သူတို့က မြန်မာ လွတ် လပ်ရေး ပိသုကာအဖြစ် တင်စား ခေါ်ဝေါ်ကြပါသည်။ မှန်ပါသည်။ သို့သော် မည်သည့် ပိသုကာ၌ မဆို ''ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာ'' တို့ ရှိရစမြဲ ဖြစ်ပါ သည်။

ဆရာတော် ဦးဥတ္တမသည် ဗိုလ်ချုပ်အောင်ဆန်း၏ သင်ဆရာ မဖြစ်ခဲ့ဘူးသော်လည်း ကြားဆရာ မြင်ဆရာတော့ဖြစ်ခဲ့ပါ၏။ ထို့ ကြောင့် ဆရာတော်ကို ''မြန်မာ့ လွတ်လပ်ရေး ပိသုကာ၏ ဆရာ့ ဆရာ'' ဟု ခေါ်ရသော် မှားအံ့ မထင်ပါ။

နတ်မောက်သား ဗိုလ်ချုပ် အောင်ဆန်း။ ငယ်နာမည် မောင် ထိန်လင်းကား ''လွတ်လပ်ရေး၏ ပိသုကာကြီး ဖြစ်ပြီး။ စစ်တွေသား ဆရာတော် ဦးဥတ္တမကတော့ ဗိုလ်ချုပ်၏ ကြားဆရာ၊ မြင်ဆရာ မြန်မာ့လွတ်လပ်ရေး၏ မီးပြတိုက် ကြီး ပါပေတည်း။''

သမိုင်းပေးတာဝန်များနှင့် (ရတပ)

မင်းစိုးအိမ်

ရခိုင်စာပေကို မူလတန်းအဆင့်တွင် သင်ကြားခွင့် ရရှိရေးအတွက် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ(ရတပ)မှ ရခိုင်ပြည်လွှတ်တော်တွင် တင်သွင်းမည်ဟုသိရသဖြင့် အထူး နှစ်ထောင်းအားရ ဖြစ်မိသည်။ လူမျိုးတမျိုးတွင် ကိုယ်ပိုင်စာပေ ယဉ်ကျေးမှု သမိုင်းအစဉ်အလာများကို ထိမ်းသိမ်း စောင့်ရှောက်ရန်မှာ အလွန်အရေးကြီးပါသည်။ ယဉ်ကျေးမှုသည် လူမျိုးတမျိုး၏ အသက်ဆိုလျှင် စာပေသည် ထိုလူမျိုး၏ အသည်းနှလုံးဟု ဆိုလျှင် လွန်အံ့မထင်ပါ။ ရခိုင်စာပေ ထွန်းကားကျယ်ပြန့်အောင် လုပ်ရမည့် ကိစ္စသည် ပြည်နယ်လွှတ်တော်တွင် အများစု အနိုင်ရပါတီဖြစ်သော (ရတပ)၏ သမိုင်းပေး တာဝန်များစွာထဲမှ အရေးကြီးသည့် ကိစ္စတရပ်ဖြစ်ပြီး အခြားသော ဦးစားပေး လုပ်ဆောင်သင့်သည့် ကိစ္စများလဲ အများအပြားရှိပါသေးသည်။

အလွှာအမြန် လုပ်ဆောင်ရမှုများစွာထဲမှ တခုကိုပြောရလျှင် ယနေ့ ရခိုင်ပြည်တွင် ဗမာစစ်တပ်အဆမတန် များပြားနေသည့် ကိစ္စဖြစ်ပါသည်။ ရခိုင်ပြည်တွင် ပြည်တွင်းစစ် ဖြစ်ပွားနေသည်မဟုတ်။ မည်သည့် ပြည်ပရန်ကိုလည်း ကြောက်စရာ အရေအတား မရှိသည့် အခြေအနေတွင် ဗမာစစ်တပ်မှ တပ်ရင်းပေါင်း ၆၀ ကျော် တိုးချဲ့ချထားသည်မှာ ရခိုင်ပြည်သူများကို နှိပ်ကွပ် ရန်မူရန်မှအပ အခြားမရှိပါ။ ထိုကဲ့သို့ စစ်တပ်များကို မတရားတိုးချဲ့သဖြင့် စစ်တပ်ခြေရင်းများအတွက် ရခိုင်ပြည်သူတို့၏ ဘိုးဘွားပိုင် လယ်မြေများကို အသိမ်းခံရ၏။ စစ်တပ်နှင့်နီးစပ်သည့် ပြိုရွာများမှ ပြည်သူလူထုမှ စစ်တပ်ရိက္ခာအတွက်၊ စစ်တပ် တန်းလျားများ တည်ဆောက်ရေးအတွက် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုများ ရှိနေသဖြင့် ဗမာစစ်တပ် တိုးပွားလာလေလေ ပြည်သူအတွက် ဝန်ထုတ်ဝန်ပိုး ဖြစ်လေလေဖြစ်၏။

ရိုးသားသည့် ရခိုင် ကျေးလက်တောသူများမှာ ဗမာစစ်သားများ၏ လိမ်လည်လှည့်ဖြားမတရားအနိုင်ကျင့်ခြင်းကို ခံကြရသဖြင့် မျက်ရည်နှင့်မျက်ခွက် ဖြစ်ကြရ၏။ ဗမာစစ်တပ်၏ မထင်လျှင် မထင် သလို ပစ်ခတ် သတ်ဖြတ်မှုများ ကြောင့် ရခိုင်ပြည်သူများမှာ မိမိတို့အိမ်တွင်ပင် မိမိတို့ အေးချမ်းစွာ နေထိုင် စားသောက်ရန်ပင် အခက်ကြုံနေရ၏။ အဆိုးဆုံးမှာ အရွယ်မရောက်သေးသည့် ရခိုင်ခလေးလူငယ်များအား ဗမာစစ်တပ်အတွက် စုဆောင်းခြင်းများရှိနေသဖြင့်(ရတပ) အနေဖြင့် ဗမာစစ်တပ်များ မတရားတိုးချဲ့ ချထားခြင်းကိစ္စကို အမြန်ဆုံး ကိုင်တွယ်သင့်ပါသည်။

နောက်တခုမှာ ရခိုင် ပြည်သူတို့ ပိုင်ဆိုင်သော လယ်ယာမြေများကို ပိုင်ရှင်များ၏ သဘောတူညီမှုကို တောင်းခံခြင်းမရှိပဲ တိုင်းတပါးသားတို့ကို ငှားရမ်းခြင်း၊ ရောင်းချခြင်းနှင့် အများပိုင် လယ်မြေများကို အာဏာပိုင်တို့ဖြင့် အလွန်းသင့်သူများကို သိမ်းဆည်း ပေးဆောင်ခြင်းတို့ ဖြစ်၏။

၂၀၁၀ ခုနှစ် အောက်တိုဘာလ သတင်းတခုတွင် ဘင်္ဂလားဒေ့ရှ်ကို ရခိုင်ပြည်မှ မြေဇာပေါင်း ၅၀၀၀၀ ကျော်ငှားရမ်းသည်ကိစ္စ ပျက်ပြယ်သွားသည်ဟု သိလိုက်ရသည်။ အမှန်မှာ နအဖ အနေဖြင့် အယင်ကတည်းကပင် ထိုကိစ္စကို မလုပ်ဆောင်သင့်ပေ။ ရခိုင်ပြည်သူတို့ ပိုင် လယ်မြေကို ရခိုင်ပြည်သူတို့ ခွင့်ပြုချက်မရပဲ ဘယ်သူမှ သူတို့သဘောနှင့်သူတို့ လုပ်ပိုင်ခွင့် မရှိပေ။

ယခုတခါ ကျောက်ဖြူဖြို့ကို တရုတ်တို့လက်ထဲသို့ ရောင်းချရန် သဘောတူညီမှုတခုကို တရုတ် ဒုသမ္မတ နှင့် မြန်မာ အာဏာပိုင်တို့ သဘောတူ လက်မှတ်ရေးလိုက်ကြကြောင်း ဇန္နဝါရီလ ၂၄ ရက် အင်တာနက်သတင်းတခုတွင် ဖတ်လိုက်ရပြန်သည်။ ရခိုင်ပြည်သူတို့ကို ဘာမှကြိုတင်အသိ ပေးပြီး သဘောထား တောင်းခံခြင်းလည်း မရှိ၊ ပြည်သူအတွက်လည်း ဘာမှ အကျိုးကျေးဇူးရှိမှာ မဟုတ်သည့် အပြင် ဆိုက်ကျိုးများသာ ရှိမည့် ဤလုပ်ရပ်သည် နအဖ အာဏာပိုင်တို့ ဘယ်လိုမှ မလုပ်သင့်သည့် ကိစ္စတရပ်ဖြစ်သည်။ ပြည်သူအတွက် အကျိုးရှိမရှိကို ယခု ရခိုင်ပြည်သူက ရွေးချယ် တင်မြှောက်ပေးလိုက်သော (ရတပ)ပါတီကိုယ်စားလှယ်များနှင့် အခြား အနိုင်ရ လွှတ်တော် ကိုယ်စားလှယ်တို့က သေချာဆွေးနွေး လုပ်ဆောင်ရမည်ကိစ္စဖြစ်သည်။ နအဖတို့နှင့် ဘာမှမဆိုင်။ ထို့ကြောင့် ဤပြဿနာကိုလည်း လွှတ်တော်တွင် ဝင်ရောက်ဆွေးနွေးကြတော့မည့် (ရတပ)မှ ရွေးချယ်ခံ ကိုယ်စားလှယ်တော်ကြီးများ အနေဖြင့် ဦးစားပေးကိစ္စတရပ်အဖြစ် မှတ်ယူထားသင့်ပါသည်။

အခြား ဦးစားပေး လုပ်ဆောင်ရမည့် သမိုင်းပေးတာဝန်တခုမှ ရခိုင်ပြည်တွင်းသို့ တရားမဝင် ဝင်ရောက် နေထိုင်နေကြသော ဘင်္ဂါလီ မူဆလင်များဖြစ်သည်။ အင်္ဂလိပ် ကိုလိုနီခေတ်ကပင် အလုပ်ကြွေးသမားများအဖြစ် ဝင်ရောက်နေထိုင်နေကြသော တဖက်နိုင်ငံမှ စစ်တကောင်း ဘင်္ဂါလီတို့ကို သေချာစီစစ်ပြီး လိုအပ်သည့် အရေးယူမှုများကို အမြန် လုပ်ဆောင်သင့်ပါသည်။ သူတို့ ရောက်ရှိ အခြေချ နေထိုင်လာသည့် နှစ်ကာလများကို သေချာစီစစ်ပြီး နိုင်ငံသားများအဖြစ် ပေးသင့်သူများကိုပေး။ ပြန်လည် နှင်ထုတ်သင့်သည်များကို နှင်ထုတ်ရပါမည်။ ထို့ပြင် နယ်စပ် လုံခြုံရေးကို အယင်ကထက် များစွာ တင်းကျပ်ပြီး စောင့်ကြည့်သင့်ပါသည်။ လိုအပ်သည့် ဥပဒေများကို လွှတ်တော်တွင် တင်သွင်းပြီး အမြန်ဆုံး အာဏာတည်အောင် လုပ်ဆောင်ရပါမည်။ ဥပဒေများကို ထုတ်ပြန်ရာတွင် တဘက်သတ် မဟုတ်စေပဲ ရခိုင်ပြည်တွင် နေထိုင်ကြသော ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံတို့၏ အကျိုးစီးပွားကို ကာကွယ်သော၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခြေခံတို့ကို ပေးဆောင် အာမခံသော၊ ဥပဒေ၏ အောက်တွင် လူတိုင်းလွတ်လပ်စွာ၊ ငြိမ်းချမ်းစွာဖြင့် ဥပဒေ၏ အကာအကွယ်ကို ယုံနိုင်သော ဥပဒေမျိုး ဖြစ်သင့်ပါသည်။

ရခိုင်ပြည်တွင် လျှပ်စစ်မီး မရခြင်းမှာ ဗမာအုပ်စိုးသူ အဆက်ဆက်တို့၏ ရခိုင်ပြည်ကို စနစ်တကျဖျက်ဆီးလိုသည့် လုပ်ရပ်၊ လူမျိုးတမျိုးလုံးအား ခေတ်နောက်ကျနိုင်အောင်၊ ဖွံ့ဖြိုးတိုးတက်မှု နည်းအောင် အမှောင်ထဲတွင် ရခိုင်ပြည်သူများကို ထားလိုသော ဆန္ဒများအနက် တခု အပါအဝင် ဖြစ်ပါသည်။ တဖက်သပ် စွပ်စွဲခြင်းမျိုး မဟုတ်ပါ။ ကရင်ပြည်တွင် ဒေသဖွံ့ဖြိုးမှု နောက်ကျခြင်းမှာ ပြည်တွင်းစစ်ကြောင့်ဟု စစ်အာဏာရှင်တို့ အကြောင်းပြလေ ရှိကြသည်။ ရခိုင်ပြည်တွင် ဘာစစ်မှ မရှိပါပဲ လျက် ရခိုင်ပြည်သည် မြန်မာပြည်၏ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် နောက်ဆုံးကို ရောက်နေရခြင်းကို မည်ကဲ့သို့ အကြောင်းပြချက် ပေးမည်နည်း။ ရခိုင်ပြည်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန် စိုင်းဒင်ကဲ့သို့သော ရေအားကောင်းမွန်သည့် သဘာဝ ရေတံခွန်များ ရှိနေပါလျက်၊ သုံးစွဲရန်လည်း သဘာဝဓာတ်ငွေ့မှ ငွေအများအပြားကို နေ့စဉ်ရရှိနေပါလျက် ယခုအချိန်ထိ ရခိုင်ပြည်တွင် ၂၄ နာရီ မီးမရှိခြင်းမှာ ကျနော် အထက်က ပြောသည့်အချက်မှလွဲ၍ အခြား မရှိပါ။ ထို့ကြောင့် ပြည်သူမှ အားကိုးတကြီးဖြင့် ရွေးချယ်တင်မြှောက်လိုက်သော (ရတပ) ကိုယ်စားလှယ်တို့ အမြန်ဆုံး အကောင်အထည်ပေါ်နိုင်အောင် အားထုတ်သင့်ပါသည်။

၂၀၁၀ ခုနှစ်တုန်းက ဩစတေးလျ ဝန်ကြီးချုပ်က သူတို့ လူဖြူများက ဌာနေ တိုင်းရင်းသားများအပေါ် အပြစ်ကျူးလွန်မှုများကို တရားဝင် ကမ္ဘာသိ တောင်းပန်သည့်သတင်းကို ဖတ်လိုက်ရသဖြင့် ဝန်ကြီးချုပ်၏ သဘောထားကြီးမှုကို လေးစားမိပါသည်။

ယခင် ပါလီမန် ဒီမိုကရေစီခေတ်က ဝန်ကြီးချုပ်ဦးနု လက်ထက်တွင် ထိုင်းပြည်သူများကို သူတို့ ယခင် ဗမာ ရှင်ဘုရင်များ လက်ထက်တုန်းက ဝင်ရောက်တိုက်ခိုက်ပြီး ဖျက်ဆီးခဲ့မှုများကို တောင်းပန်ခဲ့ပြီး အယုဒယ မြို့ကို လည်း မြန်မာတို့က အကုန်အကျခံ တည်ဆောက်ပေးလိုက်ခြင်း၊ ကမ်းလှမ်းခဲ့သည်ဟု မှတ်သားဖူးပါသည်။ သို့သော် ၁၇၈၄ ခုနှစ်က ဘိုးတော်မောင်ဝိုင်း စစ်မကြေညာပဲ ရခိုင်ပြည်ကို ဝင်ရောက် တိုက်ခိုက်ဖျက်ဆီးပြီး ရခိုင်ပြည်သူတို့ သိန်းနှင့်ချီ သတ်ဖြတ် ခံခဲ့ရသည့်ကိစ္စ၊ ရခိုင်တို့၏ ထီးနန်းကို မီးချိုးဖျက်ဆီးခဲ့သည့်ကိစ္စ၊ အဒိုး တန် နန်းတွင်းရတနာတို့ကို သိမ်းဆည်း လုယူသွားခဲ့သည့် ကိစ္စတို့ကို ဘယ်အုပ်စိုးသူ ဗမာတို့ကမှ တောင်းပန် စကားပြောမည့် အရိပ် အယောင်ပင် မတွေ့ရသေးပေ။ တိုင်းတပါး လူမျိုးခြားတို့ကိုပင် တောင်းပန်နိုင်သေးလျှင် ဘာကြောင့် တိုင်းရင်းသားညီအစ်ကို ပါဆိုသူတွေကို မတောင်းပန်နိုင်ရ မည်နည်း။

တတိုင်းပြည်ထဲတွင် အဝူနေထိုင်ကြမည့် လူများအနေဖြင့် တယောက်နှင့်တယောက် မှားခဲ့ကြသည်များရှိလျှင် တောင်းပန်ပြီး ကျေအေးနိုင်ရပါမည်။ နောင်မျိုး ဆက်သစ်တို့ လက်ထဲကို ထိုအမုန်းများ အာယာတများ နောက်ထပ် လက်ဆင့် မကမ်းသင့်ကြောင်း ပါ။ ဗမာလူမျိုးတို့ကို ထင်တို့ ကျူးလွန်ခဲ့သည့်အပြစ်ကို ဝန်ချ တောင်းပန်အောင် လုပ်ဆောင်ခိုင်းရမည့် တာဝန်မှာ (ရတပ)၏ တာဝန်ဖြစ်သည်ဟု ပြည်သူတယောက် အနေဖြင့် သဘောထားပေး လိုပါသည်။ ထိုပြဿနာသည် ရခိုင်လူမျိုးတွေ ပြည်ထောင်စုတွင် အတူရှိနေသင့်မနေသင့်ကို ဆုံးဖြတ်မည့် အရေးလဲ ဖြစ်လာနိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့် အရေးတကဲ့ အရေးကြီးသည့် နောက်ထပ် မလုပ်မဖြစ် လုပ်ရမည့် ကျေပွန်အောင် ထမ်းဆောင်ရမည့် သမိုင်း ပေးတာဝန်တရပ်ကို တင်ပြလိုပါသေးသည်။ အခြားမဟုတ်ပါ။ တိုင်းပြည်ကို ဝင်ရောက်သိမ်းပိုက်ခြင်းကို ခံရပြီးကတည်းက ဆုံးရှုံးခံခဲ့ရသော၊ ရခိုင်လူမျိုး ဘိုးဘွားမိဘတို့ ဥစ္စာမဟုတ်ခဲ့ကြသော မိမိတို့ ရခိုင်ဘုရင်အဆက်ဆက် အမြတ်တန်း တည်ထားကိုးကွယ်ခဲ့သော မဟာမြတ်မုနိ ရှုပ်ရှင်တော် မြတ်ကြီးအား ပြန်လည်ပင့်ဆောင်ရမည့် တာဝန်ဖြစ်ပါသည်။ ရှုပ်ရှင်တော် မြတ်ကြီးသည် ရခိုင်လူမျိုးတို့၏ အသည်းနှလုံး ဖြစ်၏။ သင်္ကေတဖြစ်၏။ မဟာမြတ်မုနိ ရှုပ်ရှင်တော်မြတ်ကြီးကို တည်ထားကိုးကွယ်ထားခြင်းကို တင်စား သည့်အနေဖြင့် နိုင်ငံတကာကပင် (□□□□) ဟုပင် တင်စားခေါ်ဝေါ်ခြင်းကို ခံခဲ့ရသော ရခိုင်ပြည်ကြီးသည် ဤရှုပ်ရှင်တော် မြတ်ကြီးသာ မရှိလျှင် ရခိုင်ပြည် တွင်လည်း ဘာမှမရှိတော့။ ထို့ရှုပ် ရှင်တော်မြတ်ကြီး မရှိကတည်းက ရခိုင်လူမျိုးတို့သည် အသည်းနှလုံး မပါသည့် စက်ရုပ်ပမာ ဘာ ခံစား ချက်မှ မရှိသကဲ့သို့ ဖြစ်ကုန်ကြ သည်ဟု နိုင်ငံခြား သမိုင်းပညာရှင် တစ်ယောက်၏ မှတ်ချက်ကိုဖတ်ခဲ့ ရဖူးပါသည်။

ထို့ကြောင့် ရခိုင်ပြည်သူတို့၏ နှစ်ပေါင်းများစွာ နာတာရှည်ရောဂါပမာ ခံစားနေကြရသော ခံစားချက်များကို အတတ်နိုင်ဆုံး ပြည့်ဆည်းပေးရမည့် တာဝန်မှာ ပြည်သူက ရွေးချယ်တင် မြှောက်ခြင်းကို ခံခဲ့ပြီးဖြစ်သော (ရတပ)၏ သမိုင်းပေး တာဝန်များစွာအနက်မှ တချို့ကို ရေးသားတင်ပြလိုက် ပါသည်။

ကွန်မြူနစ်တစ္ဆေနှင့်ဖက်ဆစ်သရဲ

လောကပါလ နတ်မင်း

အထက်ပါ အသုံးအနှုံးမှာ စာရေးသူ တည်ထွင်သော စကားလုံး အသစ်မဟုတ်ပါ။ ၎င်းအခေါ်များက စတင်သုံးစွဲခဲ့သူမှာ ကွယ်လွန်သူ မြန်မာနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကိုကြီးနုဖြစ်ပါသည်။ ၁၉၅၇ ခုနှစ်တွင် အိမ်နီးချင်း ယိုးဒယားနိုင်ငံတွင် ဖီးမာရှယ်ဆရစ်တာနာရပ် ခေါင်းဆောင်သော စစ်တပ်က အာဏာသိမ်းလိုက်သဖြင့် ဝန်ကြီးချုပ် ပီဘူဆွန်ဂယမ်မှာ ရန်သူ ကမ္ဘောဒီးယားနိုင်ငံသို့ မိုးကြိုးငှက် (□□) အမည်ရှိ ကားနှင့် ထွက်ပြေးရသော ဓာတ်ပုံ မြန်မာသတင်းစာများတွင် ပါလာပါသည်။

နောက် တစ်ရက်နှစ်ရက်အကြာတွင် ဝန်ကြီးချုပ်ဦးနုက မိန့်ခွန်းပြောရာတွင်၊ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ယခင် ကိုလိုနီနိုင်ငံအများ လွတ်လပ်ရေး ရလာကြောင်း၊ လွတ်လပ်ခါစ နိုင်ငံနိုင်ငံအများစုမှာ လက်ဝဲဝါဒဘက်သို့ ယိမ်းကြကြောင်း၊ သို့ပါလျက်နှင့် လုံးဝ လက်ဝဲနိုင်ငံအဖြစ်သို့ မရောက်မချင်း လက်ဝဲအုပ်စုက မကြေနပ်၍ ကွန်မြူနစ်သူပုန်များ ပေါ်လာကြောင်း၊ အမေရိကန် ခေါင်းဆောင်သော အခြားအုပ်စုကလည်း ကွန်မြူနစ်မဖြစ်ပြီးရောဟု သဘောထားကာ၊ ကွန်မြူနစ်ဆန့်ကျင်သူဆိုလျှင် မည်သူ့ကိုမဆို ထောက်ခံအားပေးကြောင်း၊ ထို့ကြောင့် အမေရိကန် အကူအညီယူသော ဖွံ့ဖြိုးစ နိုင်ငံအချို့တွင် ဒီမိုကရေစီ ဆိတ်သုဉ်းသွားပြီး စစ်အာဏာရှင်၊ ဖက်ဆစ် အာဏာရှင်စံနစ်များ ပေါ်လာကြောင်းကို တောင်အမေရိကနိုင်ငံများ၊ ယိုးဒယား၊ တောင်ကိုးရီးယား၊ ပါကစ္စတန် စသောနိုင်ငံများကို ဥပမာပေး၍ ဟောသွားပါသည်။

၎င်းမိန့်ခွန်းတွင် ကိုကြီးနုက အချို့နိုင်ငံများတွင် ဒီမိုကရေစီအစိုးရများသည်၊ ကွန်မြူနစ်ကို အကြောက်လွန်ပြီး စစ်တပ်ကို အားကိုးကာ ချဲ့ထွင်ကြကြောင်း၊ ၎င်းကိစ္စမှာ တစ္ဆေကြောက်ပြီး သရဲမွေးသည့်လူနှင့် တူကြောင်း၊ တနေ့တွင် ယခု ယိုးဒယားပြည်ကပြသွားသည့် ဥပမာအတိုင်း၊ ကွန်မြူနစ်တစ္ဆေကို ဟန့်တားနိုင်သော်လည်း စစ်ဖက်ဆစ်၏ ဂုတ်ချိုးခြင်း ခံလိုက်ရမည်ဖြစ်ကြောင်း စကားပြော တရားဟောကောင်းသူပီပီ၊ ဥပမာ၊ ဥပမေယျ အစုံစုံဖြင့် ပြောသွားခဲ့ပါသည်။

ဦးနုမှာ ဗေဒင်ယုံသူ၊ နတ်ယုံသူ၊ အယူသည်းသူအဖြစ် နာမည်ကြီးခဲ့သူ ဖြစ်ပါငြားလည်း၊ ၎င်းကိုယ်တိုင်နှင့် မြန်မာပြည် သူသည် သူပေးသည့် ဥပမာအတိုင်း ဖြစ်နေပြီး မကြာမီ သရဲဂုတ်ချိုး ခံရတော့မည်ဟု မည်သည့် ဗေဒင်ဆရာကသော်၎င်း၊ နတ်ထိန်း ပုဏ္ဏားတို့က သော်လည်းကောင်း၊ ကြိုတင် ဟောကိန်းထုတ်ခြင်း၊ နိမိတ် ဖတ်ခြင်းတို့ မပြုခဲ့ကြပါ။

တစ္ဆေကြောက်သော ဖဆပလ အစိုးရမှာ သရဲမွေးမိရာမှ ဂုတ်ချိုးခံလိုက်ရလေပြီ။ သူတို့ ခံရ ရုံဆိုက တော်ပါသေးသည်။ မဆီမဆိုင် ပြည်သူကြီးခမျာ မြေဇာပင် ဖြစ်ခဲ့ရသည်မှာ အနှစ်ငါးဆယ် နီးပါးဖြစ်ပြီ။ ကိုကြီးနု ၎င်းမိန့်ခွန်းကို ပြောခဲ့သည့်အချိန်က မမွေးဖွားခဲ့သေးသူများ၏ သားမြေးများပင် ယနေ့တိုင် သရဲဂုတ်ချိုး ခံနေရဆဲဖြစ်ပါသည်။

ဦးနုကြီးက ကွန်မြူနစ်ဝါဒ မကောင်းကြောင်း ''လူထုအောင်သံ'' ပြဇာတ်ဖြင့် ဝါဒဖြန့်ခဲ့သည်။ ၎င်းပြဇာတ်ကို သတ္တမတန်းသုံး မြန်မာစာအဖြစ် ပြဋ္ဌာန်းလိုက်၍ ကျောင်းသားတိုင်း သိနေကြသည်။ ဦးဗကလေးက ရုပ်စုံစာအုပ်အဖြစ် ရေးဆွဲပေးပြီး၊ တအုပ်ကို ၁၅ပြား ဖြင့်ရောင်းသဖြင့် လူတန်းစားမရွေး ဖတ်နိုင်သွားခဲ့သည်။ ကျောင်းသုံး မူရင်း ပြဇာတ်စာအုပ်၏ ရောင်းဈေးမှာလည်း ၂၅ ပြားသာ ရှိသည်။

၎င်းပြဇာတ်ကို ပြန်ကြားရေးဌာနမှ ရုပ်ရှင်ရိုက်ပြီး မြန်မာပြည်အနှံ့ လှည့်လည်ကာ အခမဲ့ပြသသည်။ ထိုစဉ်က ရန်ကုန်မြို့တော်၌ပင် အိမ်တိုင်း၌ ရေဒီယိုမထားနိုင်ကြသေး၊ ရေဒီယိုကက်ဆက်ဆိုသည်မှာ မပေါ်သေး၊ လေးလန်သော တိပ်ရီကော်ဒါကြီးများပင် ပေါ်စအခြေအနေ ဖြစ်ရကား၊ တောနေလူထုမှာ အစိုးရက အလကားလာပြမည့် ရုပ်ရှင်များနှင့် အမေရိကန် ပြန်ကြားရေးဌာန (□) မှ လှည့်လည်ပြသည့် ဝါဒဖြန့်ရုပ်ရှင်ကားများကို မျှော်ကြသည်။

တိုက်တိုက်ဆိုင်ဆိုင် ဟန်ဂေရီ ပြည်သူ့အုံကြွမှုကို ဆိုဗီယက်ရှုရှားက တင့်ကားများ၊ အမြောက်ကြီးများသုံး၍ အကြမ်းဖက် နှိမ်နင်းသောကြောင့် ဟန်ဂေရီပြည်သူပြည်သားများ အိမ်နီးချင်း ဩစတြေးလျသို့ ထွက်ပြေးခိုလှုံရပုံကို အမေရိကန် ပြန်ကြားရေးဌာနက မြန်မာတပြည်လုံး လှည့်ပြသဖြင့် လူထုကြီးမှာ ကွန်မြူနစ်တစ္ဆေ ပိုအ ခြောက်ခံရ ပြန်တော့သည်။

ထိုအချိန်က ဟန်ဂေရီ ဘောလုံးအသင်းမှာ ကမ္ဘာပေါ်တွင် အကောင်းဆုံးဖြစ်သည်။ အင်္ဂလန်အသင်းကို လန်ဒန်မြို့ ဝင်ဘလေ ဘောလုံးကွင်းတွင် အင်္ဂလိပ်ပရိတ်သတ်ရှေ့တွင် ၆ ဂိုးဂိုးမရှိဖြင့် အပြတ်နိုင်လိုက်သော အသင်းဖြစ်ပါသည်။ ၁၉၅၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲတွင် ဗိုလ်စွဲမည်ဟု လူတိုင်းက ထင်ခဲ့သော်လည်း ဂျာမန်တို့၏ ထောင်ချောက်တွင်မိပြီး ဒုတိယသာ ရခဲ့ပါသည်။

ဂျာမန်တို့ ထောင်ချောက်ဆင်ပုံမှာ ရှုံးထွက်အဆင့်မရောက်မီ ဂျာမဏီနှင့်ဟန်ဂေရီမှာ အုပ်စုတစုတည်းမှာ အတူရှိသည်။ နှစ်သင်းစလုံး နှစ်ပွဲစီနိုင်ပြီး၍ ရှုံးထွက်အဆင့်သို့ တက်မည်မှာ သေချာနေသဖြင့် ဟန်ဂေရီနှင့် ကန်သောပွဲတွင် ဂျာမဏီအသင်းက အရံလူ ၁၁ ယောက်လုံး ပါသည့်အသင်းဖြင့် ကစားပြီး အသင်းသားကောင်းများကို အနားပေးလိုက်သည်။ ထိုပွဲတွင် ဟန်ဂေရီက ၈ ဂိုး ၃ ဂိုးဖြင့် နိုင်သွားသည်။ သို့သော် ရှုံးထွက်အဆင့်တွင် ပွဲကြပ်များ ကစားခဲ့ရပြီး နောက်ဆုံးဗိုလ်လုပွဲသို့ ရောက်လာသည်။ ဂျာမဏီမှာမူ ပွဲချောင်များတွေ့ခဲ့ရပြီး ဗိုလ်လုပွဲသို့ ရောက်လာသည်။ ဗိုလ်လုပွဲတွင် နာမည်ကြီး ဟန်ဂေရီ ဘောသမားများ ခြေစွမ်းသိပ်မပြနိုင်ကြတော့။ ပထမပိုင်း တပိုင်းလုံး ဂျာမဏီက ခံစစ်ကစားထားပြီး ဟန်ဂေရီက ၂ ဂိုး ဂိုးမရှိဖြင့် နိုင်နေသည်။ သို့သော် ဒုတိယပိုင်း စစချင်း ဂျာမဏီက လူသစ်အားသစ်များဖြင့် အတင်းတိုက် စစ်ဆင်ကာ ကစားသဖြင့် ပွဲပြီးရန် ၁၅ မိနစ်အလိုတွင် ၂ ဂိုးစီ သရေဖြစ်သွားသည်။ ပွဲပြီးခါနီး နောက်ဆုံးစက္ကန့်တွင် ဂျာမဏီက ရသည့်အခွင့်အရေးကို အသုံးချပြီး အနိုင်ဂိုးသွင်းလိုက်သဖြင့် ၎င်းဂိုး ဝင်ပြီး စက္ကန့်ပိုင်းအတွင်း ဘောလုံးပွဲ ပြီးသွားခဲ့သည်။ ဂျာမဏီမှာ မည်သူမှမမျှော်လင့်ပဲ ကမ္ဘာ့ချန်ပီယံ ဖြစ်သွားသည်။ ဟန်ဂေရီတို့မှာ နောက်ထပ် ၄ နှစ် စောင့်ရမည့်ကိန်း ဆိုက်သွားတော့သည်။ သို့သော်လည်း ဆိုဗီယက် ရုရှားတို့၏ ကျူးကျော်မှုကြောင့် ဟန်ဂေရီ ဘောလုံးအသင်း တသင်းလုံးမှာ ဩစတြေလျာမှတဆင့် စပိန်သို့ ထွက်ပြေးကြသည်။ စပိန်မှာ မမျှော်လင့်ပဲ ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းဖြစ်လာပြီး မက်ဒရစ် ဘာစီလိုနာစသော ဘောလုံးအသင်းများလည်း ဥရောပ ချန်ပီယံများ ဖြစ်လာကြသည်။ သို့သော် ဆိုဗီယက်ရုရှားက ဗီတိုအာဏာကို မတရားသုံးစွဲပြီး မိမိမူရင်းနိုင်ငံမှ အခြားနိုင်ငံသို့ ခိုလှုံသွားသော အားကစားသမားများကို ၁၀ နှစ်ကြာမှ နိုင်ငံသစ်၏ နိုင်ငံသားများအဖြစ် အသိအမှတ်ပြုမည်ဟု ကြေညာလိုက်သဖြင့် စပိန်အသင်းမှာ ဟန်ဂေရီဘောလုံး သမားများကို သုံးခွင့်မရခဲ့ပေ။ ထို့ကြောင့် ၁၉၅၈ ခုနှစ်တွင် ဘရာဇီးက ဗိုလ်စွဲသွားသည်။ စပိန်မှာ နောက်ထပ် ၅၂ နှစ်အကြာ ယခုနှစ်တွင်မှ ကမ္ဘာ့ချန်ပီယံ ဖြစ်ရတော့သည်။ ဤအကြောင်းများမှာ စကားစပ်မိ၍ နောင်လာ နောင်သားများအတွက် ဗဟုသုတအဖြစ် ဖော်ပြပေးခြင်း ဖြစ်ပါသည်။

ဦးနု၏ လူထုအောင်သံ ရုပ်ရှင် အောင်မြင်လိုက်ပုံများကို ဖော်ပြရသော်

(၁)သူပုန်တို့က မုဆိုးမကြီး တဦး၏ နွားကို ပြည်သူ့ပိုင်သိမ်းပြီး ဆွဲယူသွားစဉ် မုဆိုးမကြီးက လိုက်ပြီး ''ဗိုလ်ကြီးရယ်၊ ကျမန္ဒားကလေး ပြန်ပေးပါရှင်၊ ပြန်ပေးပါ ဗိုလ်ကြီးရယ်၊ ပြန်ပေးပါဗိုလ်ကြီးရယ်'' ဟု သနားစရာ အသံဖြင့် ပြောခိုက် သူပုန်ဗိုလ်က သေနတ်ကို မိုးပေါ်ထောင်ပစ်ပြီး ခြောက်လှန့်ကာ မောင်းထုတ်လိုက်ခန်း။

(၂) ကွန်မြူနစ်တို့၏ ခံရုံး တရားစစ်ဆေးရာတွင် ရပ်မိရပ်ဖ အချို့ကို ''ဂျူရီ'' လူကြီးများ လုပ်ခိုင်းပြီး၊ သေနတ်များဖြင့် ချိန်ထားခါ ''ဂျူရီ လူကြီးများ၊ ဒီစီရင်ချက်ကို သဘောတူကြပါရဲ့လား'' ဟုမေးရာ ရွာမိရွာဖ ''ဂျူရီ''လူကြီးများမှာ ကြောက်လန့်စွာဖြင့် တူ– ––တူ ပါတယ်ဗိုလ်ကြီး၊ ဟုတ်– – ဟုတ်ပါတယ် ဗိုလ်ကြီး ဟု တုန်ရင်သောအသံဖြင့် ပြောကြဟန်။

(၃) ရဲဘော်ဖြူ ဗိုလ်အေးဖေနှင့်အဖွဲ့ကို ကွန်မြူနစ် ဗိုလ်တောက်ထွန်းနှင့်အဖွဲ့က လိမ်ညာဖိတ်၊ သေနတ်နှင့်တေ့ကာ လက်နက်ချခိုင်းပြီး ပစ်သတ်ခန်း။

(၄) အမှားကိုမြင်ပြီး လက်နက်ချတော့မည့် ရဲဘော်အောင်ဝင်းကို ဗိုလ်တောက်ထွန်းက ပစ်သတ်ခန်းတို့မှာ ပရိတ်သတ် အသည်းစွဲသွားပြီး ကွန်မြူနစ် တစ္ဆေတို့ အကြောက်ကြီး ကြောက်သွားကြပါသည်။

ဇာတ်ဆရာဦးနုမှာမူ ကွန်မြူနစ်တစ္ဆေကို နိုင်လိုက်သော်လည်း ဖက်ဆစ်သရဲ၏ ဂုတ်ချိုးခံလိုက်ရလေတော့၏။ ဦးနုတင်မကပါ။ သရဲကို ငယ်နိုင်ဟု မိမိတို့ကိုယ်မိမိတို့ မှော်ဆရာဟု အထင်ကြီးနေကြသော ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေးစသော ဖဆပလ ခေါင်းဆောင်များမှာလည်း သူတို့ မွေးခဲ့သည့် သရဲ၏အစား ခံရပါတော့သည်။

ကွန်မြူနစ်တစ္ဆေကို အကြောက်ကြီးကြောက်မိသော ပြည်သူလူထုကြီးမှာလည်း ဖက်ဆစ်သရဲဒါဏ်ကို မခံနိုင်တော့ဘဲ ၁၉၈၈ ခုနှစ်တွင် ပေါက်ကွဲကြကာ ''လူထုအောင်သံ'' (လူထုအောင်သံ မဟုတ်) ကြီး ဖြစ်သော ဒီ့အရေးနှင့် အလိုမရှိတို့ဖြင့် ကမ္ဘာသိအောင် ပြနိုင်ခဲ့ပါသော်လည်း လူသား၏အရသာကို သိနေသော သားစားဘီလူးကို သတ်သတ်လွတ် စားပါရန် တောင်းပန်သကဲ့သို့သာ ရှိပြီး သရဲကြီးက ၎င်း၏ ''အန္တေဝါသိက''ဟု ယူဆထားသော ဘီလူးသဘက်များကို မှော်ဝင်ပုလင်းအတွင်းမှ လွှတ်လိုက်ပြီး ထင်ရာစိုင်းစေတော့ရာ တပြည်လုံး သွေးချောင်း စီးရလေတော့၏။

လူ့သွေး သောက်ဖူးသွားသော ဘီလူးသဘက်တို့မှာ နောက်ဆုံးတွင် ဆရာရှင်သရဲကြီးကိုပင် ချမ်းသာမပေးတော့ဘဲ သတ်ဖြတ် စားသောက်လိုက်ကြလေတော့သည်။ ဆရာကာပြန်၊ အာခေါင်လုံ့စူးဆိုသည့် စကားရှိသော်လည်း၊ ဘီလူးသဘက်တို့မှာ တန်ခိုးထွားဆဲဖြစ်ပြီး၊ ငါနှင့် ငါသာနှိုင်းစရာဟု အထင်ရောက်ကာ ငါတို့ကလွဲရင် ဘယ်သူမှ မကောင်းဆိုသည့် သဘောမျိုးဖြင့် ဝါဒဖြန့်ရုပ်ရှင်ကားတကား ရိုက်ပြကြပါ၏။ ၎င်းဝါဒဖြန့်ကားမှာ လူထု အောင်သံကဲ့သို့ နယ်လှည့် အခမဲ့ ပြသည့်ကားမဟုတ်ဘဲ၊ ရုံတင်ကာ အခကြေးငွေယူပြသည့် ကားဖြစ်သဖြင့် ပြည့်သူ့ အော့ကြောလန်ဟူသော နာမည်ကို ထိုက်တန်စွာ ရရှိသွားပါကြောင်း။

မြန်မာ လူထုကြီးမှာတော့ ဖဆပလတို့ မွေးခဲ့သော သရဲ၏ တပည့် ဘီလူးသဘက်ကြီးများ၏ ရန်မှ အမြန်ကယ်တင်ပေးမည့် ဝိဇ္ဇာဓိုရ် သူတော်မြတ်တို့ကို မျှော်တော်ဇောနှင့် မောနေကြပါတော့သည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဂေါတမမြတ်စွာဘုရားသည် အနာဂတ္တံသ ဉာဏ်တော်ဖြင့် ရှေ့ရေးကိုကြည့်ပြီး ''ငါဘုရား၏ သာသနာတော်ကို နောင်အခါတွင် ငါ့သားတော် ရဟန်းများက ဖျက်ကြပေလတ္တံ့ '' ဟု ကြိုတင်ဟောကိန်း ထုတ်ထားခဲ့ပါသည်။ ရဟန်းတု ရဟန်းယောင် ရှင်တု ရှင်ယောင်တို့ကြောင့် သာသနာတော် ဆုတ်ယုတ်လာသည်မှာ အမှန်ဖြစ်ပါသည်။

မြန်မာစစ်တပ်ကို တည်ထောင်ပေးခဲ့သူ ဗိုလ်ချုပ်အောင်ဆန်းမှာတော့ ဂေါတမ ဗုဒ္ဓကဲ့သို့ သဗ္ဗညုတ ရွှေဉာဏ်တော်လည်း မရခဲ့၊ အနာဂတ္တံသ ဉာဏ်တော်လည်း ရှိသူမဟုတ်၍သာ စစ်တပ်၏ဖခင်ကြီး ဖြစ်ခဲ့ဟန် ရှိပါသည်။ အနာဂတ်ကို ကြိုမြင်၍ ကိုယ့်လူမျိုးကို ကိုယ်ကျွန်ပြန်လုပ်မည့် တပ်၊ သူ့သမီးအရင်းကို နည်းမျိုးစုံနှင့် ဒုက္ခပေးမည့် တပ်မှန်းသာ သိရှိခဲ့ရပါက ကိုယ့်လူမျိုး ကိုယ်နှိပ်စက်မည့် တပ်မျိုး ထူထောင်ပေးခဲ့သည့်အစား တိုင်းတပါးသား လက်အောက် ကျွန်သားပေါက် ဖြစ်နေရတာက ပိုကောင်းပါလိမ့်ဦးမည်ဟု ပြောခဲ့မည်မှာ မချွတ်၊ ယခုအချိန်သူသာ အသက်ပြန်ရှင်လာပါက ''လွန်ကုန်ပြီဟေ့၊ လွန်ကုန်ပြီ၊ ငါ အမှားဘဲထားပြီး ငါ့ကိုသာ သတ်ကြပါတော့''ဟု ဆိုလေမည်လော (သို့မဟုတ်) ဂျပန်လမ်းစဉ်လိုက်ပြီး ဟာရာကီရီ လုပ်ခါ သူ့ကိုသူ သတ်သေမည်လော စဉ်းစားစရာပင် ဖြစ်ပါတော့သည်။

ပြည်ထောင်စုနေ့ပတ်သက်ပြီး အပေါ် ဆရာကြီး ဒေါက်တာအေးကျော်နှင့် ဆက်သွယ်မေးမြန်းခန်း

မေး။ ပြည်ထောင်စုနေ့အကြောင်း နည်းနည်း ပြောပေးပါ။

ဖြေ။ ပြည်ထောင်စုနေ့လို့ ပေါ်လာတာက ၁၉၄၇ ခု ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့မှာ တိုင်းရင်းသား ကိုယ်စားလှယ်လူကြီးတွေနဲ့ ဗမာကိုယ်စားလှယ် လူကြီးတွေဟာ တန်းတူရည်တူ အခွင့်အရေးရရှိဖို့အတွက်နဲ့ လွတ်လပ်ရေးရတဲ့အခါမှာ ငါတို့တိုင်းရင်းသားတွေပါ အားလုံးသူ ပါဝင်ဖို့အတွက် ဆန္ဒရှိတယ်ဆိုတာကို ဖေါ်ထုတ်တဲ့ စာချုပ်ဖြစ်တယ်။ အဲဒါကြောင့် ပင်လုံစာချုပ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ သိပ်အရေးကြီးပါတယ်။ အဲဒီပင်လုံစာချုပ်ကို တိုင်းရင်းသားတွေ လက်မှတ်မထိုးလို့ရှိရင် ၁၉၄၈ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့ရတဲ့ မြန်မာပြည်လွတ်လပ်ရေးဟာ ရဖို့အကြောင်းမရှိ။ အင်္ဂလိပ်က ဘာလုပ်လဲဆိုလို့ရှိရင် မင်းတို့လွတ်လပ်ရေးမှာ တိုင်းရင်းသားတွေ ပါရဲ့လား။ တိုင်းရင်းသားတွေ သဘောတူရဲ့လားဆိုပြီး အင်္ဂလိပ်အစိုးရက မေးပါတယ်။ အဲဒီအခါမှ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်တဲ့ အမျှော်အမြင်ကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ ဆရာကြီးတို့ ရခိုင်ပြည်အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် ဦးအောင်ဇံဝေပါတယ်။ ဦးညိုထွန်းပါတယ်။ ပင်လုံမှာ တိုင်းရင်းသားတွေ အားလုံးဟာ ဗမာနဲ့အတူ လွတ်လပ်ရေးကို ယူဖို့ဆိုတာကို သဘောတူ လက်မှတ်ထိုးတဲ့ စာချုပ်ဖြစ်တဲ့ အတွက်ကြောင့် လွတ်လပ်ရေး ဆိုတာကို အားလုံးသူ မြင်ရတယ်၊ တွေ့ရတယ်။ ကြားရတယ်။ ဒါဟာ ပင်လုံစာချုပ် အရေးကြီးပုံ၊ ပြည်ထောင်စုနေ့ဟာ သိပ်အရေးကြီးတယ် ဆိုတာကို တင်ပြတဲ့ အကျဉ်းချုပ် သမိုင်းကြောင်း ဖြစ်ပါတယ်။

မေး။ မြန်မာနိုင်ငံ ပြည်ထောင်စုအဓိပ္ပါယ်ကို ရှင်းပြပေးပါ။

ဖြေ။ ပြည်နယ်တွေအားလုံး စုပေါင်းထားတဲ့ အပေါင်းအစည်းတခု၊ အဖွဲ့အစည်းအနေနဲ့ ပြည်ထောင်စုလို့ ခေါ်တာဖြစ်ပါတယ်။ မြန်မာနိုင်ငံလို့ ၁၉၄၇ ခုနှစ်စပြီးတော့ ပေါ်ပေါက်လာခြင်းတမျိုးဖြစ်တယ်။ တနည်းအားဖြင့် လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံလို့ ဝေါဟာရအားဖြင့် ခေါ်ကြတဲ့သဘောတရားဖြစ်တယ်။

မေး။ ယခုလက်ရှိ ခေါ်ဆိုနေတဲ့ ပြည်ထောင်စု မြန်မာနိုင်ငံဟာ တကယ့်ပြည်ထောင်စုစစ်စစ် ဖြစ်ပါသလား။

ဖြေ။ ပြည်ထောင်စု မြန်မာနိုင်ငံလို့ ၁၉၄၈ ခုနှစ်ကပင် စလို့ခေါ်လာတာ အခုထိ ပြည်ထောင်စုဘဲ ရှိသေးတယ်။ ဒါပေမယ့် ဒီပြည်ထောင်စုဟာ အတုအယောင်ပြည်ထောင်စုသာ ဖြစ်တယ်။ အစစ်အမှန် ပြည်ထောင်စုမဖြစ်။ ဘာကြောင့် အတုအယောင်ဖြစ်သွားခဲ့လဲဆိုလို့ရှိရင် သမိုင်းကြောင်းမှာ မူလ ဗိုလ်ချုပ်အောင်ဆန်း ရည်ရွယ်ထားတဲ့ ပြည်ထောင်စုဆိုတဲ့ အေးအတူပူအမျှဆိုတဲ့ သဘောတရားဟာ ဗိုလ်ချုပ်အောင်ဆန်းက စပြီးတော့လုပ်ခဲ့တယ်။ မူကြမ်းမှာလည်းရှိတယ်လို့ သိရတယ်။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းဟာ ၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့မှာ ကျဆုံးသွား တဲ့အတွက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အယူအဆတွေဟာ ဆက်လက် အကောင်အထည်မပေါ်နိုင်ခဲ့ဘူး။ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းကို ဆက်ခံတဲ့ ဦးနုကလည်း ပြည်ထောင်စုရဲ့အကြောင်းအရာ အချက်အလက်တွေကို အသေအချာ နားလည်ပုံမရ။ နောက်ပြီးတော့ ပြည် ထောင်စုဆိုတဲ့ သဘောတရားရဲ့ အနှစ်သာရကို လိုလိုလားလား ရှိပုံမရ။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်လို့ ဦးနု ကိုယ်တိုင်ရေးတဲ့ ''စနေသား'' စာအုပ်ထဲမှာ ရေးထားတာလည်း တွေ့ရတယ်။ အခု ပြည်ထောင်စုလို့ ခေါ်ပေမယ့် ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ အခြေခံဥပဒေသည် ပြည်ထောင်စုကို အသွင်ဖေါ်တဲ့ အခြေခံဥပဒေ မဟုတ်။ ဗဟိုကို အခြေခံပြုထားတဲ့ နိုင်ငံတနိုင်ငံ ဖြစ်လာတာကို တွေ့ရတယ်။ အဲဒါကြောင့် ၁၉၄၈ ခုနှစ်က စပြီးတော့ ပြည်ထောင်စု အစစ်အမှန်မဟုတ်တဲ့အတွက်ကြောင့် ဆရာကြီးတို့ နိုင်ငံဟာ တယောက်နဲ့တယောက် တိုက်ပွဲဖြစ်နေကြတယ်။ မကျေမနပ်တွေ ဖြစ်နေကြတယ်။ တန်းတူအခွင့်အရေးတွေ မရတာဘဲ တဖြည်းဖြည်းသွားနေတာဟာ ၆၃ နှစ်ကို ရောက်ပါပြီ။ ဒါပေမယ့် ပြည်ထောင်စု အစစ်အမှန် မဖြစ်နိုင်သေးဘူး။

မေး။ တိုင်းရင်းသားတွေ လိုလားနေတဲ့ စစ်မှန်တဲ့ ပြည်ထောင်စုက ဘာလို့ ခုချိန်ထိ မပေါ်ဘဲ ဖြစ်နေရတာလဲ။

ဖြေ။ ဘာကြောင့် ပြည်ထောင်စု အစစ်အမှန် မရလို့ ပြောရရင် ပြည်ထောင်စု တိုင်းရင်းသားအားလုံးရဲ့ တန်းတူအခွင့်အရေးကို မဟာဗမာလို့ လက်ခံထားတဲ့ လူတစုက မပေးချင်။ အခုထိ ဒုတိယ ပင်လုံစာချုပ်ကို လုပ်ကြမယ်လို့ ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုနေတာဟာ အင်မတန်မှ သဘာဝကျတယ်။ လိုလည်း လိုအပ်တယ်။ ဒီပင်လုံစာချုပ်မှာ ပါတဲ့ အခြေခံ သဘောတရားတွေကို မဟာ ဗမာဝါဒကို လက်ခံ ထားတဲ့ လူတစုက မပေးချင်။ တနည်းအားဖြင့် ပြောရမယ် ဆိုလို့ရှိရင် တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို လုံးဝ မပေးချင်ဘူး။ သူတို့ဘဲ ချုပ်ကိုင်ထားတဲ့အတွက်ကြောင့် အဲဒါဟာ ပြည်ထောင်စု မြန်မာနိုင်ငံ အစစ်အမှန်မဖြစ်နိုင်တာ အဓိက အချက်ဖြစ်ပါတယ်။

မေး။ စစ်မှန်တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံဖြစ်ဖို့အတွက် အုပ်ချုပ်သူတွေအနေနဲ့ ဘာတွေကို လုပ်ဆောင်ပေးသင့်ပါလဲ ဆရာကြီး။

ဖြေ။ ပြည်ထောင်စု မြန်မာနိုင်ငံ အစစ်အမှန်ဖြစ်ဖို့အတွက် ပြည်နယ်တွေရဲ့ အခွင့်အရေးကို ပေးရဖို့။ ယင်းပြည်နယ်တွေရဲ့ အခွင့်အရေးဆိုတာ လူမျိုးစုဖြစ်တဲ့ ပြည်နယ်၊ ဥပမာ အနီးကပ်ဆုံး သာဓက ပြောရဖို့ဆိုလို့ရှိရင် ဆရာကြီးတို့ ရခိုင်ပြည်လို့ ပြောရဖို့။ ရခိုင်ပြည်မှာဆိုလို့ရှိရင် အုပ်ချုပ်ရေးမှူး ဆိုတဲ့ □ □ ဟာ ရခိုင်သားဖြစ်ရဖို့။ ဒေပြည်နယ်မှာ မွေးဖွားတဲ့လူ အစစ်အမှန်ဖြစ်ရဖို့။ အဲဒါဟာ အရေးကြီးတဲ့ အချက်တချက်ဖြစ်တယ်။ နောက်တခုက ရခိုင်ပြည်ကထွက်တဲ့ ဂတ်စ်တို့၊ ရေနံတို့ကို ရခိုင်ပြည်မှာ ရှိတဲ့ ရခိုင်သူ ရခိုင်သားတွေသာလျှင် အကျိုးခံစားခွင့်ရရှိဖို့။ နောက်တခါ ရခိုင်ပြည်က ထွက်တဲ့ ပျဉ်းကတိုးသစ်တွေ၊ တခြားတခြားသစ်တွေ၊ ဝါးတွေ၊ ဘင်္ဂလာ ပင်လယ်အော်ကထွက်တဲ့ ရေထွက်ပစ္စည်းတွေဟူသမျှကို ရခိုင်သူ ရခိုင်သားတွေဟာ တိုက်ရိုက် အကျိုးခံစားခွင့်ရှိရဖို့။ အဲဒီလို ခံစားခွင့်မရှိရင် ဒါဟာ ပြည်ထောင်စု အစစ်အမှန်ရဲ့ အကျိုးအာနိသင်ကို တန်းတူရည်တူ အခွင့်အရေးရှိပါတယ်လို့ ပြောလို့မရဘူး။ အဲဒါအပြင် ရခိုင်ပြည်မှာ ရှိတဲ့ ကျောင်းသူ ကျောင်းသား ကျောင်းဆရာတွေကို ရာထူးတိုးတာ၊ အဆင့်မြင့်တာကအစ ရခိုင်ပြည်နယ်က လုပ်ရဖို့။ နောက်ပီးတော့ ရခိုင်ပြည်မှာ

စာမျက်နှာ ၁၈ ကော်လံ ၄

ဒုတိယ ပင်လုံညီလာခံနှင့် ပတ်သက်ပြီး ဦးအေးသာအောင်နှင့် ဆက်သွယ်မေးမြန်းခန်း

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး ကျင်းပပြုလုပ်ရန် စီစဉ်နေတဲ့ ဒုတိယ ပင်လုံညီလာခံဟာ အောင်မြင်မှုမရရှိနိုင်ကြောင်း ဗမာ ဝါရင့်နိုင်ငံရေး သမားဟောင်း သခင်တင်မြက သူဆောင်းပါးတွင် ရေးသားဖေါ်ပြခဲ့ပါတယ်။ သခင်တင်မြရဲ့ '' **ယခင် ပင်လုံညီလာခံနှင့် ယနေ့ အခြေအနေ''** ၆၄ နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါးထဲမှာ ဒုတိယ ပင်လုံညီလာခံ မအောင်မြင်နိုင်ဘူးလို့ ရေးသားပြီး ၎င်းဆောင်းပါးကို ဖေဖော်ဝါရီလ ၁၂ရက်နေ့ထုတ် စစ်အစိုးရအာဘော် ကြေးမုံသတင်းစာတွင် ဖေါ်ပြပါတယ်။

သခင်တင်မြင်က **''မတူတော့သည့် ယနေ့ အခြေအနေတွင် ဒေါ်အောင်ဆန်းစုကြည်က ဒုတိယ ပင်လုံညီလာခံ ကျင်းပမည်၊ တိုင်းရင်းသား လူမျိုးများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်မည်ဟု ကြွေးကြော်နေခြင်းသည် ''မရောင်ရာကို ဆီလူးသကဲ့သို့'' ဖြစ်နေပါသည်။ အောင်မြင်မည်ဟုလည်း ကျွန်တော် မယုံကြည်ပါ။ တပ်မတော် အစိုးရက ဘာလုပ်လုပ် အကောင်းမမြင်ဘဲ အဆိုးဟုသာ မြင်ကြသူများတွင် ဒေါ်အောင်ဆန်းစုကြည်လည်း ပါဝင်ပါသည်''**ဟု ရေးသားထားပါတယ်။

အဲသလို သခင်တင်မြ ရေးသားတာနဲ့ ပတ်သက်ပြီး ဒုတိယ ပင်လုံညီလာခံ ဖြစ်မြောက်ရေးအတွက် အကောင်အထည်ဖေါ် ဆောင်ရွက်ရာတွင် ပါဝင်သူ တစ်ဦးဖြစ်သူ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ် အတွင်းရေးမှူးလည်း ဖြစ်၊ □ အတွင်းရေးမှူးလည်း ဖြစ်တဲ့ ဦးအေးသာအောင်ကို ဘယ်လို အမြင် ရှိပါသလဲလို့ မေးကြည့်ရာ သူက ယခုလို စတင် ပြောကြားပါတယ်။

ဦးအေးသာအောင်။ ။ ဒုတိယ ပင်လုံညီလာခံကို မဖြစ်နိုင်ဘူးလို့ ပြောတာကတော့ သူ့အမြင်ကို သူပြောတာ ဖြစ်ပါလိမ့်မယ်။ ကျွန်တော်တို့ကတော့ ဒုတိယ ပင်လုံညီလာခံ လုပ်ဖို့၊ ဒုတိယ ညီလာခံကျင်းပဖို့ လိုအပ်တယ်လို့ လက်ရှိနိုင်ငံရေး အခြေအနေ အရပ်ရပ်ကို သုံးသပ်ပြီး ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ခုလို ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာလည်း ဖြစ်နိုင်တဲ့အခြေအနေ အများကြီးရှိတယ် ဆိုတာလည်း ကျွန်တော်တို့သိပါတယ်။ ဒုတိယ ညီလာခံ ကျင်းပတယ်ဆိုတာက ဟို ပင်လုံမှာတုန်းကလို လူတွေအားလုံး စုဝေးကျင်းပတာထက် အခုက တချို့ အဖွဲ့အစည်းက တိုက်ရိုက် တွေ့ဆုံဆွေးနွေးတာမျိုး၊ အင်တာနက်ကနေ ဆွေးနွေးတာမျိုး၊ တချို့ကတော့ ဖုန်းနဲ့ ဆွေးနွေးတာမျိုးတွေ ကျွန်တော်တို့ လုပ်ဖို့အစီအစဉ်တွေ ရှိပါတယ်။''

မေး။ ။ ဒုတိယ ပင်လုံညီလာခံကို ဘာကြောင့် အခု ကျင်းပဖို့ လိုအပ်နေရတာပါလဲ။

ဖြေ။ ။ ဒီလို ဆောင်ရွက်ရတာဟာလည်း လက်ရှိ မြန်မာနိုင်ငံရဲ့အခြေအနေကို ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ အဓိက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ကြွေးကြော်ခဲ့တာ ပြောခဲ့ဆိုခဲ့တာ ခုဆိုရင် ၆၄ နှစ် ကြာခဲ့ပါပြီ။ ၆၄ နှစ်ကာလကို ကြည့်ရင်လည်းဘဲ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးဟာ စစ်မှန်တဲ့ စည်းလုံးညီညွတ်ရေး မရသေးဘူးဆိုတာကို မြင်နေရပါတယ်။ ခု လောလောဆယ်မှာလည်း □ □ နဲ့ ဟိုရက်ပိုင် အတောအတွင်းက လက်နက်ကိုင်တိုက်ပွဲတွေ ဖြစ်ခဲ့တယ်။ ပီးတော့ □ □ နဲ့ တိုက်ပွဲတွေဖြစ်နေတယ်။ နောက်တခါ တခြား □ မွန်ပြည်သစ်ပါတီ၊ □ တပ်မဟာ တချို့နဲ့ စစ်ရေး နိုင်ငံရေး တင်းမာမှုတွေရှိနေတယ်။ ဒီလို ပြည်တွင်းစစ် ဖြစ်ပေါ်လာမယ့် ကျယ်ပြန့်လာမယ့် အနေအထားတွေကို မြင်နေရတဲ့အတွက်ကြောင့် ဒုတိယပင်လုံလို တိုင်းရင်းသားပေါင်းစုံ၊ ပီးတော့ နိုင်ငံရေးအရ အားလုံး ပါဝင်ပတ်သက်နိုင်တဲ့ အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးဖို့လိုအပ်ဆိုတာ နိုင်ငံရေးအခြေအနေအရ တောင်းဆိုနေပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယ ပင်လုံညီလာခံ ကျင်းပဖို့ လိုလည်းလိုအပ်တယ်။ ဖြစ်အောင်လည်း လုပ်ဖို့အတွက် ကျွန်တော်တို့ ပြင်ဆင်လုပ်ကိုင်နေပါတယ်'' ဟု ပြောသည်။

မေး။ ။ နအဖအစိုးရက ပြည်ထောင်စု ပြည်ထောင်စုဆိုပြီး ပြောနေတယ်။ တဘက်မှာလည်း အစိုးရအဖွဲ့ထဲမှာ ဘယ်တိုင်းရင်းသား ခေါင်းဆောင်မှ ဝန်ကြီး အမည်စာရင်းတင်သွင်းမခံရဘူး။ အဲဒီအပေါ်မှာကော အမြင် ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ ကျနော်တို့ ကြိုတင်ပြီးတော့လည်းဘဲ လွှတ်တော်တွေပေါ်လာမယ်။ အစိုးရသစ်တွေ ပေါ်လာမယ်။ ဒီပေါ်လာမဲ့ လွှတ်တော် အစိုးရသစ်ကနေပြီးတော့ ကျနော်တို့ တိုင်းရင်းသားများစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မဲ့ အခြေအနေ၊ ကြိုးပမ်းဆောင်ရွက်နိုင်မဲ့ အခြေအနေ ရှိမှာမဟုတ်ဘူးလို့ ကျနော် ကြိုတင်တွက်ခဲ့သလိုဘဲ အခုလည်းဘဲ လွှတ်တော်မှာ တိုင်းရင်းသားများနဲ့ ပတ်သက်လို့ ဖွဲ့စည်းပုံအရသော်၎င်း၊ ဒီလွှတ်တော်ရဲ့ ပေါ်ပေါက်လာတဲ့ နိုင်ငံရေး အခင်းကျင်း အရသော်၎င်း ကျနော်တို့ တိုင်းရင်းသားတွေ မပါလာတာ အပြင် တိုင်းရင်းသားတွေ ရပိုင်ခွင့် တိုင်းရင်းသားများရဲ့ အကျိုးကို ဖော်ဆောင်ပေးနိုင်လိမ့် မယ်လို့ မမြင်ပါဘူးခင်ဗျာ။

မေး။ ။ မြန်မာစစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားတွေနဲ့ စုပေါင်း တည်ဆောက်ထားတဲ့ တိုင်းပြည်ဖြစ်တယ်။ ဒီတိုင်းပြည်မှ တိုင်းရင်းသားတွေ အေးအတူပူမျှ ရှေးပဝေသဏီကတည်း ဥမကွဲ သိုက်မပျက် နေထိုင်လာကြတယ်လို့ ပြောပါတယ်။ ဒါပေမယ့် တိုင်းပြည်မှာ လုပ်ပိုင်ခွင့်တွေကျတော့ ဗမာအုပ်ချုပ်သူတွေကဘဲ လက်ဝါးကြီးအုပ် ရယူထားကြတယ်။ တိုင်းရင်းသားတွေမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အကုန်လုံး ဆုံးရှုံးနေကြရတယ်။ အဲဒီလို ပုံစံမျိုးနဲ့သွားရင် မြန်မာနိုင်ငံဟာ စစ်မှန်တဲ့ ပြည်ထောင်စုတစ်ခု ဖြစ်နိုင်မယ်လို့ မျှော်လင့်ပါသလား။

ဖြေ။ ။ ကျနော့်အနေနဲ့ကတော့ ဒီနေ့ မြန်မာနိုင်ငံဟာ ပြည်ထောင်စုအဖြစ် ထူထောင်ခဲ့တာ ၆၄ နှစ်မြောက် ပြည့်ခဲ့ပြီးပါပြီ။ အဲဒီတော့ တိုင်းရင်းသားအရေးနဲ့ ပတ်သက်လာလို့ရှိရင် ဖေဖော်ဝါရီလရောက်ပြီဆိုရင် ပြည်ထောင်စုစိတ်ဓာတ်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ ပြောကြတာပဲရှိတယ်။ တကယ်တမ်းမှာ ဒီလို အပြောသပ်သပ်နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထူထောင်ဖို့ဆိုတာ မဖြစ်နိုင်ဘူးခင်ဗျာ။ အဲဒီတော့ တကယ့် လက်တွေ့ကျကျ ဗိုလ်ချုပ်အောင်ဆန်းတို့ ချက်မှတ်ခဲ့တဲ့ ပင်လုံမူ ပင်လုံသဘောတူညီချက်တွေကို လက်တွေ့ အကောင်ထည်ဖော်မှသာ တကယ်စစ်မှန်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုလည်း ရမယ်။ ခေတ်မှီ နိုင်ငံတော်ကိုလည်း တည်ဆောက်နိုင်မယ်လို့ ကျနော့်အနေနဲ့ ပြောလိုတယ်။ နောက်တချက်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလို့ ပြောနေကြတဲ့၊ ရေးနေကြတဲ့ဟာတွေနဲ့ ပတ်သက်လို့ ပြောချင်တာ တခုရှိပါတယ်။ အဲဒီလို

စာမျက်နှာ ၁၈ ကော်လံ ၄

ပြန်လည်ရချင်သော အလွမ်းထဲမှာ

ခိုင်အောင်ကျော် (နယူးယောက်)

"ကျွန်တော်ရို့ ရခိုင်လူမျိုးက လွတ်လွပ်ရီးကို မလိုချင်သိမ့်လို့ထင်ပါရေ– ဇာဖြစ်လို့ဆိုကေ လွတ်လွပ်ရီးအတွက် တော်လှန်ရီးလုပ်နီရေစော်ကို အားပီးမှုမဟိကတ်သိမ့်ပါဒေ" ဒေစကားကို ပြောနီစော်မှာ ဗိုလ်ရာဇာက ရခိုင့်တပ်မတော် □□ မှာ စစ်ဦးစီးချုပ်ရာထူးနန့် ပြောနီစော်ပါယေ။ သူ့မျက်လုံးမှာ တက်ကြွနီကေလဲ ဒေစကားကိုတော့ မခံချင်မခံသာ ပြောဖြစ်ပါယေဒေ။

"ဂျပန်ခေတ် တော်လှန်ရီးဆိုစော် ဗမာတိနန့်ပေါင်းလို့ လုပ်စော်မဟုတ်ဘဲ ကိုယ့်ရခိုင်ပြည်က ဂျပန်တိကို နှင်ထုတ်စော်ဖြစ်တေ။ ယင်းပိုင် တော်လှန်ရီးလုပ်ခစော်ရေ ကိုယ့်ရခိုင်ပြည်ကို ကိုယ်က အုပ်ချုပ်ချင်လို့ ဖြစ်တေလို့ပြောပြဖူးပါယေ။"

ကျွန်တော် ကောင်းကောင်းမှတ်မိစော် စကားတခွန်းဟိပါရေ။ ဗိုလ်ရာဇာ ပြောရေစကား တခွန်းကိုပါ။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျွန်တော်ရို့ (□ ဌာနချုပ်ရုံးမှာ နီကတ်တေအခါက ဖြစ်ပါရေ။ ဗိုလ်ရာဇါက ဒေစကားကို သေသေချာချာ အရေးတယူပြောရေ စကားပါဒေ။ အခုတော့ ဗိုလ်ရာဇာလဲ အိန္ဒိယအစိုးရက ကောက်ကျစ်ယုတ်မာပြီး သတ်ပလိုက်လို့ ရခိုင်တော်လှန်ရီး အောင်ပွဲမရခင်မှာပင် ကျဆုံးလားခရပါဗျန်ကာ။

သူပြောရေစကားက ဒေပိုင်ပါဒေ။

"ကျွန်တော်ရို့ ရခိုင်လူမျိုးက လွတ်လွပ်ရီးကို မလိုချင်သိမ့်လို့ထင်ပါရေ– ဇာဖြစ်လို့ဆိုကေ လွတ်လွပ်ရီးအတွက် တော်လှန်ရီး လုပ်နီရေစော်ကို အားပီးမှု မဟိကတ်သိမ့်ပါဒေ" ဒေစကားကို ပြောနီစော်မှာ ဗိုလ်ရာဇာက ရခိုင့်တပ်မတော် □ မှာ စစ်ဦးစီးချုပ်ရာထူးနန့် ပြောနီစော်ပါယေ။ သူ့ မျက်လုံးမှာ တက်ကြွနီကေလဲ ဒေစကားကိုတော့ မခံချင်မခံသာ ပြောဖြစ်ပါယေဒေ။

ဗိုလ်ရာဇာ ပြောရေစကားကို ကောင်းကောင်း နားလည်ပါရေ။ ရခိုင်လူမျိုး ရခိုင်နိုင်ငံတော်ကို လွတ်မြောက်စီချင်လို့ တော်လှန်ရီးခေါင်းဆောင်တဦးအနီနန့် ဗိုလ်ရာဇာပိုင် လက်နက်အင်အား စုဆောင်းနိုင်သူ၊ တော်လှန်ရီး ရဲဘော်အင်အား စုဆောင်းနိုင်ခသူ၊ ငွေကြေးဝနအင်အား စုဆောင်းနိုင်ခသူ၊ နိုင်ငံခြား အစိုးရရှိနန့် ဆက်ဆံရီး ပြေပြစ်နိုင်ခသူ၊ တခြား မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားလူမျိုးရှိနန့် ရခိုင်လူမျိုး တော်လှန်ရီး သမိုင်းကို ဆက်စပ်ပီးနိုင်ခသူ ရခိုင်တော်လှန်ရီးမှာ မဟိပါသိမ့်ဒေ။

ယင်းပိုင် တော်လှန်ရီးခေါင်းဆောင်တဦးက ပြောရေစကားကို ကျွန်တော်လက်ခံဖြစ်ပါရေ။ အသိအမှတ်လဲ ပြုဖြစ်ခပါရေ။ ယေဇူးနန့် ယင်းကိစ္စနန့် ပါတ်သက်လို့ အများကြီး စကားပြောခကတ်ပါရေ။ ဆွေးနွေးဖြစ်ခကတ်ပါရေ။ ပြောဖြစ်ကတ်တေ စကားထဲမှာ အလှပလှ နီရာယူနီစော်က ညီညွတ်ရီး ဆိုရေစကားနန့် လက်နက်ကိုင် တပ်မတော်တခုတည်း၊ ပါတီတခုတည်း ရှိဖို့စော်ကအစ ကောင်းကောင်း ပြောဖြစ်ခကတ်ပါရေ။ တော်လှန်ရီး ခေါင်းဆောင်ကြီးတယောက်က သူ့အတွိအကြုံနန့် ပါတ်သက်ပြီးကေ ပြောနီရေစကားကို ကြည့်လိုက်တေအခါ စိစိပေါက်ပေါက် အခြီအနီတခုကို လားပနာ မြင်မိပါရေထော။ ယင်းချင့်က လက်နက်ကိုင်အဖွဲ့တိမှာ ရခိုင်လူမျိုးတိက အကွဲကွဲအပြားပြား ဟိနီရေပိုင် ပါတီတိကလဲ ကွဲပြားလို့ဟိနီရေအချိန်ပါဒေ။ ပြောကတ်တေအခါ ရခိုင်လွတ်လွပ်ရီးလို့ ပြောကတ်ကေလဲ စုလို့ပေါင်းလို့ မလုပ်နိုင်ကတ်စော်ကို မြင်ရေအခါ ဒေပိုင်စကားမျိုး ပြောဖြစ်စော်ပါယေ။

ဂျပန် တော်လှန်ရီးကို မြောက်ဦးမြို့နယ် ပဒေးကျေးရွာမှာ အယင်လုပ်ခရေ ရခိုင်တော်လှန်ရီး ခေါင်းဆောင် အခင်ဘုံပေါက်သာကျော်နန့် ၁၉၉၀ ခုနှစ် ရွှီးကောက်ပွဲကာလမှာ ကျွန်တော်ရို့ ကောင်းကောင်းဆုံဖြစ်ပါရေ။ ရခိုင်ပြည်သူ့ အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစုပါတီမှာ နာယကကြီးဖြစ်တေ အခင်ဘုံပေါက်သာကျော်က တခါတခါ ကျွန်တော့်ကို ဂျပန် တော်လှန်ရီးအကြောင်းနန့် စကားပြောပြဖူးပါရေ။ တခါတခါ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လွပ်ရီးအကြောင်းနန့် စကားပြောပြဖူးပါရေ။ ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရထဲမှာ တခြားလူတိ ဝန်ကြီးရာထူးရလားပြီးကေ နီရာ မရခစော်တိကိုပါ ပြောပြဖူးပါရေ။ ဂျပန်ခေတ်မှာ စစ်တွေမြို့အပါအဝင် တခြားမြို့တိကို အုပ်ချုပ်နိုင်ခစော်တိကိုပါ ပြောပြဖူးပါရေ။ စစ်တွေမြို့ကို ဆရာကြီး ဦးဘိုးမြစိန်က တာဝန်ယူ အုပ်ချုပ်ခနီစော်တိကိုလဲ ပြောပြဖူးပါယင့်။

အခင် ဘုံပေါက်သာကျော်က တပ်ပေါင်းစုရုံးကို လာဗျန်ဆိုကေ သမိုင်းအကြောင်းတိကို ပြောပြဖူးပါရေ။ ယင်းခါ မှတ်ထားမိရေ စကားတခွန်းကို သေသေချာချာ ခေါင်းထဲမှာ မှတ်ထားခပါရေဒေ။ **"ဂျပန်ခေတ် တော်လှန်ရီးဆိုစော် ဗမာတိနန့်ပေါင်းလို့ လုပ်စော်မဟုတ်ဘဲ ကိုယ့်ရခိုင်ပြည်က ဂျပန်တိကို နှင်ထုတ်စော်ဖြစ်တေ။ ယင်းပိုင် တော်လှန်ရီး လုပ်ခစော်ရေ ကိုယ့်ရခိုင်ပြည်ကို ကိုယ်က အုပ်ချုပ်ချင်လို့ ဖြစ်တေလို့ပြောပြဖူးပါယေ။"** ဂျပန်ခေတ်ပြီးလို့ ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံ လွတ်လွပ်ရီး ရလာရေအခါ ရခိုင်သားတိက ရောလို့ ပါလားခစော်ကိုလဲ သေသေချာချာ ပြောပြပါရေဒေ။ လက်ခံဖို့ကောင်းစော် တချက်ကတော့ခါ အခင်ဘုံပေါက်သာကျော်က ယင်း ပိုင် မြန်မာနိုင်ငံ လွတ်လွပ်ရီးရရေအချိန် အစိုးရဖွဲ့ရေအချိန်မှာ ရခိုင်ပြည်က လွတ်တော်ကိုယ်စားလှယ်အဖြစ်လဲ မဖြစ်ခရေပိုင် ဝန်ကြီးရာထူးလဲ မယူခစော်တခုကတော့ ရခိုင်တော်လှန်ရီးသမား တယောက်အနီနန့် အသိအမှတ်ပြုရပါဖို့ကာ။ ရခိုင် ဝန်ကြီးတိက ပြည်ထောင်စုအစိုးရအထဲမှာ ရခိုင်တိုင်းရင်းသားအဖြစ် ပါလားခစော်ကိုလဲ ပြောပြပါရေဒေ။ ပင်လုံစာချုပ် ဆိုစော်ကိုလဲ ပြောပြရေအခါ အလှပလှ ရခိုင်သားတိအဖို့ မှတ်ထားဖို့ကောင်းရေ စကားတခွန်းကိုလဲ ပြောပြပါရေ။ ပင်လုံစာချုပ် ဆိုစော် ရခိုင်သားနန့် တခုချေလဲမဆိုင် လို့ပြောပြစော်ပါရာ။ နောက်တခု ကတော့ခါ နိုင်ငံရီးသမားတယောက်အနီနန့် စစ်တွေထောင်ထဲမှာ ထောင်နှစ်ရှည် ကျနီခရေ လူတယောက်ဖြစ်ပါရာယေ။ ယေဇူးနန့်လဲ အခင် ဘုံပေါက်သာကျော်က "တော်လှန်ရီး ခရီးဝယ်" ဆိုရေ စာအုပ်ကို ရီးသားထုတ်ဝီခ ပါရေ။

တပ်ပေါင်းစုရုံးမှာ ယင်းပိုင် တော်လှန်ရီး ခေါင်းဆောင်ကြီးတိ လာကတ်တေအခါ ဗိုလ်ကြီး ကြာလှအောင်လဲ ကျောက်တော်မြို့က စစ်တွေကို ရောက်လာဗျန်ဆိုကေ မကြာမကြာ လာတတ်ပါရေ။ ယေ အခါ ဗိုလ်ကြီးကြာလှအောင်က ဂျပန်ခေတ် တော်လှန်ရီးအကြောင်းကို ပြောဗျန်ဆိုရေအခါ ကျွန်တော့်ရင်ထဲမှာ ကြက်သီးဖြန်းဖြန်း ထမိနီပါရေယေ။ အသက် ၈၀ ကျော်တန်းဝင် ဗိုလ်ကြီး ကြာလှအောင်ကို အရပ်သားဖြစ်နီကေလဲ တော်လှန်ရီး မျိုးချစ်ပုဂ္ဂိုလ်ကြီးတယောက်ဖြစ်လို့ ရခိုင်လူမျိုးတိက ဗိုလ်ကြီးဆိုစော်ကို စကားထဲမှာ ထည့်ပြောဖြစ်ပါရေဒေ။ ပန်းဘဲ လုပ်နီယင်းပင်း ရခိုင်လူမျိုးတိကို မတရားနှိပ်စက်မှုတိ သူ့ကျွန်ဖြစ်ရစော်တိကို သိမြင်လာရေအချိန်ခါ တော်လှန်ရီးသမား လုပ်ရစော်အကြောင်းတိကို ပြောပြရေအခါ ကောင်းကောင်း စိတ်ဓါတ်တက်ကြွမိခရပါရေ။ ယင်းပိုင် တော်လှန်ရီးအကြောင်းနန့် ပြောကတ်တေအခါ တော်လှန်ရီး ဟိသိမ့်ရေအတွက်နန့် ဆရာတော်ဦးစိန္တာ နောက်က ရဲဘော်ချေတယောက်ပိုင် လက်နက်ကိုင်တော်လှန်ရီးကို လုပ်ခရစော်ပါလို့ ပြောရေသူကတော့ခါ ရခိုင်ပြည် ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး ဦးကျော်ဇံရွှိးပါယေ။

ဥက္ကဋ္ဌကြီး ဦးကျော်ဇံရွှိး ပြောစော်စကားထဲမှာ တော်လှန်ရီး ဟိသိရေဆိုရေ စကားတခွန်း ပါလားခပါရေ။ ယင်းစကားကို တပ်ပေါင်းစုရုံးမှာ ကျွန်တော်က မီးရေအခါ အခုပိုင် ပြောပြပါရေဒေ။ "ဒုတိယ ကမ္ဘာစစ်ပြီးလို့ ဂျပန်က ဆုတ်ပြီးလားရေအခါ အင်္ဂလိပ်တိက ပြန်လို့တခါ မြန်မာနိုင်ငံကို အုပ်ချုပ်ပါရေ။ ယေဇူးနန့် ဒုတိယမှိ အင်္ဂလိပ်ပါးမှာ ရခိုင်နိုင်ငံက သူ့ကျွန်ဘဝကို ရောက်လားခပါရေ။ ဗမာ နိုင်ငံရီးသမားဖြစ်တေ အောင်ဆန်းရှိ့က အင်္ဂလိပ်တိနန့် ပေါင်းပနာ ရခိုင်တော်လှန်ရီးသမားတိက လက်နက်ကို အင်္ဂလိပ်ပါး အပ်ဖို့ခိုင်းရေအခါ ဆရာတော် ဦးစိန္တာက ယင်းချင့်ကို သဘော ပေါက်ပါရေဒေ။ ဇာဖြစ်လို့ဆိုကေ အောင်ဆန်းကို ရခိုင်ပြည်က လက်ခံကတ်စော်ကား မဟုတ်ပါယေ။ ယင်းအချိန်ခါက မြေပုံညီလာခံလုပ်တေအခါ အောင်ဆန်းက ရန်ကုန်က ဆင်းလာပနာ တရားဟောဖို့ ရောက်လာပါရေ။ ယင်းချင့်ကို ရခိုင်လူထုတိက လက်မခံဘဲ သံစည်တီးပနာ မောင်းထုတ်ခကတ်ပါရေ။ ယင်းမြေပုံညီလာခံမှာ အောင်ဆန်းက သိက္ခာမရှိဘဲ ပြန်လားခရေအတွက်နန့် **"မြီပွီးနန့်ရခိုင်မှာ အယင်သတ်ဖို့ ဆိုကေ ရခိုင်ကိုရာ အယင်သတ်ရဖို့လို့"** စကားကို ပြောခပါရေဒေ။ ယေဇူးနန့် ယင်းစကားကို ဗမာ နိုင်ငံရီးသမားတိက အစိုင်အဆက်လက်ခံပနာ ပြောဆိုနီကတ်စော်ပါရေဒေ။

ယင်းပိုင်ပြသနာတိ ဟိခကတ်လို့လဲ ဆရာတော် ဦးစိန္တာက အောင်ဆန်းရှိ့ကြောင့် လက်နက်ကို အပ်လိုက်ရဗျန်ဆိုကေ အင်္ဂလိပ်တိပါးမှာ အပ်ခြီရကေ ရခိုင်သားတိမှာ တော်လှန်ရီးဆိုစော် မျိုးဆက်ပြတ်လားဖို့ဗျန်ဖြစ်လို့ လက်နက်တိကို မအပ်ခကတ်ပါယေ။ ရခိုင်သားမှာ တော်လှန်ရီးဆက်ရန် ဟိသိမ့်ရေလို့ ကြေညာပြီးပနာ တောခိုဖို့ တောထဲကို ဝင်ခကတ်ပါရေလို့ ဆရာတော်နန့်အတူတူ တောခိုခရေ ယင်းအချိန်က လူပျိုချေဖြစ်တေ ဥက္ကဋ္ဌ ဦးကျော်ဇံရွှိးက ပြောပြဖူးပါရေဒေ။ ဒေနီရာမှာ ပြန်လို့ သုံးသပ်မိစော်က ရခိုင် တော်လှန်ရီးဆက်ရန် ဟိသိမ့်ရေလို့ ပြောစော်စကားပါဒေ။ ဒေပိုင် အမြော်အမြင်ကြီးမားရေ ဆရာတော်ဦးစိန္တာကြောင့် ရခိုင့်တော်လှန်ရီးဆိုစော် မျိုးဆက်မပြတ်ဘဲ အခုထက်ထိတိုင် လက်ဆင့်ကမ်းပနာ ဟိနီစော်မဟုတ်ပါလားယေ။ ဥက္ကဋ္ဌကြီး ဦးကျော်ဇံရွှိးကလဲ ရခိုင် ပြည်ကွန်မြူနစ်ပါတီလို့ နာမည်ခံခကေလဲ ရခိုင်သမတနိုင်ငံ ထူထောင်ဖို့ဆိုစော်စကားကို ၁၉၆၃ ခု နှစ် ဗိုလ်ချုပ်နေဝင်းလက်ထက် တော်လှန်ရီးအစိုးရနန့် သံတွဲမြို့ ငပလီကမ်းခြီ ဧည့်ရိပ်သာ အစည်း အဝေးခမ်းမဆောင်မှာ ပြည်တွင်း ငြိမ်းချမ်းရီးလုပ်တေအခါ အလှပလှ ကြေညာခပါရေယေ။

ဥက္ကဋ္ဌကြီး ဦးကျော်ဇံရွှိးက ယင်းပိုင်ကြေညာခစော်ကို ကျွန်တော်ရှိ့က အသဲထဲမှာ အူလှိုက်သဲလှိုက် လက်ခံခကတ်ပါရေ။ ဒေပိုင် ရခိုင်တော်လှန်ရီး ခေါင်းဆောင်တိ ရခိုင်နိုင်ငံရီး မျိုးချစ်ပုဂ္ဂိုလ်ကြီးတိက ရခိုင်သမတ နိုင်ငံထူထောင်ချင်ရေလို့ လက်တွိလဲ ပြောခရေပိုင် လက်တွိလဲ လုပ်ခကတ်တေအတွက် ရခိုင်နိုင်ငံတော်သမိုင်းမှာ မိပျောက်လို့ မရစော်တိပါဒေ။

၁၉၉၀ ခုနှစ် ဆိုစော် ရခိုင် နိုင်ငံရီးသမားတိ ဆုံစည်းရေနီရာ တခု အလှပလှဖြစ်ခပါရေ။ ယင်းချင့်မှာ သမတနိုင်ငံ ထူထောင်ဖို့အတွက် သီဒဏ် အကျခံရရေ ရှေ့နေကြီး ဦးအောင်စိန်သာလဲ တပ်ပေါင်းစုမှာ ဗဟိုကော်မီတီအဖြစ် တွိပါရေကာ။ ယေအခါ သီးခြား ရခိုင်သမတနိုင်ငံ ထူထောင်ဖို့လုပ်ခရေအခါ အဖမ်းခံခရစော်တိကို ပြောပြဖူးပါရေ။ ယေအခါ ဆရာ ဦးထိန်လင်းအကြောင်းကိုလဲ ပြောပြပါရေဒေ။ ဦးထိန်လင်းမှာ **ပုဏ္ဍား**ကျွန်းမြို့နယ် ပါတီယူနစ် ဥက္ကဋ္ဌ လုပ်ခပြီးကေ ယင်းရာထူးက ပြုတ်လားခရေအခါ ရခိုင်နိုင်ငံရီးသမားတိနန့် လက်တွဲဖြစ်ကတ်ပါရေ။ ရခိုင်ဒီမိုကရေစီ အဖွဲ့ချုပ်ရုံးမှာ ကျွန်တော်နန့် တွိရေအခါ မဲဆွယ်စည်းရုံးဖို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အတွက် **ပုဏ္ဍား**ကျွန်းမြို့နယ်မှာ အယင်ဆုံး စည်းရုံးရေး မဲဆွယ်တရား ဟောဖို့လုပ်ပါရေ။ ယေခါ စပါးထားကျေးရွာ၊ ဝါဘိုကျေးရွာကအစ အခြားကျေးရွာတိကိုပါ လားဖို့အတွက် ကျွန်



တော့်ကို ဆရာ ဦးထိန်လင်းက တရားဟောပီးဖို့ ခေါ်လို့ ကောင်းကောင်း မဲဆွယ် တရားဟောကတ်ရပါသိမ့်ရေ။ **ပုဏ္ဍား**ကျွန်းမြို့က ကိုအောင်လှသံ (သီးခြား သမတနိုင်ငံ ထူထောင်မှု–သီဒဏ်)နန့် ကိုချဒိုးရီ (သမဝါယမ ဦးစီး–ရီမြုပ်ကွယ်လွန်)ရှိ့ နှစ်ယောက်သား ကျွန်တော်ရှိ့ သတင်းကြားလို့လိုက်လာပါရေ။ ယေအခါ ဆရာဦးထိန်လင်းက သီးခြားရခိုင်သမတနိုင်ငံ ထူထောင်ဖို့ လုပ်ခလို့ အင်းစိန်ထောင်မှာ သီဒဏ် ပီးခံရပုံတိကို ပြောပြဖူးပါရေဒေ။

အခု (□ မှာ သတင်း အယ်ဒီတာ လုပ်နီရေ ဦးကျော်ဇံသာရှိ့လဲ ဦးထိန်လင်းနန့် သမတနိုင်ငံ ထူထောင်ဖို့စော်မှာ ထောင်ကျခရရေ လူတိမဟုတ်ပါလားယေ။

ဒေနီရာမှာ ကျွန်တော် ပြောချင်စော်က နှစ်ဆယ်ရာစု တော်လှန်ရီး မျိုးဆက်တိအနီနန့် သက်ကြီးဝါကြီး တော်လှန်ရီးသမားကြီးတိ –နိုင်ငံရီး မျိုးချစ်သမားကြီးတိက သိထားလိုက်ရရေ အချက် အလက်တခု ကတော့ခါ ရခိုင်နိုင်ငံတော်ကို ရခိုင်လူမျိုးတိက ပြန်လည် အုပ်ချုပ်ပိုင်ခွင့် ဟိဖို့စော်ကို ပြောပြခစော် တခုပါကားယေ။ အခုတော့ ဗိုလ်ကြီးကြာလှအောင်၊ ဥက္ကဋ္ဌကြီး ဦးကျော်ဇံရွှိး၊ ဘုံပေါက်သာကျော်၊ ဆရာ ဦးထိန်လင်းရှိ့ ကွယ်လွန်လားခကတ်ပါဗျန်ဒေ။ ဆရာတော်ဦးစိန္တာ ပျံလွန်တော်မူရေအခါ ရန်ကုန်က စစ်တွေမြို့ကို လေယဉ်ပျံနန့် ယူဆောင်လာရေအခါ လေယဉ်ပျံကွင်းမှာ ဒယောတောင် မဝတ်တတ်သိရေ ကျွန်တော်ရှိ့က လားလို့ကြိုဖူး

စာမျက်နှာ ၁၈ ကော်လံ ၁

ပြန်လည်ရချင်သော အလွမ်းထဲမှာ မှ အဆက်

ပါရေ။ ကျွန်တော်ရို့ရွာက လူကြီး တိက ဆရာတော်ဦးစိန္တာ ဆိုစော် ရခိုင် တော်လှန်ရီးသမားကြီးဖြစ်လို့ ကြိုဖို့လားရဖို့ ဆိုလို့ ကြိုဖူး ခစော်ကို အခုအချိန်ထိ အမှတ်ရနီ တုန်းပါသိမ့်။ စစ်တွေမြို့မှာ ကွယ်လွန်လားခရေ ဥက္ကဋ္ဌကြီး ဦးကျော်ဖွံ့ရွှီးနန့် အိမ်ရှင်မဖြစ်သူ အရီးဒေါ် မခင်ပုနန့် ကျွန်တော်ရို့မိသားစု ကောင်းကောင်း ရင်းနှီးပါရေဒေ။ ကွယ်လွန်လား ခစော်ကို ပြည်ပ ရောက်တေခါမှ သိရရေအတွက် ဝမ်းနည်းရပါရေဒေ။ အခင်ဘုံ ပေါက်သာ‌ကျော်ရို့ ကွယ်လွန်ခါလဲ မဟိ။ ဆရာဦးထိန်လင်း ကွယ်လွန် လားခါလဲ မဟိရေအတွက် အထူး ပင် ဝမ်းနည်းမိပါရေ။

ကျွန်တော်စိတ်ထဲမှာ တော်လှန်ရီးသမားကြီးတိစကား နိုင်ငံရီး မျိုးချစ်ပုဂ္ဂိုလ်တိစကားကို ရက်ပြတ်ကြားမိနီပါရေ။ ရခိုင် လွတ် လွပ်ရီး အဖွဲ့ (□ ကို တည်ထောင်ခရေ ဦးထွန်းရွှေမောင်ဆိုစော် ကျွန်တော်နန့် တရပ်ကွက်တည်းမှာ နီစော်ပါယေ။ တချိန်လုံး လက်ပွန်းတတီး နီခစော်ပါလို့ ပြောလို့ရပါရေ။ □ အဖွဲ့ကို ကချင်မှာဖွဲ့ပြီးကေ ရခိုင်ပြည်ဖက်ကို ဆင်းလာပြီး လက်နက်ကိုင်တော်လှန်ရီးကို လုပ်ခစော်တိကို သမိုင်းမှာ ဖျောက်လို့ကား မရပါကားယေ။ □ ဥက္ကဋ္ဌ ဦးထွန်းရွှေမောင် ကွယ်လွန်လားခရေသတင်း စစ်တွေက (နွား) ဦးသာထွန်းအောင် ကွယ်လွန်လားခဗျန်သတင်းကို ထိုတရက်နီက ပြည်တွင်းနန့် စကားပြောဖြစ်ရေအခါ ပြောပြလာကတ်ပါရေ။ အရောင်အမျိုးမျိုးနန့် လားခလုပ်ခနီကတ်ကေလဲ ကျွန်တော် သိရသလောက် ပြောရဖို့ဆိုကေ ဒေ ပုဂ္ဂိုလ်တိရေ သမိုင်းမှာ ရခိုင်လူမျိုးတိအတွက် အထင်အရှား သမိုင်းသက်သီပြခရေ လူတိပါရာယေ။

ယင်းပုဂ္ဂိုလ်တိမှာ ရခိုင်နိုင်ငံတော်ကို ပြန်လို့ရချင်ခရေ ဆန္ဒတခုကတော့ခါ အလှပလှ ဟိခပါရေယေ။ ဆန္ဒမပြည့်ဝခင်မှာပင် သီကျလားခပါဗျန်ဒေ။ ရခိုင်ပြည် လွတ်မြောက်ရီးပါတီ ဗိုလ်ခိုင်မိုးလင်း ကရင်ပြည်က လာခါ ရခိုင်ပြည်ကို မရောက်ခင် တိုက်ပွဲမှာ အာဇာနည်ပီပီ ကျဆုံးခလားခပါရေ။ ယေကေလဲ ဗိုလ်ခိုင်မိုးလင်း တည်ထောင်ခရေ လက်နက်ကိုင်ရဲဘော်တိက ဆက်လက်တော်လှန်ရီးကို ဦးဆောင်နီရေအတွက် တော်လှန်ရီး မျိုးဆက်မပြတ်ဘဲ ဟိနီပါသိမ့်ရေယေ။ ဒေနီရာမှာ ဗိုလ်ခိုင်မိုးလင်းရို့ ဆန္ဒမပြည့်ဝခင်မှာပင် ကျဆုံးလားရစော် ကောင်းကောင်းပင် ရခိုင်လူမျိုးတိအတွက် တန်ဖိုးဖြတ်မရရေ ဆုံးရှုံးမှုတခု ဖြစ်ပါရေဒေ။

ခုတော့ကာ ကျွန်တော့်စိတ်ထဲမှာ ရခိုင်လူမျိုးတိ သိနီကတ်ဗျန်နားလည်နီကတ်ဗျန်လို့ ထင်မိနီပါရေ။ ဇာဖြစ်လို့လဲဆိုကေ တိုးတက်နီရေခေတ်မှာ ရခိုင်လူမျိုးတိက ကမ္ဘာနန့်အပြိုင် ဆက်သွယ်မှု ယန္တယား အတိုင်းအတာတိကို သုံးစွဲနီကတ်ပါဗျန်ဒေ။ ဒေပိုင်စော်မျိုးကို ကောင်းကောင်းကြီး အသုံးချတတ်တေဆိုကေ ကျွန်တော်ရို့ တခုခုတော့ အခြီအနီကို ဖန်တီး နိုင်ဖို့လို့ ရှီးစင်းစွာ မှတ်နီပါရေဒေ။

ဗိုလ်ရာဇာပြောခရေ စကားတခွန်းဆိုစော် အခုအချိန်ထိ လို အပ်နီသိမ့်ရေလို့ ထင်မိပါရေ။ ယင်းစကားကို ကျွန်တော်လဲ မ ဖြည့်ဆည်းနိုင်ပါသိမ့်ဒေ။ လူတိကို ညီညွတ်ကတ်ပါ၊ စည်းရုံးကတ်ပါလို့ ပြောလို့ မရပါသိမ့်ပါဒေ။

အခုဆိုကေ ကျွန်တော်က အမေရိကနိုင်ငံ နယူးယောက်မြို့မှာ နီထိုင်ပါရေဒေ။ လွန်ခရေ ၂၀၁၀ ဒီ ဇင်ဘာလ–၃၁– ရက်နိက နယူးယောက်မြို့က ကုလသမဂ္ဂရုံးရှေ့မှာ ကိုလိုနီ ဖျက်သိမ်းရီးအတွက် ဆန္ဒပြပွဲကို လုပ်ခကတ်ပါရေ။ ယင်းချင့်မှာ ဆရာကြီး ဒေါက်တာအေးကျော်လဲ ပါပါရေဒေ။ ဆရာကြီး ဒေါက်တာအေးကျော်က အမျိုးသားစာပီဆုကို ရခရေ စာရီးဆရာကြီးတဦးပါချင့်။

ဆရာကြီး ဒေါက်တာအေးကျော် ဦးဆောင်ပြီးကေ ကျွန်တော်ရို့ ဒေပိုင်လားခရအခါ ကျွန်တော့်စိတ်ထဲမှာ မချင့်မရဲဖြစ်မိပါရေဒေ။ ကုလသမဂ္ဂရုံးရှေ့မှာ ကိုလိုနီဖျက်သိမ်းရီး တောင်းဆိုစော်ရေ ရခိုင် လွတ်လွပ်ရီးကို တောင်းဆိုစော် ဖြစ်ပါရေ။ ယင်းပိုင်ဆိုကေ ကျွန်တော်ရို့ရာ ရခိုင်လူမျိုး ဖြစ်နီစော်ပါလား။ နယူးယောက်မြို့မှာ နောက်ထပ်ရခိုင်လူမျိုးတိ ဟိပါ သိမ့်ရေကာ။ ယင်းပိုင်ဗျန် အခြားနိုင်ငံတိမှာလဲ ရခိုင်လူမျိုးတိ ဟိနီပါသိမ့်ရေကာ။ ကျွန်တော်ရို့နန့် လက်တွဲပနာ အားလုံးသူ ရခိုင်လူမျိုးတိက ရခိုင်လွတ်လွပ်ရီးကို တောင်းဆိုပွဲ မလုပ်သင့်လားလို့ မီးစရာဖြစ်နီပါရေထော။

ဆရာကြီး ဒေါက်တာအေးကျော်က အသက် ၇၆– ခုနှစ် ရောက်နီပါဗျန်ဒေ။ နောက်ထပ် ဇာလောက် အသက်ရှည်နိုင်ပါဖို့လဲချင့်– ဒေပိုင် ဆရာကြီးဒေါက်တာအေးကျော်က ဦးဆောင်နီရေအခါ နောက်က ရခိုင်လူမျိုးတိက စည်းရုံးပါဝင် လုပ်ခကေ မကောင်းပါလားယေ။ ကျွန်တော်ရို့ကလဲ အသက်–၆၂– နှစ် ရောက် နီပါဗျန်ဒေ။ ဇာလောက် အသက် ရှည်ပါဖို့လဲချင့်။

အမေရိကနိုင်ငံမှာ ဆရာကြီး ဒေါက်တာအေးကျော်နန့် ကျွန်တော်သီကျလားကေ ဇာသူက မပြီးပြတ်သိမ့်ရေ ဒေပိုင်တာဝန်မျိုးကို လုပ်ကတ်ပါဖို့လဲဂု–လို့ ကောင်းကောင်း စိုင်းစားမိပါရေကာ။ လောလောဆယ်မှာတော့ ဆရာကြီးပိုင် အသက်ကြီးရေ ဝါကြီးတယောက်ကိုတော့ ရခိုင်သားချေတိထဲက တချို့တလေတိက အားမနာပြောစော်ကိုတော့ မြင်တွိနီရပါသိမ့်ယေ။ ယင်းပိုင်စော်မျိုးကို မလုပ်ကတ်ကေ့လို့ ပြောချင်ပါရေဒေ။ ယင်းပိုင်စာရီးသားစွာ တိကိုလဲ တောင်းပန်ပါယင့်၊ မေတ္တာရပ်ခံ လိုက်ပါယင့်။

ဇာဖြစ်လို့ဆိုကေ အသက်ကြီး ဝါကြီးတိထဲမှာ ရခိုင်သမတ နိုင်ငံထူထောင်ဖို့ ရခိုင် နိုင်ငံတော်ကို ပြန်လည်ထူထောင်ဖို့ ကိုယ်နိုင်ငံကို ကိုယ်အုပ်ချုပ်ချင်ရေဆန္ဒ ဆရာကြီးမှာ ကောင်းကောင်း ဟိပါရေဝါ။ အသိပိုင်ညာ အတတ်ပိုင်ညာတိကို ကောင်းကောင်းကြီး ညွှန်ပြနီရေ ဆရာကြီးဒေါက်တာအေးကျော်မှာ ရခိုင်လူမျိုးတိကို ညီညွတ်စီချင်ရေ ဆန္ဒ ကောင်းကောင်းဟိပါရေယေ။ နောက်ပြီးကေ အခမ်းအနားတိုင်းမှာ ရခိုင်အမျိုးသားတေးခင်းဖြစ်တေ "ကိုယ့်ပြည်ကို ကိုယ်အုပ်ချုပ်မေ" ဆိုရေ တေးခင်းကိုရာ ဆရာကြီးက ဖွင့်မှ ကြေနပ်နီ သူပါယေ။

အခြားနိုင်ငံတိက ရခိုင်လူမျိုးတိကိုလဲ ရခိုင်အမျိုးသားတေးခင်းကိုရာ အခမ်းအနား တိုင်းမှာ ဖွင့်စီချင်ရေလို့ ပြောပြနီပါရေကာ။

ကျွန်တော် အမှတ်ရစော်ထဲမှာ ရခိုင် တော်လှန်ရီးမျိုးချစ်ပုဂ္ဂိုလ်ကြီးတိစကား။ မျိုးချစ် နိုင်ငံရီးသမားကြီးတိစကားကို ရက်ပြတ်သတိရမိနီပါရေဒေ။ ယေဖူးနန့်လဲ ဗိုလ်ရာဇာ ပြောရေစကားတခွန်းကို သတိရလို့ ဒေပိုင်စိုင်း စားမိစော်ပါယေ။

ရခိုင်လူမျိုးတိက လွတ်လွပ်ရီးကို လိုချင်ရေဆိုစော် အမှန်ပါလားချင့်။ ရခိုင်သား အချင်းချင်း ရခိုင်လူမျိုးပါလို့ ပြောဝံ့ကတ်ပါယင့်လားချင့်။ ရခိုင်နိုင်ငံတော်က ရခိုင်လူမျိုးပါလို့ ကိုယ့်စိတ်ကို ကိုယ်က ပြောဝံ့ပါယင့်လားချင့်။

အခုဆိုကေ ရခိုင်လူမျိုးတိရေ နှစ်ပေါင်း ၆၃ နှစ်တိုင်တိုင် ဗမာလက်အောက် ကျွန်သဘောက်ဘဝကို ရောက်နီစော် သိပါယင့်လားချင့်။ ဒေပိုင် ၆၃ နှစ် ကျွန်ဘဝကိုရောက်နီစော်က နီပနာ လွတ်မြောက်ဖို့အတွက် ညီညွတ်ကတ်ရဖို့ဆိုစော်ကို လုပ်ဖို့မသင့်ပါလားချင့်။ ပြောနီရုံနန့် မပြီးစော်မျိုး သိထားကေ လက်နက်ကိုင် တော်လှန်ရီးအတွက် တခုခု လုပ်ပီးရဖို့ဆိုစော်ကို မစိုင်းစားဘဲ နီသင့်ပါယင့်လားချင့်။

ပြည်ပမှာ ရောက်နီကတ်တေ ရခိုင်လူမျိုးတိမှာ အောက်သားတိနန့် ရှေပနာ နီရေအဖွဲ့ထဲက သတ္တိရှိရှိထွက်ပနာ ရခိုင်နိုင်ငံတော်က ရခိုင်လူမျိုးပါလို့ ပြောပြီးကေ ရခိုင်လူမျိုးတိကို ဦးဆောင်လားဖို့စော်ကို မစိုင်းစားဘဲ နီကတ်ပါဖို့သိမ့်လားလို့ စိုင်းစားမိနီပါရေဒေ။ ယင်းပိုင်ရာ ပြည်မှာဟိရေ ရခိုင်သားတိက အောက်သားတိပါရေအဖွဲ့ထဲက ထွက်လားကတ်ဗျန်ဆိုရေ အသံတိကို ကြားလားခကေ ရခိုင်လူမျိုးတိ အနီနန့် ကောင်းကောင်း အားရဝမ်းသာ ဖြစ်ကတ်ရပါဖို့လို့ ထင်မိပါရေထော။ ယင်းပိုင် ထွက်လားမှရာ ရခိုင်လူမျိုးပါလို့ ပြောလို့ရဖို့စော်ပါရာ။ မဟုတ်လို့ ဟိကေ ကိုယ့်စော်ကို ရခိုင်လူမျိုးတိရှေ့မှာခါ သူရဲကောင်းလိုလို တခြားလူမျိုးတိ ပါးမှာဆိုကေ တပည့်လိုလို လုပ်နီစော်တိက ရှက်ဖို့လဲ ကောင်းရေပိုင် ရခိုင်နိုင်ငံတော်က ရခိုင်လူမျိုးအတွက်လဲ သိက္ခာလဲ ကျပါရေကာ။

ယေဖူးနန့်လဲ ကျွန်တော် ပြန်လို့ အမှတ်ရမိနီရေ စကားတိကို လွမ်းမိပါရေဒေ။ ပြန်လို့ လိုချင်ရေ လွမ်းဖို့ကောင်းရေ ဒေစကားကို တခါချေလဲ မမိစော်ကတော့ အမှန်ပါဒေ။ ဇာဖြစ်လို့ဆိုကေ ပြန်လည်ရချင်သော အလွမ်းထဲမှာ။

ဆရာကြီး ဒေါက်တာအေးကျော်နှင့် ဆက်သွယ်မေးမြန်းခန်းမှ အဆက်

ရခိုင်စာသင်ရဖို့၊ ရခိုင်ပြည်မှာ ရခိုင်သမိုင်းကို သင်ရဖို့၊ ရခိုင်ပြည်မှာ တူရိယာ ဂီတသမိုင်းတွေကို လူငယ်တွေ နားလည်အောင် သင်ပေးရဖို့၊ အဲဒါဟာ ပြည်ထောင်စု ပြည်နယ်တခုရဲ့ အသွင်လက္ခဏာ တခုဖြစ်တယ်။ ထိုနည်းတူဘဲ ကရင်ပြည်နယ်မှာ ကရင်စာကို သင်ပေးရမယ်။ ကရင်ပြည်နယ်မှာ ကရင်သမိုင်းကို သင်ပေးရဖို့၊ ကရင်ပြည်နယ်မှာ ကရင်တွေရဲ့ ယဉ်ကျေးမှုတွေကို ပွင့်ပွင့်လင်းလင်း သင်ပေးရဖို့၊ အဲဒါမှ သာလျှင် ပြည်ထောင်စု မြန်မာနိုင်ငံ အစစ်အမှန် ဖြစ်ဖို့အခြေအနေတွေ ဖြစ်လာမယ်။ ပြည်ထောင်စု ဆိုတဲ့စကားမှာ အချက်သုံးချက်ရှိပါတယ်။ ဗဟိုက ချုပ်ကိုင်ထားတဲ့ အာဏာ၊ ဗဟိုက ချုပ်ကိုင်ထားတဲ့ အာဏာထဲမှာ ဘာတွေပါသလဲဆိုရင် ငွေ ထုတ်တဲ့ ငွေကြေးစနစ်ပါတယ်။ ငွေကြေးထုတ်တဲ့ စနစ်ကို ရခိုင် ပြည်နယ်က ထုတ်ခွင့်မရှိ။ နောက်တခုက ကာကွယ်ရေးကို ဗဟိုက ချုပ်ကိုင်တယ်။ နောက်တခုက နိုင်ငံခြားရေးပေါ်လစီကို ဗဟိုက ပေါ်လစီချပြီးတော့ လုပ်တယ်။ ဒီမှာ အရေးကြီးတဲ့ အချက်တခုက ဘာလဲဆိုလို့ရှိရင် ရခိုင်ပြည်နယ် အုပ်ချုပ်ရေးမှူးအောက်မှာ □ □□ ဆိုတာ ရှိတယ်။ □□□ ဆိုတာက ရခိုင်ပြည်ရဲ့ လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်တဲ့ တပ်ဖွဲ့။ အဲဒီ တပ်ဖွဲ့မှာ တောင်ကုတ်ကလည်း ပါတယ်။ ဂွကလည်း ပါတယ်။ သံတွဲကလည်းပါတယ်။ အမ်းကလည်း ပါတယ်။ ဒီလူတွေဟာ ဘယ်လောက် အရေးကြီးသလဲဆိုရင် ရခိုင်ပြည်နယ် လုံခြုံရေးတွင်မက ရခိုင်ပြည်ရဲ့ လူဝင်မှုကြီးကြပ်ရေးကိစ္စ လုံခြုံရေး၊ ရခိုင်ပြည်မှာ လေမှန်းတိုင်းတိုက်တယ်၊ ရေကြီးတယ် ဆိုလို့ရှိရင် ဒီ □□ □ တွေက ချက်ချင်းသွားပြီးတော့ အကူအညီပေးတယ်။ တကယ့် ပြည်ထောင်စု မြန်မာနိုင်ငံ အစစ်အမှန်ဖြစ်လာလို့ရှိရင် ဒီအသွင်လက္ခဏာတွေ အားလုံး ပေါ်လာဖို့ဖြစ်တယ်။

မေး။ စစ်မှန်တဲ့ ပြည်ထောင်စု ပေါ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူတွေအနေနဲ့ ဘာတွေ လုပ်ဆောင်သင့်ပါလဲ ဆရာကြီး။

ဖြေ။ ဗမာပြည်မှာ ၁၉၄၈ ခု လွတ်လပ်ရေး ရပြီးနေ့ကစလို့ တလမ်းမောင်းစနစ်ကိုဘဲ သွားနေတယ်။ တလမ်းမောင်းစနစ်ကို သွားနေတဲ့အတွက်ကြောင့် လမ်းဆုံးနေပြီ။ ယင်းမောင်းလာတဲ့ကားကို ကွေ့လို့လည်းမရ၊ ဖြောင့်လို့လည်းမရ၊ ရှေ့ကိုသွားလို့လည်း မဖြစ်နေတဲ့အတွက်ကြောင့် ဒီတလမ်းမောင်းစနစ်ကို ဖျက်ပြီးတော့ ဒီတလမ်းမောင်းစနစ်ကို ချုပ်ကိုင်ထားတာက မဟာဗမာဝါဒကို လက်ကိုင်ထားတယ်။ ဒီ မဟာဗမာဝါဒကို ပြုတ်အောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စစ်စစ်ဖြစ်ဖို့အတွက် အားလုံးသူ တိုက်ပွဲဝင်ရဖို့လိုတယ်။ တန်းတူရည်တူဖြစ်အောင် တောင်းဆိုရဖို့ဖြစ်တယ်။

မေး။ ဆရာကြီးအနေနဲ့ ရခိုင်ပြည်သူတွေကို ဘာတွေ ပြောလိုပါလဲ။

ဖြေ။ ရခိုင် ပြည်အနေနဲ့ အဓိက အချက်ဟာ အချက်နှစ်ခု ရှိပါတယ်။ နံပါတ် ၁ အချက်က ဘာလဲဆိုလို့ရှိရင် အမျိုးသားရေးလက္ခဏာအသွင်၊ ရခိုင်သားဟာ ရခိုင်ပုဆိုးကိုဝတ်ရဖို့၊ ရခိုင်သားဟာ ရခိုင်သမကိုလက်ထပ်ရဖို့၊ ရခိုင်သမလည်း ရခိုင်သားကိုလက်ထပ်ရဖို့၊ ရခိုင်သားကို ရခိုင်သားက မစောင့်ရှောက်ရင် တခြားလူမျိုးတွေက လာစောင့်ရှောက်စရာ အကြောင်းမရှိ၊ အဲဒါကြောင့် ရခိုင်သားကို ရခိုင်သားစောင့်ရှောက်ရဖို့၊ ရခိုင်သူတွေကို ရခိုင်သားစောင့်ရှောက်ရဖို့။ အခက်အခဲကျရင် ရခိုင်သားအပြင် ဘယ်သူလဲ မကူညီဆိုတာကို မှတ်ထားပါ။ သမိုင်းမှာ ရှိပါတယ်။ အဓိပ္ပါယ်က ရခိုင်သားကိစ္စကို ရခိုင်သားဦးဆောင်ရဖို့။ အဲဒါဟာ အမျိုးသားရေး အသွင်လက္ခဏာတခု၊ ရခိုင်ခေါင်းဆောင်တွေ ပြောချင်ပါတယ်။ ဘာပြောချင်သလဲဆိုရင် ကြံ့ဖွံ့မှာဘဲပါပါ။ တစည မှာဘဲ ပါပါ။ ရခိုင်သားဟာ ရခိုင်သားပါ။ ဘယ်အရောင် ဘယ်လိုဘဲ ဖြစ်နေဖြစ်နေ ရခိုင်သားတွေရဲ့ အကျိုးကျေးဇူးထဲမှာ ရောက်လာတဲ့အခါမှာ အားလုံးသူ လည်ပင်းဖက်ရဖို့။ လက်တွဲတယ်။ အတူတူဆောင်ရွက်တယ်၊ အကျိုးကို လိုလားတယ် ဆိုလို့ရှိရင် ကျွန်တော်တို့ အမိအဖ ကျေးဇူး၊ ရခိုင်ပြည်သူပြည်သားတွေရဲ့ ကျေးဇူးကို ဆပ်ရာ ရောက်တယ်လို့ ခေါင်းဆောင်တွေကို ပန်ကြားချင်ပါတယ်။ ပြောချင်ပါတယ်။

ဒုတိယ ပင်လုံညီလာခံနှင့် ပတ်သက်ပြီး ဦးအေးသာအောင်နှင့်မှအဆက်

ပြောတဲ့အခါမှာ ပြည်ထောင်စု စိတ်ဓာတ်၊ ပင်လုံစိတ်ဓာတ်လို့တော့ ပြောကြတယ်။ တကယ်တန်းမှာတော့ ဘယ်လိုဖြစ်နေသလဲဆိုရင် တပြည်ထောင်စနစ်ကို ပင်လုံစိတ် ဓာတ်ဆိုတဲ့ ပြည်ထောင်စုစိတ် ဓာတ်ဆိုတဲ့ သကာရည်လောင်းပြီးတော့ ပြောနေကြတယ်။ ရေးနေကြ တယ်လို့ဘဲ ကျနော့်အနေနဲ့ ပြောချင်တယ်။ အဲဒီလို တပြည်ထောင် စနစ်ကို ပင်လုံစိတ် ဓာတ် သကာ ရည်နဲ့လောင်းပြီးတော့ ပြောနေရုံ၊ ရေးနေရုံနဲ့ မဖြစ်ဘူးခင်ဗျာ။ တ ကယ့်တကယ်မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ချက်မှတ်ခဲ့တဲ့ ပင်လုံမူ၊ ပင်လုံ သဘောတူညီချက်ကို လက်တွေ့ အကောင်ထည်ဖော်မှသာ တကယ့်တိုင်းပြည်မှာ ငြိမ်းငြိမ်းချမ်း ချမ်းနဲ့ ပြည်တွင်းစစ်လည်း ရပ် စည်းမယ်။ တိုင်းရင်းသား ပေါင်းစုံလည်း သွေးစည်းညီညွတ်မယ်လို့ ကျနော့်အနေနဲ့ သုံးသပ်မိပါတယ်။ နောက်တချက်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေးလို့ ပြောတဲ့အခါမှာ မြန်မာနိုင်ငံမှာ ဗမာလူမျိုး တမျိုးတည်း နေထိုင်တဲ့ နိုင်ငံမ ဟုတ်ပါဘူး။ လူမျိုးပေါင်းစုံ နေထိုင်တဲ့အတွက်ကြောင်း အမျိုးသားရေးစိတ်ကိုလည်း ဖော်ဆောင်တဲ့ အခါမှာ ဗမာအမျိုးသား စိတ်ဓာတ်ရှိသလို တခြား ရှမ်းတို့ ကချင်တို့ ကယားတို့ ရခိုင်တို့စတဲ့ တိုင်းရင်းသားတွေရဲ့ စိတ်ဓာတ်ကိုလည်း ဖော်ဆောင်ပေးဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် ရှမ်းအမျိုးသားနေ့ မွန်အမျိုးသားနေ့တွေကို ကျင်းပခွင့် မရဘူးခင်ဗျာ။ ပန်းတိုင်း ပွင့်ပါစေ ဆိုသလို အမျိုးသားတိုင်း သူ့အမျိုးသားနေ့တွေကို ကျင်းပခွင့်ရဖို့ လိုပါတယ်။ အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံ ချစ်ကြည်ရင်းနှီးစေမည့် ပြည်ထောင်စု စိတ်ဓာတ်ကို လက်တွေ့ အကောင်ထည်ဖော်မှသာ တိုင်းရင်းသားပေါင်းစုံ ချစ်ကြည် သွေးစည်းညီညွတ်တဲ့ အမျိုးသားရေးဝါဒကို ထူထောင်နိုင်မယ်လို့ ကျနော့်အနေနဲ့ ပြောလိုပါတယ်။

အရှင်ပညာစာရအမှု ပြင်ဆင်မှုလျှောက်လဲချက်နေပြည်တော်တရားရုံးထိတင်သွင်းမှ အဆက်

နေမကြီးက ပြောသည်။

ဆရာတော် အရှင်ပညာစာရကို အစပိုင်းတွင် မာတုကာမနှင့် ဖေါက်ပြန်သည်ဟု စွပ်စွဲကာ အာဏာပိုင်များက ဖမ်းဆီးခဲ့သော်လည်း နောက်ပိုင်းတွင် တရားမဝင် နိုင်ငံခြားငွေကိုင်ဆောင်မှု၊ ညစ်ညမ်းခွေများ လက်ဝယ်ထားရှိမှု၊ စည်ပင်အက်ဥပဒေကို ချိုးဖေါက်ပြီး သာသနာပိုင်မြေများကို ငှားရမ်းမှု၊ ငွေကြေး အလွဲသုံးစားမှုစသည့် အမှုပေါင်း ၅ ခုဖြင့် ဒဏ်ငွေ တစ်သောင်းအပါအဝင် ထောင် ၈ နှစ်နဲ့ သုံးလ ချမှတ်ခဲ့သည်။

ဆရာတော်ကို ၂၀၁၀ ဇူလိုင်လ ၂၇ ရက်နေ့က ဖမ်းဆီးပြီး စက်တင်ဘာလ ၂၉ ရက်နေ့က စစ်တွေ ခရိုင်ရုံးက စွပ်စွဲချက် တစုံတရာခိုင်မာမှုမရှိဘဲ ထိုသို့ ထောင်ချခဲ့ခြင်းဖြစ်သည်။

ဆရာတော် ဖမ်းဆီးခံရ ပြီးနောက် ဆရာတော် ပြုစုပျိုးထောင်ခဲ့သော မဟာမုနိ ဗုဒ္ဓဝိဟာရမှ ကလေးငယ် ၁၀၀ ကျော်ကို ဗမာပြည်သို့ ပို့ဆောင်လိုက်ပြီး ဆရာတော် ရှာဖွေသိမ်းဆည်းခဲ့သော ရခိုင်ရှေးဟောင်း အမွေအနှစ်ပစ္စည်းများ အားလုံးကို သိမ်းယူသွားခဲ့သည်။ ဆရာတော်ထံမှ သိမ်းယူသွားခဲ့သော ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ပစ္စည်းများကို တစုံတရာ တရားရုံးတွင် တင်ပြခြင်းမရှိသည့်အပြင် ယခုအခါ အဆိုပါ ပစ္စည်းများအားလုံး ပျောက်ဆုံးနေကြောင်း သိရသည်။

Arakan Post
Monthly Journal
ရခိုင်သတင်းစဉ် 201
စာမျက်နှာ ၁၉

အီဂျစ် ဆန္ဒပြပွဲ လူ ၃၀၀ ကျော်သေဆုံး

၀၉၊ ၀၂၊ ၁၁

အီဂျစ်နိုင်ငံတွင် ဇန္ဒဝါရီလ ၂၅ ရက်နေ့မှစ၍ ဖြစ်ပွားခဲ့သော ဆန္ဒပြပွဲများတွင် ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား ပဋိပက္ခ ဖြစ်ပွားရာ အနည်းဆုံး ဆန္ဒပြသူ လူပေါင်း ၃၀၀ ကျော်သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂက ထုတ်ဖော်ပြောဆိုလိုက်သည်။

နှစ်ပေါင်း ၃၀ နီးပါး အုပ်ချုပ် လာခဲ့သော သမ္မတ ဟို့စ်နီ မူဘာရပ်ခ် (□□ ရာထူးမှ နှုတ်ထွက်ပေးရန် မြို့တော် ကိုင်ရိုရှိ တဟီရာလွတ်မြောက်ရေး ရင်ပြင်တွင် ဆန္ဒပြသူထောင် သောင်းချီပြီး ဆန္ဒပြခဲ့ရာတွင် လုံခြုံရေးတပ်များက တိုက်ခိုက်ခဲ့သဖြင့် ယခုကဲ့သို့ သေဆုံးရခြင်းဖြစ်သည်။

အီဂျစ်ပြည်သူများ၏ ၁၈ ရက်ကြာ ဆန္ဒပြမှုများကြောင့် နောက်ဆုံးတွင်း သမ္မတ မူဘာရက်မှာ အာဏာကိုစွန့်လွှတ်လိုက်ရပြီး သမ္မတ၏ အာဏာများကို စစ်တပ်သို့ လွှဲပေးလိုက်သဖြင့် သောင်းပေါင်းများစွာသော ပြည်သူများမှာ လမ်းမပေါ်ထွက်ပြီး အော်ဟစ်ပျော်ရွှင် အောင်ပွဲခံခဲ့ကြသည်။

လစ်ဗျား ဆန္ဒပြပွဲ လူ ၁၀၀ ကျော်သေဆုံး

၂၀၊ ၀၂၊ ၁၁

လစ်ဗျားနိုင်ငံတွင် ဖြစ်ပေါ်နေသော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲ ၅ ရက်မြောက်နေ့ထိ အစိုးရ တပ်ဖွဲ့များ၏အကြမ်းဖက်နှိမ်နှင်းမှုများကြောင်း အနည်းဆုံး လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ပြီ ဖြစ်သည်ဟု အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့က ပြောဆိုလိုက်သည်။

လစ်ဗျားနိုင်ငံ၏ ဒုတိယ အကြီးဆုံးမြို့ဖြစ်သော ဘန်ဂါဇီတွင် ဆန္ဒပြပွဲများအတွင်း သေဆုံးခဲ့သူများ၏ ဈာပနပွဲကိုလာကြသော ဆန္ဒပြလူအုပ်စုကြီးကို အစိုးရတပ်ဖွဲ့များက ပစ်ခတ်ပြီး နောက်ပိုင်း □ လူ့အခွင့်အရေး လေ့လာ စောင့်ကြည့်ရေးအဖွဲ့က ယခုကဲ့သို့ သေဆုံးသူအရေအတွက်ကို ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။

ဆန္ဒပြပွဲများ စတင်ခဲ့ပြီး နောက်ပိုင်းတွင် ဆန္ဒပြပွဲ အများစုမှာ ဘန်ဂါဇီနှင့် တခြား တိုင်းပြည်အရှေ့ပိုင်း မြို့များတွင်လည်း ဆန္ဒပြပွဲများ ဖြစ်ပွားနေသည်ဟု သိရသည်။

ယခု ဆန္ဒပြပွဲမှာ လစ်ဗျားနိုင်ငံကို နှစ်ပေါင်း ၄၀ နီးပါး အုပ်ချုပ်လာခဲ့သော ခေါင်းဆောင် မွမ်မာကဒါဖီ (□□ ၏ အစိုးရကို ဖြုတ်ချနိုင်ရေး အတွက် ဆန္ဒပြနေကြခြင်း ဖြစ်သည်။

မြို့တော် ထရီပိုလီတွင် ကဒါဖီ ဆန့်ကျင့်သော အဖွဲ့များနှင့် ထောက်ခံသူအဖွဲ့များအကြား ထိပ်တိုက် ရင်ဆိုင်မှုများတိုးပွားလာနိုင်ဖွယ်ရှိသည့်အတွက် နိုင်ငံတကာမှ လစ်ဗျားနိုင်ငံတွင် ရောက်ရှိနေကြသော မိမိတို့ နိုင်ငံသားများကို ပြန်လည်ခေါ်ယူနေကြပြီ ဖြစ်သည်။

''ရှင်သန်နိုးထအာရက္ခ'' နှင့် ''တွဲလက်ဂရုဏာ'' ဖြေဖျော်ပွဲမှ အဆက်

စင်တင်ဖြေဖျော်ပွဲကို ဒီဇင်္ဘာလ ၃၀ ရက်နေ့က ကျင်းပခဲ့ပြီး မင်း သားကြီး ဦးအောင်လွင်၊ ရုပ်ရှင် မင်းသားနေတိုး၊ ခန့်စည်သူနှင့် ရခိုင်အဆိုတော် ဒိုးလ်ရီအပါအဝင် တခြားအနုပညာရှင်များစွာ ပါဝင်ဖြေဖျော်ခဲ့ကြသည်။

အဆိုပါပွဲကို လူပေါင်း ၆၅၀၀ ကျော် လာရောက်အားပေးခဲ့ပြီး အောင်မြင်မှုများစွာ ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အလားတူ ရခိုင်အဆိုတော်များစုပေါင်းပြီး ဒီဇင်္ဘာလအတွင်းက စစ်တွေမြို့တွင် ''တွဲလက်ဂရုဏာ'' စင်တင်ဖြေဖျော်ပွဲတခုကို ပြုလုပ်ခဲ့ပြီး အလားတူ ရံပုံငွေ ရှာဖွေပွဲများကိုလည်း ပေါက်တော၊ ကျောက်တော်၊ မြောက်ဦးနှင့် မင်းပြားမြို့တို့တွင် ပြုလုပ်ခဲ့ကြသည်။

''တွဲလက်ဂရုဏာ'' ဖြေဖျော်ပွဲတွင် ဦးဆောင်ပါဝင်ခဲ့သူ တဦးဖြစ်သူ ကိုထွန်းလင်းအောင် (နွေဦး)က ယခုကဲ့သို့ ပြောသည်။

''ကျနော်တို့ အနုပညာညီအစ်ကိုမောင်နှမတွေ ဒီလ ၁၅ ရက်နေ့က အစည်းအဝေး တခုပြုလုပ်ပြီး ရရှိခဲ့တဲ့ရံပုံငွေတွေနဲ့ တခြား အဝတ်အထည်တွေ၊ သက်နံးတွေကို အလိုတော်ပြည့် ဆရာတော်ဆီကတဆင့် လှူဒါန်းလိုက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ခုလို မိမိတတ်ကျွမ်းတဲ့ အနုပညာနဲ့ ပြည်သူကို အလုပ်အကျွေး ပြုရတဲ့အတွက် အထူး နှစ်ထောင်းအားရဂုဏ်ယူပါတယ်။''

ဂီရိလေဘေးသင့် ပြည်သူ အများစုကို ပြန်လည် နေရာချထားနိုင်ရန်အတွက် အကူအညီများစွာ လိုအပ်နေဆဲဖြစ်ရာ အဆိုပါ ဖြေဖျော်ပွဲများမှာ ရံပုံငွေများမှာ တစုံတရာ အတိုင်းအတာထိ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပြည်တွင်းမှ လာသောသတင်းများတွင် ဖော်ပြသည်။

ငွေသွားညှစ်သည့် နစက သုံးဦး ဓါးခုတ်ခံရမှ အဆက်

တောဆေးရုံတွင် တင်ထားရ ကြောင်း သိရှိရသည်။

ထိုနောက် နာရီဝက်ကျော် ခန့်အကြာတွင် ပီအိုအီးစခန်းမှ နစက ၂၀ ကျော်ခန့် လက်နက်များ ကိုင်ဆောင်ကာ အခင်းဖြစ်ပွါးရာနေရာသို့ ရောက်ရှိလာကြပြီး၊ ဆောယော့ကော်ရိမ်၏ဇနီး အပါအဝင် သားသမီးများနှင့် သူပိုင်ဆိုင်သည့် ဂျစ်ကားနှစ်စီးကို ဖမ်းဆီးယူဆောင်သွားခဲ့ကြသည်။

အိမ်ထောင်ဦးစီး ဦးဆော့ယော့ကော်ရိမ်အပါအဝင် မိသားစုဝင်တစ်ချို့မှာ ထွက်ပြေးလွတ်မြောက်သွား ကြောင်းလည်းသိရှိရသည်။

အခင်းတွင် ပါဝင်ခဲ့သည့် နစက တစ်ဦး၏ အမည်မှာ နစက အဖွဲ့(၁) စစ်ဦးစီးဌာနမှ တပ်သား သန်းဇော်ဖြစ်ကြောင်း သိရှိရသည်။ ကျန်နှစ်ဦးနှင့် မှုခင်းအသေးစိတ်ကို အတည်ပြုနိုင်ရန် နိရိဆူရာမှ ဆက်လက်စုံစမ်းနေပါသည်။

မြောက်ဦးကို ဖြတ်သန်းဖေါက်လုပ်နေသည့် ရထားလမ်း ရွှေ့ဆိုင်းမှ အဆက်

များ အကြီးအကျယ် ပျက်စီးသွား သဖြင့် ဒေသခံများ ကန့်ကွက်ရာမှ ရထားလမ်းဖေါက်လုပ်မှုကို ရပ် တန့်ကာ လမ်းကြောင်းသစ်ကို ရွေး ချယ် ဖေါက်လုပ်ခဲ့ခြင်း ဖြစ်သည်။

ရခိုင် ပြည်နယ်အတွင်း ဖေါက်လုပ်နေသော ရထားလမ်းမှာ စစ်တွေမှအမ်းထိ ဖေါက်လုပ်နေသော လမ်းဖြစ်သော်လည်း တိုက်ရိုက် ရထားလမ်းကို ဖေါက်လုပ်ခြင်းမဟုတ်ဘဲ အပိုင်းလိုက် လမ်းပိုင်းများကို ဟိုတစ်ခုသည်တစ်ခု ဖေါက်လုပ်နေသဖြင့် ယခု ရထားလမ်းဖေါက်လုပ်မှုအပေါ် ဒေသခံများက သံသယဖြစ်နေကြသည်ဟု မြောက်ဦးလူငယ်မှ ဆက်ပြောသည်။

''အခု ရထားလမ်းကို ဖေါက်လုပ်တဲ့နေရာမှာ ကျောက်တော်မှာဆိုရင် မဟာမုနိမှာ လာဖေါက်ပြီးတော့ မြောက်ဦးမှာဆိုရင် မြောက်ဦးမြို့ရှေးဟောင်း ဘုရားပုထိုးတွေ ကျုံးတွေ မြို့ရိုးတွေ ရှိတဲ့နေရာကို လာဖေါက်တယ်။ ရထားလမ်းအတွက် အဓိက တံတားဖြစ်တဲ့ ကုလားတန်မြစ်ကို ဖြတ်ပြီး တည်ဆောက်မယ့် တံတားက အခုတောင် နေရာမသတ်မှတ်ရသေးဘူး။ အဓိက တံတားကိုကျရင် မလုပ်ဘဲနဲ့ သမိုင်းဝင် နေရာတွေကိုဘဲ ရထားလမ်းဖြတ်ဖေါက်နေတယ်ဆိုတော့ ဒေသခံ ရခိုင်ပြည်သူတွေက အခု ဖေါက်လုပ်နေတဲ့ ရထားလမ်းဟာ ရိုးရိုးသားသား လုပ်တာမှ ဟုတ်ရဲ့လားဆိုပီး အထူး သံသယဖြစ်နေကြပါတယ်။''

ယခုအသစ် ဖေါက်လုပ်ရန် ရွေးချယ်ထားသည့် ရထားလမ်းကြောင်းမှာလည်း ဘုရားပုထိုး အများအပြား ပျက်စီးနိုင်ပြီး မင်းစောမွန် ယာယီနန်းရာကုန်း အပါအဝင် ကိုးသောင်းဘုရားအနီးမှ ဖြတ်သန်း ဖေါက်လုပ်မည်ဖြစ်သဖြင့် ရထားလမ်း တုန်ခါမှုကြောင့် ကိုးသောင်းဘုရားကိုပါ ရေရှည်တွင် ပျက်စီးစေနိုင်သည်ဟု ဒေသအတွင်းက သုတေသီတစ်ဦးက ပြောသည်။

ရတပ ပါတီ ပြည်နယ်လွှတ်တော်တွင် အတိုက်အခံအနေဖြင့် ရပ်တည်မည်မဟုတ်မှအဆက်

ရတပ ပါတီသည် ရခိုင်ပြည် လွှတ်တော် မဲဆန္ဒနယ်မြေ ၃၄ နေရာတွင် ၁၈ နေရာ အနိုင်ဖြင့် အများစု အနိုင်ရရှိထားသော ပါတီဖြစ်သော်လည်း ရခိုင်လွှတ်တော်တွင် စစ်တပ်မှ ကိုယ်စားလှယ် ၉ ဦး ပါဝင်လာမည်ဖြစ်သဖြင့် ရခိုင်ပြည်နယ် လွှတ်တော်တွင် ကြံ့ခိုင်ရေးနှင့် စစ်တပ်က အင်အား အသာဖြင့် လွှမ်းမိုးသွားမည်ဖြစ်သည်။

''ကျွန်တော်တို့ ၁၈ နေရာ အနိုင်ရထားပေမယ့် စစ်တပ်က ကိုယ်စားလှယ်တွေနဲ့ဆိုရင် ကြံ့ခိုင်ရေးက ကျွန်တော်တို့ထက် အမတ်အရေအတွက် များသွားနိုင်ပါတယ်။ ဒါပေမယ့် လွှတ်တော်မှာ ကျွန်တော်တို့ကလည်း အမတ်အများစု ဖြစ်နေတော့ တစ်စုံတရာ ပြောရေးဆိုခွင့် ရှိရမှာပေါ့လေ။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးက ကျွန်တော်တို့ပါတီရဲ့ ပထမဆုံး လုပ်ဆောင်ရမယ့် အလုပ်ဖြစ်နေတော့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွက် လူထုကို မဆန့်ကျင်တဲ့ ဘယ် ဖွံ့ဖြိုးတိုးတက်မှုကို မဆို ကျွန်တော်တို့ ပူးပေါင်း ဆောင်ရွက်သွားမယ်။ လူထု အကျိုးကို ဆန့်ကျင်ရင်တော့ ကန့်ကွက်သွားပါ့မယ်''ဟု သူက ဆက်ပြောသည်။

''အဓိက ပေါ်ပေါက်လာမယ့် လွှတ်တော်ရဲ့ အခင်းအကျင်းကို ကြည့်ပြီးတော့ ကျွန်တော်တို့ ပြည်နယ် တိုးတက်ရေးအတွက် ဘာတွေ လုပ်နိုင်ကြမလဲဆိုတာကို ဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေလည်း ထွက်နေတော့ အဲဒီအချက်တွေအပေါ်မှာလည်း လွှတ်တော်အမတ်တွေ အနေနဲ့ ဘယ်လို ရပ်တည်နေထိုင်သွားကြမလဲဆိုတာကို ဆွေးနွေးဖြစ်ကြပါတယ်'' ဟု ဒေါက်တာအေးမောင်က ပြောသည်။

ရခိုင်ပြည်နယ် လွှတ်တော်တွင် ရတပ မှ ၁၈ နေရာ၊ ကြံ့ခိုင်ရေးမှ ၁၃ နေရာ၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီက ၂ နေရာနှင့် တစည ပါတီကတစ်နေရာ အနိုင်ရထားသည်။ နအဖ တပ်မတော်မှ ၉ နေရာနှင့် လူမျိုးစုနေရာမှ ချင်းတစ်နေရာ ပါဝင်မည် ဖြစ်သည်။

ဓါးပြကို ခုခံရန် လက်နက် ပြုလုပ်သူမှအဆက်

ဒေသခံ အရပ်ဘက်သတင်းများ၏ အဆိုအရ ရခိုင်ပြည်နယ် နယ်စပ်ဒေသများ ဖြစ်ကြသည့် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များတွင် ဓါးပြတိုက်မှုများ စိုးရိမ်ဖွယ်ရာ တိုးပွားလာနေသဖြင့် ထိုဒေသများအတွင်းရှိ လူနည်းစု ကျေးလက်တောရွာ အများစုမှာ ပြိုပျက်သွားရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း သိရှိရသည်။

ကျပ်သိန်း ၅၀၀ ကျော်ဖိုးရှိ ရွှေချောင်းများမှအဆက်

ဘင်္ဂလာမှရွှေများကို မြန်မာဘက်သို့ တရားမဝင် သယ်ယူနေကြသည်ဟု သိရသည်။

မြန်မာရွှေ တကျပ်မှာ ဘင်္ဂလာရွှေ တကျပ်အလေးချိန်ထက် အနည်းငယ်ကြီးသော်လည်း ရွှေဈေးမှာ များစွာကွာခြားနေသဖြင့် ဘင်္ဂလာမှရွှေများ မြန်မာကို တင်သွင်းရသည်မှာ တွက်ခြေကိုက်ပြီး အမြတ်များများ ရရှိကြောင်း ဒေသခံပန်းထိမ်ဆရာများက ပြောသည်။

ထိုသို့တရားခံ လွှတ်မြောက်သွားခဲ့ခြင်းကြောင့် ဘီဂျီ ဘီနယ်စပ်ဂိတ် တာဝန်ကျတပ် ဖွဲ့ဝင်များက ယမန်နေ့တွင် တခြားကုန်သည်များကို မြန်မာဘက်သို့ ကုန်ချခွင့် လုံးဝပိတ်ထားလိုက်ကြောင်း မြန်မာကုန်သည်များက ပြောသည်။

ယနေ့ ဇန္ဒဝါရီလ ၂၃ ရက်နေ့ ငွေလဲလှယ်နှုန်းမှာ ဘင်္ဂလာ ၁ တာကာ မြန်မာကျပ်ငွေ ၁၁ ကျပ်ပြား ၈၀ ဖြစ်သည်။

Arakan Post
Monthly Journal
ရခိုင်သတင်းစဉ် 201

''လွတ်လပ်ရေးကို လိုချင်ရင်''

အဲဒီတော့ကာ ခင်များတို့ဟာ လွတ်လပ်ရေးကိုလိုချင်ရင်၊ လွတ်လပ်ရေး ရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကိုလုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကိုလွတ်လပ်ရေးအရသာကို ခံစား စံစား ချင်ကြတယ်ဆိုရင်၊ အလုပ် လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်များတို့ ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ပြောခဲ့ချင်တယ်။ (ဗိုလ်ချုပ်အောင်ဆန်း)

နေတိုး အကယ်ဒမီရပြီ

ကိုစံလင်း

၂၃၊ ၀၁၊ ၁၁

ရခိုင်အမျိုးသား ရုပ်ရှင်မင်းသား ကိုနေတိုး ဇန္ဒဝါရီလ ၂၃ ရက်နေ့ပြုလုပ်သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲတွင် အမျိုးသားဇာတ်ဆောင်ဆု ရရှိသွားကြောင်း သိရသည်။

၂၀၀၉ ခုနှစ်အတွက် ရွေးချယ်ပေးအပ်သည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီ) ချီးမြှင့်ပွဲအား နေပြည်တော် မြို့တော်ခန်းမရှိ လေဟာပြင် ကဇာတ်ရုံတွင် ကျင်းပစဉ် ထိုသို့ အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို ချီးမြှင့်လိုက်ခြင်း ဖြစ်သည်။

ကိုနေတိုး အမျိုးသားဇာတ်ဆောင်ဆုရရှိသော ဇာတ်ကားမှာ '' မိုးညအိပ်မက်မြူ'' ဖြစ်သည်။

စစ်တွေ အိုးတန်းရပ်ကွက်မှ ကိုရွှေကျော်အောင်မှ '' မနေ့က အကယ်ဒမီပေးပွဲမှာ ကိုနေတိုး အကယ်ဒမီ ရရှိသွားတော့ အားလုံး ဝမ်းသာကြပါတယ်။ သူရဲ့တောက်ပြောင်တဲ့ သရုပ်ဆောင်မှုတွေကြောင့် အကယ်ဒမီ ရတယ်လို့ မြင်ပါတယ်'' ဟု ပြောသည်။

၂၀၀၉ ခုနှစ်အတွက် တခြား မြန်မာ့ရုပ်ရှင်ထူးချွန် အကယ်ဒမီဆုများတွင် ဇာတ်ကားဆုမှာ ဒါရိုက်တာ ဇင်ယော်မောင်မောင်ရိုက်ကူးသည့် ''ကြိုးကြာတောင်ပံခတ်သံ'' ဇာတ်ကားကငှင်း၊ ဒါရိုက်တာဆုကို ''ဇော်က ကနေသည်''ဇာတ်ကားဖြင့် ဒါရိုက်တာ

စာမျက်နှာ ၂ ကော်လံ ၁

ပြည်နယ်နှင့်တိုင်း ဝန်ကြီးချုပ်များကို စစ်အရာရှိနှင့် စစ်အရာရှိဟောင်းများကိုခန့်အပ်

၁၂၊ ၀၂၊ ၁၁

ဖေဖော်ဝါရီလ ၁၁ ရက်နေ့က တိုင်းနှင့်ပြည်နယ်ဝန်ကြီးချုပ်များကို သမ္မတ ဦးသိန်းစိန်မှ ခန့်အပ်လိုက်ရာတွင် ကြို့ခိုင်ရေးပါတီမှ စစ်အရာရှိများနှင့် စစ်အရာရှိဟောင်းများကို ရွေးချယ် ခန့်အပ်လိုက်ကြောင်း သိရသည်။

အဆိုပါ ဝန်ကြီးချုပ်များမှာ ရန်ကုန်တိုင်း ဦးမြင့်ဆွေ (ဗိုလ်ချုပ်ကြီးဟောင်း)၊ မန္တလေးတိုင်း ဦး အုန်းမြင့် (ဗိုလ်ချုပ်ကြီးဟောင်း)၊ တနသာရီတိုင်း ဦးခင်ဇော်(ဗိုလ်ချုပ်ကြီးဟောင်း)၊ စစ်ကိုင်းတိုင်း ဦးသာအေး (ဗိုလ်ချုပ်ကြီးဟောင်း)၊ ပဲခူးတိုင်း ဦးဥာဏ်ဝင်း(နိုင်ငံခြားရေး ဝန်ကြီးဟောင်း)၊ ဧရာဝတီတိုင်း ဦးသိန်းအောင် (သစ်တောဝန်ကြီး)၊ မကွေးတိုင်း ဦးဘုန်းမော်ရွှေ(ဗိုလ်ချုပ်ကြီးဟောင်း)၊ ကရင်ပြည်နယ် ဗိုလ်ချုပ်ဇော်မင်း၊ မွန်ပြည်နယ် ဦးအုန်းမြင့်(သတ္တုတွင်းဝန်ကြီး၊ ရခိုင်ပြည်နယ် ဦးလှမောင်တင် (ဗိုလ်မှူးကြီးဟောင်း)၊ ရှမ်းပြည်နယ် ဦးအောင်မြတ်(ခ)

စာမျက်နှာ ၂ ကော်လံ ၂

ရခိုင်စာပေသင်ကြားခွင့်ရရှိရေး လွတ်တော်တွင် ရတပ တင်သွင်းမည်

၂၈၊၀၁၊ ၁၁

ရခိုင်စာပေကို မူလတန်းအဆင့်တွင် သင်ကြားခွင့်ရရှိရေးအတွက် ရခိုင် တိုင်းရင်းသားများတိုးတက်ရေးပါတီမှ ရခိုင်ပြည်နယ် လွတ်တော်တွင် အဆိုတင်သွင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။စစ်တွေမြို့နယ် အထွေထွေ အတွင်းရေးမှူးလည်းဖြစ်၊ စစ်တွေ

စာမျက်နှာ ၂ ကော်လံ ၅

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ကြို့ခိုင်ရေးအမတ် ဦးလှမောင်တင်ကို ခန့်အပ်

၁၁၊ ၀၂၊ ၁၁

ရခိုင်ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ကြို့ခိုင်ရေးပါတီမှ အမ်းမြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မြေ ရခိုင်ပြည်နယ် လွတ်တော်အမတ် ဦးလှမောင်တင်ကို သမ္မတ ဦးသိန်းစိန်က ခန့်အပ်လိုက်ကြောင်း သိရသည်။

စစ်တွေမြို့နယ် ရတပ အမတ် ဦးအောင်မြကျော်က '' ဒီကနေ့ ဒုတိယနေ့ လွတ်တော်ကို စတင်တဲ့အခါ ကြို့ခိုင်ရေးက အမ်းမြို့နယ်အမတ် ဦးလှမောင်တင်ကို ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်လိုက်တယ်လို့ ကျေညာပါတယ်။ ပီးရင် ရခိုင်ပြည်နယ် ဝန်ကြီးဌာနကို ဌာန ၉ ခုနဲ့ ဖွဲ့ စည်းမယ်ဆိုပြီး ကျေညာပါတယ်'' ဟု ပြောသည်။

ရခိုင်ပြည်နယ်တွင် ပါဝင်မည့် ဝန်ကြီးဌာန ၉ ခုမှာ ကျန်းမာရေးနှင့်ပညာရေး ပေါင်း ဌာနတစ်ခု၊ လုံခြုံရေးနဲ့ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ စက်မှုနဲ့ အားကစား ဝန်ကြီးဌာန၊ လူမှုဖုံလုံရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ စီးပွားကူးသန်း ဝန်ကြီးဌာန၊ သားငါးနဲ့ စက်မှုလက်မှု ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

''ဒီနေ့မှာတော့ ဝန်ကြီးဌာနတွေကို ဘယ်သူတွေကို ခန့်အပ်တယ်ဆိုတာ မကျေညာသေးပါဘူး။ လွတ်တော်က နံနက် ၁၀ နာရီမှာစပြီး ၂၅ မိနစ်အကြာမှာ ပီးဆုံးသွားခဲ့ပါတယ်'' ဟု သူက ဆက်ပြောသည်။

ရခိုင်ပြည်နယ် ဝန်ကြီးဌာန ၉ ခုတွင် ရခိုင်တိုင်းရင်း သားများတိုးတက်ရေး ပါတီကို ၃ နေရာ ပေးမည်ဟု သတင်း ဖြစ်ပေါ်နေသော်လည်း မသေချာသေးကြောင်းနှင့် သမ္မတက ခန့်အပ်မည်ဖြစ်၍ ကြို့ခိုင်ရေးပါတီမှ သူများကိုသာ ခန့်အပ်ရန် အလားအလာ များနေကြောင်း သူက ပြောသည်။



မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်မှာ ၂၀၁၁ ခုနှစ် ဇန္ဒဝါရီလ ၄ ရက်နေ့က ၆၃ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ရခိုင်ပြည်နယ်မှာ စက်ရုံအလုပ်ရုံ တခုမှ မရှိသည့်အပြင် တိုင်းနှင့် ပြည်နယ် ၁၄ ခုတွင် အနိမ့်ကျဆုံးဖြစ်နေရခြင်းမှာ အုပ်ချုပ်သူများက လူမျိုးရေးအရ နှိမ်ထားရှိဖြစ်သည်ဟု လူပေါင်း ၇၇၄ ဦး မဲပေးရာတွင် ၅၇၃ ဦးမှ မဲပေးခဲ့ကြသည်။ (တဖက်ဖော်ပြပါ မဲစာရင်းကိုရှုပါ)

နိရဆရာသတင်းဌာနဟာ ခေတ်က ပခုံးပေါ်ကို တင်ပေးလိုက်တဲ့ အမျိုးသားရေးတာဝန်ကို တတ်နိုင်သလောက် ထမ်းရွက်နေတဲ့ သတင်းဌာနဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဩဂတ်စ်လဆိုရင် နိရဆရာရဲ့သက်တမ်း ၁၀ နှစ်ပြည့်ပါတော့မယ်။ ခုချိန်ထိ နိရဆရာသတင်းဌာနအနေနဲ့ ထမ်းဆောင်နေတဲ့ လုပ်ငန်းတွေကို ကြည့်မယ်ဆိုရင်

လစဉ်ထုတ် ရခိုင်သတင်းစဉ်၊ နေ့စဉ်ထုတ်ဝေနေတဲ့ အွိုင်လိုင်း အင်တာနက်သတင်းနဲ့ ဝက်ဘ်ဆိုက် နိရဆရာက တာဝန်ယူထုတ်လုပ်နေတဲ့ အပတ်စဉ် လွတ်လပ်သော မြန်မာ့အသံ (ရခိုင်အစီအစဉ်၊ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ညနေ ၈ နာရီခွဲက ၉နာရီအတွင်း တိုက်ရိုက်နားဆင်နိုင်ပါတယ်။ အခုတခါ နောက်ဆုံးအစီအစဉ်ကတော့ နိရဆရာ သတင်းဘဲဖြစ်ပါတယ်။ အစီအစဉ်ကိုတော့ ခေတ်မီတဲ့ နည်းပညာတွေနဲ့ တင်ဆက်ထားတာမို့ နိရဆရာရဲ့ အင်္ဂလိပ်ပိုင်းမှာရော မြန်မာပိုင်းမှာ ကြည့်ရှုနိုင်ပါတယ်။ နိရဆရာရဲ့ ၂၀၁၁ ပြက္ခဒိန်ကိုလည်း ထုတ်ဝေလိုက်ပါပြီ။ သတင်းဦးသတင်းဖျားတွေရရင် ပေးပို့ကြဖို့ မမေ့ကြပါနဲ့။ ဝေဖန်အကြံပြုလိုတယ်ဆိုရင်တော့ ကို ဆက်သွယ်ကြပါ။

ကျေးဇူးတင်ပါတယ်။